# ANNUAL REPORT
## 2024 - 2025




**THE CITIZENS' CHOICE**

(၃၃) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်

# Contents


## 01 Corporate Overview

- ကျွန်ုပ်တို့၏နှစ်ပတ်လည် အစီရင်ခံစာအကြောင်း
- ဥက္ကဋ္ဌ၏ အစီရင်ခံစာ
- ကျွန်ုပ်တို့အကြောင်း
- Milestones
- Mission, Vision, Values & Culture
- ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ
- ဘဏ်ခွဲများ

## 02 What we Offer

- Deposit
- Consumer Banking
- SME and Corporate Banking
- Trade Finance
- Treasury
- Digital Banking
- Business Partnerships
- Bancassurance
- International Money Transfer Services

## 03 Governance

- Corporate Governance
- Board Committees
- Board of Directors
- အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ
- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှု မူဘောင်
- လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေး

## 04 Shareholding

- ရန်ကုန်စတော့အိတ်ချိန်း(YSX)
- အစုရှယ်ယာပိုင်ဆိုင်မှုအခြေအနေ
- ထိပ်တန်းအစုရှယ်ယာရှင် (၂၀)ဦး

## 05 Key Highlights

- 2024-2025 Financial Highlights
- Business Highlights
- 2024-2025 Non-Financial Highlights
- Internal Activities Highlights

## 06 Directors and Audit Report

- ဘဏ်စာရင်းစစ်ဆေးခြင်းနှင့်လုပ်ငန်းများစစ်ဆေးခြင်း
- ဒါရိုက်တာများ၏အစီရင်ခံစာ
- V-Advisory Statuory စာရင်းစစ်အစီရင်ခံစာ

# ကျွန်ုပ်တို့၏
## နှစ်ပတ်လည်အစီရင်ခံစာအကြောင်း

လေးစားချစ်ခင်ရပါသော အစုရှယ်ယာရှင်များ၊ Stakeholder များနှင့် တန်ဖိုးထားလေးစားရသော မိတ်ဖက် အဖွဲ့အစည်းများခင်ဗျား

ယခင်နှစ်တွင်ရရှိခဲ့သော ကျွန်ုပ်တို့၏လုပ်ငန်းအောင်မြင်မှုကို ထင်ဟပ်ဖော်ပြနေသည့် ကျွန်ုပ်တို့ဘဏ်၏ နှစ်ပတ်လည်အစီရင်ခံစာအား ဂုဏ်ယူဝမ်းမြောက်စွာတင်ပြအပ်ပါသည်။ ဤအစီရင်ခံစာတွင် ဘဏ္ဍာရေးဆိုင်ရာ တောင့်တင်းခိုင်မာမှုအား ထင်ဟပ်နေသော အောင်မြင်မှုမှတ်တိုင်များနှင့် စိန်ခေါ်မှုများအပြင် ကျွန်ုပ်တို့အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်မှုကို ပုံဖော်ပေးနေသည့် အောင်မြင်မှုများအကြောင်းကို ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသားများဘဏ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေခြင်း၊ စွန့်ဦးတီထွင်သည့်လုပ်ငန်းများအား ပံ့ပိုးပေးခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ နှင့် စီးပွားရေးလုပ်ငန်းများအတွက် ငွေရေးကြေးရေးဆိုင်ရာအကျိုးအမြတ်များအား မြှင့်တင်ပေးခြင်း စသည်တို့ဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် ရှေ့တန်းမှ ရပ်တည်လျက်ရှိပါသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးအလေ့အထများအပေါ် အထူးအလေးပေးဆောင်ရွက်နေပြီး ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြု၍ ဝန်ဆောင်မှုအရည်အသွေးများ တိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်မှာ ခိုင်မာတောင့်တင်းသော ဘဏ္ဍာရေးကဏ္ဍသည် သာယာဝပြောသော နိုင်ငံတစ်ခု၏ ပင်မအုတ်မြစ်ဖြစ်သည်ဟူသော ယုံကြည်ချက်အပေါ်တွင် အခြေခံထားပါသည်။

ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ဘဏ်လုပ်ငန်းနယ်ပယ်၏ အမြဲဖြစ်ပေါ်ပြောင်းလဲနေမှုများမှတဆင့် ရရှိလာခဲ့သော အောင်မြင်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များနှင့် မဟာဗျူဟာကျသော ဆုံးဖြတ်ချက်များကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တီထွင်ဆန်းသစ်ထားသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ် လေ့လာသုံးသပ်ချက်၊ ဝန်ဆောင်မှုပေးနေသော လူမှုဝန်းကျင်များအပေါ် သက်ရောက်မှုနှင့် တန်ဖိုးများနှင့်ကိုက်ညီသော ဝန်ထမ်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ စသည်တို့ကိုလည်း မျှဝေဖော်ပြသွားမည်ဖြစ်ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံသူများနှင့် Stakeholder များအတွက် ယုံကြည်စိတ်ချရမှုနှင့် စိတ်ချလုံခြုံမှုရှိစေရန်အတွက် လိုက်နာဆောင်ရွက်မှု၊ တာဝန်ခံမှု၊ ထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဤအစီရင်ခံစာမှတဆင့် ကျွန်ုပ်တို့၏ အောင်မြင်မှုခရီးလမ်း၊ မျှော်မှန်းချက်နှင့် ဘဏ္ဍာရေးဆိုင်ရာ တောင့်တင်း ခိုင်မာမှုတို့ကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့၏အောင်မြင်မှုများကို ထပ်ဟပ်နေပြီးပိုမိုတောက်ပသော အနာဂတ်ကိုဦးတည်လျှောက်လှမ်းနေသည့် ဤခရီးလမ်းတွင် ဆက်လက်၍ အတူတကွ ပူးပေါင်းပါဝင်ကြပါစို့။




နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့တင်သွင်းသည့်
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအား အောက်ပါလင့်ခ်တွင် ရယူနိုင်ပါပြီ။

https://mcb.com.mm/annualreport

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

# ဥက္ကဋ္ဌ၏ အစီရင်ခံစာ



## ဦးတိုးအောင်မြင့်
ဥက္ကဋ္ဌ

**လေးစားတန်ဖိုးထားရပါသော အစုရှယ်ယာရှင်များခင်ဗျား**

ကျွန်တော်တို့ မြန်မာနိုင်ငံသားများဘဏ်လီမိတက်ရဲ့ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အစီရင်ခံစာမှာ ယခုလိုတင်ပြခွင့်ရရှိတဲ့အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး သုံးစွဲသူတွေရဲ့ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးအပ်နေချိန်မှာ စီးပွားရေးအရ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းခဲ့ရတာကြောင့် ဒီဘဏ္ဍာရေးနှစ်ကတော့ ခိုင်မာအားကောင်းပြီး တီထွင်ဆန်းသစ်မှုအပြည့်ရှိတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။

စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပေမယ့် “ဘဏ်နှင့် ပါဝင်ပတ်သက်သူများအားလုံးကို အကျိုးဖြစ်ထွန်း၍ နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေပြီး ဆန်းသစ်တီထွင်မှု၊ ဂုဏ်သတင်းကောင်းမွန်မှုနှင့် ရေရှည်ခိုင်မာ တောင့်တင်းသော ဘဏ်တစ်ခုဖြစ်လာစေရန်” ဆိုတဲ့ ကျွန်တော်တို့ဘဏ်ရဲ့ အနာဂတ်မျှော်မှန်းချက်ကို ပြည့်မီစေဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာရရှိခဲ့တဲ့ အောင်မြင်မှုတွေက ကျွန်တော်တို့ Management Team နှင့် ဝန်ထမ်းတွေရဲ့ လုံ့လဝီရိယအပြင် သုံးစွဲသူတွေနဲ့ ရှယ်ယာရှင်တွေရဲ့ ယုံကြည်စိတ်ချမှုတို့ကြောင့်လည်း ဖြစ်ပါတယ်။

ဒီဘဏ္ဍာရေးနှစ်ရဲ့ အဓိကအောင်မြင်မှုကတော့ ကျွန်တော်တို့ဘဏ်ရဲ့ ဘဏ္ဍာရေးအခြေအနေကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ ထိရောက်မှုအပြည့်ရှိတဲ့ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုတွေ၊ ချေးငွေများကို စနစ်တကျထုတ်ချေးမှုတွေရဲ့ အကျိုးရလဒ်ကြောင့် ဘဏ်၏ Non-Performing Loan (NPL) အချိုးမှာ သိသာစွာ ကျဆင်းလာခဲ့ကြောင်း ဝမ်းမြောက်စွာ အစီရင်ခံတင်ပြလိုပါတယ်။ ယခုလို ပိုင်ဆိုင်မှုပစ္စည်း အရည်အသွေး တိုးတက်လာတာက ဘဏ်ရဲ့ ဘဏ္ဍာရေးတည်ငြိမ်မှုကို တိုးလာစေရုံသာမက အနာဂတ်တွင် ရေရှည်တည်တံ့သော တိုးတက်မှုအတွက်လည်း အခြေခံကောင်းများ ဖြစ်စေပါတယ်။ ဒါကြောင့် ပါဝင်ပတ်သက်သူများအားလုံးအတွက် ကျွန်တော်တို့ရဲ့ကတိကဝတ်ကို ဖြည့်ဆည်းပေးနိုင်စေဖို့ ကောင်းမွန်တဲ့ လက်ကျန်ငွေ စာရင်းရှင်းတမ်းတစ်ခုဖြစ်လာစေရန်လည်း ဦးစားပေးဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ဘဏ်ရဲ့ ရင်းနှီးမြှုပ်နှံမှုအစုစု (Portfolio) ကို အမျိုးအစားစုံလင်စေရန်နဲ့ ငွေရေးကြေးရေးအရ ဖြေရှင်းဆောင်ရွက်ချက်မျိုးစုံဖြင့် ဈေးကွက်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါတယ်။ Retail နဲ့ Consumer Banking မှာလည်း အပ်နှံငွေစာရင်းတွေ၊ ချေးငွေဝန်ဆောင်မှုတွေ၊ Digital Banking နှင့် အာမခံဝန်ဆောင်မှုတွေကို တိုးမြှင့်ပေးအပ်ခဲ့ပါတယ်။ အသက်အာမခံနဲ့ အထွေထွေအာမခံဝန်ဆောင်မှုကုမ္ပဏီတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ပြီး Customer တွေအတွက် အသက်အာမခံနဲ့ အထွေထွေအာမခံဝန်ဆောင်မှုများ ပေးအပ်နိုင်ခဲ့ပြီး ငွေရေးကြေးရေးအရ စိတ်ချလုံခြုံမှုရရှိစေပြီး စိတ်ချမ်းသာမှုရရှိစေခဲ့ပါတယ်။

SME နဲ့ Corporate Banking ကဏ္ဍမှာလည်း eMSME Loan များ၊ JICA Two-Step Loan များနဲ့ MSME Two-Step Loan များစသည့် ဘဏ္ဍာရေးအစီအစဉ်တွေကတဆင့် မြန်မာနိုင်ငံစီးပွားရေးမှာ အဓိကကျတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို ပံ့ပိုးကူညီခဲ့ပါတယ်။ ဒီအစီအစဉ်တွေက စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေကို သင့်လျော်တဲ့ ငွေကြေးပံ့ပိုးမှုများပေးအပ်နေတာကြောင့် စီးပွားရေးလုပ်ငန်းတွေကို တိုးမြှင့်လည်ပတ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးတာကြောင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူဖြစ်စေခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေကို အတွေ့အကြုံကောင်းများရရှိစေပြီး လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ဖို့ ဆက်လက်လုပ်ဆောင်နေတာကြောင့် မဟာဗျူဟာမြောက် ဦးစားပေးအစီအစဉ်တစ်ခုအဖြစ် Digital Banking အား ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဘဏ်ရဲ့ Internet Banking Platform ကို စတင်ဆောင်ရွက်ပြီး တီထွင်ဆန်းသစ်ထားတဲ့ Mobile Banking Feature တွေကို CTZPay Super App မှာ ထည့်သွင်းအသုံးပြုနိုင်ခြင်းက App တစ်ခုတည်းဖြင့် စိတ်ချလုံခြုံ လွယ်ကူမှုအပြည့်ရှိတဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေ ပေးအပ်နိုင်သည့် အဓိကတိုးတက်မှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။ မြို့ပြနဲ့ ကျေးလက်ဒေသအားလုံးမှာ ငွေရေးကြေးရေးဝန်ဆောင်မှုတွေ တိုးမြှင့်ပေးအပ်လာချိန်မှာ ယခုလိုတီထွင်ဆန်းသစ်မှုတွေက မြန်မာနိုင်ငံကို ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သို့ ကူးပြောင်းလာချိန်မှာ ပံ့ပိုးကူညီပေးနိုင်ပါတယ်။

ယခုဘဏ္ဍာရေးနှစ်မှာ သုံးစွဲသူတွေကို အထူးသီးသန့်အကျိုးခံစားခွင့်တွေနဲ့ လျှော့ဈေးတွေပေးအပ်ရန်အတွက် လက်လီစီးပွားရေးလုပ်ငန်းနဲ့ ပညာရေးကဏ္ဍမှစပြီး ဧည့်ဝန်ဆောင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ စီးပွားရေး မိတ်ဖက်အဖွဲ့အစည်းပေါင်း ၁၃၀ ကျော်နဲ့ ပူးပေါင်းလက်တွဲပြီး Business Partnerships ကို အားကောင်းအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ International Remittance Network ကို ချဲ့ထွင်ထားတာကြောင့် ပြည်ပရောက်မြန်မာနိုင်ငံသားတွေက သူတို့ရဲ့မိသားစုတွေဆီသို့ လုံခြုံလျင်မြန်လွယ်ကူစွာ ငွေလွှဲပေးပို့နိုင်စေခဲ့ပါတယ်။

ကျွန်တော်တို့ဘဏ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနဲ့အညီ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်မှာ ဘဏ်ခွဲအသစ် (၂) ခုကို ထပ်မံ ဖွင့်လှစ်ပြီး Branch Network ကို အောင်အောင်မြင်မြင် ချဲ့ထွင်ခဲ့ပါတယ်။ ဒီလိုမျိုး ဘဏ်ခွဲအသစ်ထပ်မံဖွင့်လှစ်တာက မြန်မာနိုင်ငံတဝန်းလုံးက သုံးစွဲသူတွေကို ပိုမိုဝန်ဆောင်မှုပေးအပ်နိုင်သလို ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို လူထုဆီအရောက် ပေးအပ်လာနိုင်ပြီး တစ်နိုင်ငံလုံးတွင် ပိုမိုခိုင်မာအားကောင်းလာစေပါတယ်။

ကျွန်တော်တို့ဘဏ်ရဲ့ ဝန်ဆောင်မှုတွေနဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး ပံ့ပိုးကူညီမှုနဲ့ လူမှုအသိုင်းအဝန်းမှာ ကောင်းကျိုးရရှိလာမှုအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) နဲ့အညီ ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှု မူဘောင်ကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနဲ့ ဂုဏ်သိက္ခာရှိမှုတို့ပေါ် အလေးထား ဆောင်ရွက်ထားပြီး လုပ်ငန်းဆောင်ရွက်ချက်များအားလုံးမှာလည်း အမြင့်ဆုံးသော စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီအောင် လိုက်နာဆောင်ရွက်ထားပါတယ်။

နောင်လာမယ့် ဘဏ္ဍာရေးနှစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေချိန်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုတို့ကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပြီး သုံးစွဲသူတွေနဲ့လည်း ဆက်ဆံရေး ပိုမိုကောင်းမွန်လာမှာပဲဖြစ်ပါတယ်။ နည်းပညာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခြင်း၊ လူသားအရင်းအမြစ် ပိုမိုအားကောင်းလာစေခြင်းနဲ့ ဘဏ်ရဲ့ Stakeholder တွေအားလုံးရဲ့ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းပေးနိုင်တဲ့ ဝန်ဆောင်မှုတွေ တိုးမြှင့်ပေးအပ်ခြင်းတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစုရှယ်ယာရှင်လူကြီးမင်းတွေရဲ့ ဆက်လက်ယုံကြည်ပံ့ပိုးပေးမှု၊ သုံးစွဲသူတွေရဲ့ အမြဲတစေ အသုံးပြုမှုနဲ့ ဝန်ထမ်းတွေရဲ့ အားစိုက်ကြိုးပမ်းပေးမှုတွေအတွက် ဒါရိုက်တာအဖွဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ဒီနေရာမှာ ပြောကြားလိုပါတယ်။ ငွေရေးကြေးရေးအရ ခိုင်မာတောင့်တင်းပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ တာဝန်ယူမှုရှိတဲ့ ဘဏ်တစ်ခုဖြစ်လာစေရေးအတွက် ကျွန်တော်တို့အားလုံး အတူတကွ ဆက်လက်တည်ဆောက်သွားကြပါစို့။

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

# ကျွန်ုပ်တို့အကြောင်း

၁၉၉၂ ခုနှစ်၌ တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံသားများဘဏ် (“MCB”) သည် ကျွန်ုပ်တို့ တန်ဖိုးထားလေးစားအပ်သည့် အစုရှယ်ယာရှင်များထံသို့ အပ်နှင်းထားသော ကတိကဝတ်အတိုင်း မဆုတ်မနစ် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ သက်တမ်းအရှည်ကြာဆုံး ပုဂ္ဂလိကပူးသန်းရောင်းဝယ်ရေး ဘဏ်များထဲမှ ဘဏ်တစ်ခုဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဆုံးစာရင်းတင်ထားသည့် MCB ဘဏ်သည် ခိုင်မာမှုရှိသော ဘဏ္ဍာရေးအုတ်မြစ်နှင့် ကျွမ်းကျင်စွာ ဦးဆောင်ဦးရွက်ပြုနိုင်သည့် အဖွဲ့တစ်ဖွဲ့ဖြင့် ပါဝင်ဖွဲ့စည်းထားသောကြောင့် လက်ရှိအချိန်တွင် အရှိန်အဟုန်ကောင်းစွာ တိုးတက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ မတူကွဲပြားခြားနားသော အစုရှယ်ယာရှင်များပေါင်းစည်းပါဝင်မှု၊ အတွေ့အကြုံရှိသော Board of Director များနှင့် ကျွမ်းကျင်မှုပြည့်ဝသော Senior Management Team တို့၏ အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုနှစ်ခုလုံးတို့ကြောင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်ပြီးမြောက်စေပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ကျင့်ဝတ်ကောင်းများနှင့် ပွင့်လင်းမြင်သာမှုအပေါ်အခြေခံပြီး တည်ထောင်ထားသော အုပ်ချုပ်မှုဆိုင်ရာ မူဘောင်တစ်ခုဖြစ်လာစေပါသည်။ အစုရှယ်ယာရှင်များကို တန်ဖိုးထားပြီး စဉ်ဆက်မပြတ်တိုးတက်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် မမိုတ်မသုန် အာရုံစူးစိုက်လုပ်ဆောင်သွားမည်ဟု ကတိကဝတ်ပြုပါသည်။ သင့်ယုံကြည်မှုသည် ကျွန်ုပ်တို့အောင်မြင်မှု၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့် သင်၏စဉ်ဆက်မပြတ် ဆက်လက်ကူညီပံ့ပိုးပေးမှုအတွက် ကျွန်ုပ်တို့က စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

MCB ဘဏ်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများနှင့် ဝန်ထမ်းများအတွက် တာဝန်ယူမှုရှိသော ကုမ္ပဏီလီမိတက်တစ်ခုအဖြစ် လုပ်ငန်းဆောင် ရွက်နေပါသည်။ တမူထူးခြားသော လုပ်ငန်းစွမ်းဆောင်ရည်၊ စဉ်ဆက်မပြတ် တိုးတက်လာနေမှုနှင့် တာဝန်ခံမှုအပေါ် ခိုင်ခိုင်မာမာ အခြေပြုပြီး မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် ရှေ့ဆောင်ဘဏ်တစ်ခုအဖြစ် နေရာယူထားနိုင်ရန် ရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းရည်ရွယ်ချက်များ၊ တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးမှုများမှတဆင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်ရန်လည်း မျှော်မှန်းထားပါသည်။ ကျွန်ုပ်တို့၏ တိုးတက်များပြားလာသော သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ တီထွင်ဆန်းသစ်မှုရှိပြီး ပြိုင်ဆိုင်မှုအားကောင်းသော ငွေရေးကြေးရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ခြင်းကြောင့် MCB ဘဏ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတစ်ဝှမ်းရှိ မြို့ပေါင်း (၃၁) မြို့တွင် ဘဏ်ခွဲပေါင်း (၅၈) ဘဏ်ဖွင့်လှစ်ထားပြီး ခိုင်မာသောကွန်ရက်တစ်ခုကို ထူထောင်ထားပြီးဖြစ်ပါသည်။ မဟာဗျူဟာကျသောနေရာများတွင် ဖွင့်လှစ်ထားသည့် အဆိုပါဘဏ်ခွဲများက ကျွန်ုပ်တို့ Customer များကို မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများအား လွယ်လင့်တကူ ရယူအသုံးပြုနိုင်စေပါသည်။ ကျွန်ုပ်တို့က လူကိုယ်တိုင်ဖြစ်စေ၊ ဒစ်ဂျစ်တယ်နည်းဖြင့်ဖြစ်စေ နှစ်မျိုးစလုံးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိနေပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ဆက်သွယ်ရေးနည်းပညာနှင့် မိုဘိုင်းဘဏ်ဝန်ဆောင်မှုများ တိုးတက်လာစေရန်အတွက်လည်း တက်ကြွစွာ ဆောင်ရွက်နေပါသည်။ အင်တိုက်အားတိုက် တက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်စစ်စစ် ဝန်ထမ်းပေါင်း (၁,၀၀၀) ကျော်ပါဝင်နေသော ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ် တိုးတက်လာခြင်းသည် MCB ဘဏ်၏ အောင်မြင်မှုသော့ချက်ပင်ဖြစ်ပါသည်။ မတူကွဲပြားသော အရည်အချင်းများနှင့် ကျွမ်းကျင်မှုများ ပြည့်ဝနေသော အဆိုပါဘဏ်ဝန်ထမ်းများသည် ဖော်ရွေမှုအပြည့်ဖြင့် ထိရောက်မှုရှိသည့် Customer Service ၏ နောက်ကွယ်မှ ကူညီပံ့ပိုးပေးလျက်ရှိသော အင်အားများပင်ဖြစ်ပါသည်။ ဘဏ္ဍာရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် သင့်မျှော်မှန်းချက်များကို ပြည့်မီရုံသာမကဘဲ ကျော်လွန်နိုင်ခြင်းက အရေးကြီးကြောင်း ကျွန်ုပ်တို့သိရှိနားလည်သဘောပေါက်ပါသည်။

ကျွန်ုပ်တို့၏ ဘဏ်ခွဲကွန်ရက်နှင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေကြသော အဖွဲ့သည် အမြဲတစေ ပြောင်းလဲမှုများပြည့်နှက်နေသည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ဘဏ်၏ သုံးစွဲသူများက ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်စေရန် ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးရာတွင် ဟန်ချက်ညီညီ လုပ်ဆောင်နေပါသည်။ ပြောင်းလဲနေသော ဈေးကွက်အချက်အလက်များနှင့် လိုက်လျောညီထွေမှုရှိအောင် ဆန်းသစ်တီထွင်၍ သာလွန်ကောင်းမွန်စေရန် အခွင့်အလမ်းကောင်းများကို ဆုပ်ကိုင်ပြီး MCB ဘဏ်သည် ဘဏ်လုပ်ငန်းနယ်ပယ်၏ ထိပ်ဆုံးတွင်ရပ်တည်နိုင်စေရန် အတွက် ကျွန်ုပ်တို့အားလုံး ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြပါသည်။

ကျွန်ုပ်တို့၏ ကျယ်ပြန့်လာသော ဘဏ်ခွဲကွန်ရက်နှင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေကြသော ကျွမ်းကျင်ပညာရှင်များမှတဆင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကျွန်ုပ်တို့သုံးစွဲသူများ၏ သီးသန့်လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်သည့် ထူးခြားကောင်းမွန်သော ဘဏ္ဍာရေးဝန်ဆောင်မှုများကိုလည်း အကောင်းဆုံး ပေးအပ်လျက်ရှိနေပါသည်။ ကျွန်ုပ်တို့အပေါ်ထားရှိသော သင့်ယုံကြည်မှုသည် ကျွန်ုပ်တို့ဘဏ်၏ တိုးတက်မှုနှင့် အောင်မြင်မှု၏ အခြေခံအုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေပြီး မယိမ်းမယိုင်သော ကတိကဝတ်များဖြင့် သင့်အား ဝန်ဆောင်မှုကောင်းများပေးအပ်နိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်မျှော်လင့်လျက် ရှိနေပါသည်။



Myanmar Citizens Bank

Since 1992

# Indian Chamber of Commerce Special Recognition in Performance on Growth in Myanmar

2nd Emerging Asia BANKING AWARDS
AUGUST 23, 2024 | NEW DELHI, INDIA

ICC
INDIAN CHAMBER OF COMMERCE



# Milestones

## Road to Success

MCB
Myanmar Citizens Bank

### 1992
Commenced Banking Operation

### 1998
Class A share transferred to MOC

### 2003
International Banking Service

### 2007
E payment system for Trade License Fees

### 2012
Money Changer License

### 2015
Launched mobile money service 663

### 2016
JICA SME Two Step Loan

### 2017
Upgradation of IT Facilities and Implementation of T24 Core Banking Software

### 2018
Core Banking System Implementation

### 2020
Digital Transformation

### 2022
30th Anniversary

### 2023
Expanding Branch Network

### 2024
Launching MCB VISA Credit Card

## Our Vision

ဘဏ်နှင့် ပါဝင်ပတ်သက်သူများအားလုံးကို အကျိုးဖြစ်ထွန်း၍ နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေပြီး ဆန်းသစ်တီထွင်မှု၊ ဂုဏ်သတင်းကောင်းမွန်မှုနှင့် ရေရှည်ခိုင်မာတောင့်တင်းသော ဘဏ်တစ်ခုဖြစ်လာစေရန်။

## Our Mission

01 ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ခိုင်မာတောင့်တင်းသည့် ဘဏ္ဍာရေး စွမ်းဆောင်ရည်အားဖြင့် ဘဏ်တွင် ရင်းနှီးမြှုပ်နှံသူများအား အကျိုးဖြစ်ထွန်းအောင် ဖန်တီးခြင်း။

02 အကြီးစား၊ အလတ်စား၊ အသေးစားနှင့် တစ်ဦးချင်း သုံးစွဲသူစသည်ဖြင့် ကဏ္ဍအလိုက် ဘဏ်ဝန်ဆောင်မှုများပေးခြင်း။

03 ဘဏ်ခွဲများ၊ ကိုယ်စားလှယ်ဘဏ်ခွဲများနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်းများမှတဆင့် အလုံးစုံသော ဘဏ္ဍာရေးအခန်းကဏ္ဍများအတွက် ဘဏ်ဝန်ဆောင်မှုအား မြှင့်တင်ဆောင်ရွက်ခြင်း။

04 စွမ်းဆောင်ရည်မြင့်မား၍ စိတ်ချယုံကြည်ရပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းများအား ခန့်အပ်ခြင်းနှင့် ပြုစုပျိုးထောင်ပေးခြင်း။

05 ဘဏ်၏သုံးစွဲသူများနှင့် ဘဏ်တွင်းလုပ်ငန်းစဉ်များအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အဦအား တည်ဆောက်ခြင်း။

## Our Values

- မိမိ၏ အသက်မွေးဝမ်းကြောင်းအနေဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်မှုအား တန်ဖိုးထားခြင်း။
- ဝန်ထမ်းအချင်းချင်း အပြန်အလှန် လေးစားမှုအား တန်ဖိုးထားခြင်း။
- ယုံကြည်စိတ်ချရမှုနှင့် ရိုးသားဖြောင့်မတ်မှန်ကန်မှုအား တန်ဖိုးထားခြင်း။
- မတူညီမှုများကို လက်ခံပြီး တန်းတူအခွင့်အရေးရရှိမှုအား တန်ဖိုးထားခြင်း။
- ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုအား တန်ဖိုးထားခြင်း။



## Our Culture

- ရလဒ်ကို အခြေခံသော လုပ်ငန်းစွမ်းဆောင်ရည်အား မြှင့်တင်ပေးခြင်း။
- ဝန်ထမ်းများ၊ လုပ်ငန်းစဉ်များနှင့် နည်းစနစ်များအား တပြိုင်တည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း။
- သုံးစွဲသူ၏ လိုအပ်ချက်ကို အခြေပြုစဉ်းစား ဆောင်ရွက်ခြင်း။
- အဖွဲ့လိုက်လုပ်ဆောင်ခြင်း။
- ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း။
- စိန်ခေါ်မှုများအား တိုးတက်မှု အခွင့်အလမ်းများအဖြစ် လက်ခံခြင်း။
- ကျင့်ဝတ်များကို လိုက်နာပြီး ယုံကြည်စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများပေးခြင်း။
- လုပ်ဆောင်မှုတိုင်းတွင် အကျိုးအမြတ်ကို တွေးမျှော်၍ လုပ်ဆောင်ခြင်း။
- ဒစ်ဂျစ်တယ်နည်းပညာကို ဦးစားပေးအနေဖြင့် အသုံးပြုရန် အားပေးခြင်း။
- စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း။

# ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

ကျွန်ုပ်တို့ MCB ဘဏ်၏ အနာဂတ်မျှော်မှန်းချက် တစိတ်တဒေသအဖြစ် နောက်လာမည့် (၅) နှစ်တွင် အောင်မြင်အောင် ဆောင်ရွက်ရမည့် မဟာဗျူဟာပန်းတိုင် (၆) ခုအား ချမှတ်ထားပြီးဖြစ်ပါသည်။ ဈေးကွက်တွင် ခိုင်မာစွာ ရပ်တည်နိုင်စေရန်၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နှင့် ပါဝင်ပတ်သက်သူများအားလုံးကို တမူထူးခြားကောင်းမွန်သည့် တန်ဖိုးထားမှုများ ပံ့ပိုးပေးအပ်နိုင်ရန် ဤမဟာဗျူဟာမြောက်ပန်းတိုင်များအား ချမှတ်ထားခြင်းဖြစ်ပါသည်။

## Myanmar Citizens Bank's Strategic Goals




ဤမဟာဗျူဟာမြောက် ဦးစားပေးဆောင်ရွက်ချက်များသည် ကျွန်ုပ်တို့ MCB ဘဏ်အား စဉ်ဆက်မပြတ် တိုးတက်လာပြီး ရှယ်ယာဝင်များကို အကျိုးဖြစ်ထွန်းစေ၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အပံ့ကောင်းများဖြစ်လာစေမည်ဖြစ်ပါသည်။

### (၁) လက်ကျန်ငွေစာရင်းရှင်းတမ်းအရ ထိပ်တန်း (၇) ဘဏ်တွင် ပါဝင်လာနိုင်ရန်။

အပ်နှံငွေများ၊ ချေးငွေများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် မျှော်မှန်းထားသည့်အတိုင်း တိုးတက်ရရှိစေခြင်းဖြင့် ကျွန်ုပ်တို့ဘဏ်၏ လက်ကျန်ငွေစာရင်းရှင်းတမ်းကို တိုးတက်ကောင်းမွန်လာစေရန် မျှော်မှန်းထားပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူများအပေါ် အလေးထားဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုများစွာ တိုးမြှင့်ပေးအပ်ခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် Retail နှင့် Corporate Banking နှစ်ခုစလုံးအား အလေးထားဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

### (၂) အမြတ်အစွန်းရရှိသည့် ဘဏ်တစ်ခုဖြစ်လာစေရန်။

MCB ဘဏ်အနေဖြင့် ဝင်ငွေရလမ်းများ တိုးတက်လာရန်၊ ကုန်ကျစရိတ်များကို ထိန်းညှိနိုင်စေရန်နှင့် ထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးလုပ်ဆောင်ချက်များကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အမြတ်အစွန်းများစွာရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံခြင်း၊ အတိုးနှုန်းမပေးရသော ဝင်ငွေတိုးလာစေခြင်း၊ အမြတ်အစွန်းပုံမှန်ရရှိစေရေးအတွက် ကုန်ကျစရိတ်များကို ထိန်းချုပ်နိုင်ရန် နည်းလမ်းကောင်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

### (၃) လက်ကျန်ငွေစာရင်းအရည်အသွေးအရ ထိပ်တန်း (၃) ဘဏ်တွင် ပါဝင်လာနိုင်ရန်။

ကျွန်ုပ်တို့ MCB ဘဏ်သည် ပိုင်ဆိုင်ပစ္စည်းအရည်အသွေးများကို တိုးမြှင့်ခြင်း၊ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ လုံလောက်သော ငွေဖြစ်လွယ်မှုနှင့် မတည်ငွေရင်းအား ကောင်းစွာထိန်းသိမ်းထားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ခိုင်မာအားကောင်းသော လက်ကျန်ငွေစာရင်းရှင်းတမ်းတစ်ခုကို ထိန်းသိမ်းထားရန် သံန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ကျွန်ုပ်တို့ဘဏ်၏မျှော်မှန်းချက်မှာ ငွေရေးကြေးရေးဆိုင်ရာ အမြင့်ဆုံးစံသတ်မှတ်ချက်များကိုလိုက်နာကျင့်သုံးနေစဉ်အတိုးအရင်းပေးဆပ်ရန်ပျက်ကွက်သောချေးငွေ(NPL)အချိုးများကိုအနည်းဆုံးသို့ရောက်ရှိအောင်ထိန်းသိမ်းရန်ဖြစ်ပါသည်။

### (၄) နည်းပညာစွမ်းဆောင်ရည်မြင့်မားသော ဘဏ်ဖြစ်လာစေရန်။

ကျွန်ုပ်တို့ MCB ဘဏ်အနေဖြင့် ခေတ်မီဆန်းသစ်သော ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန်၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုံးစွဲသူများ၏ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် တီထွင်ဆန်းသစ်မှုအပြည့်ရှိသော ဝန်ဆောင်မှုများအား မိတ်ဆက်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာ ဘဏ်လုပ်ငန်းကဏ္ဍတွင် မှတ်တိုင်သစ်စိုက်ထူနိုင်မည့် လွယ်ကူလျှင်မြန်၍ စိတ်ချလုံခြုံထိရောက်မှုရှိသော ဘဏ်လုပ်ငန်းအတွေ့အကြုံကောင်းများအား ပံ့ပိုးပေးနိုင်ရန်ဖြစ်ပါသည်။

### (၅) ဘဏ်လုပ်ငန်းကဏ္ဍတွင် အကောင်းဆုံးသော လုပ်ငန်းရှင်ဖြစ်လာစေရန်။

MCB ဘဏ်အနေဖြင့် ကျွန်ုပ်တို့ဝန်ထမ်းများသည် ကျွန်ုပ်တို့အတွက် အဖိုးတန်သောပိုင်ဆိုင်မှုဖြစ်ကြောင်း နားလည်လက်ခံလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်သော လစာနှင့် အကျိုးခံစားခွင့်များပေးအပ်ခြင်း၊ ဝန်ထမ်းများ၏ အတတ်ပညာနှင့် အတွေ့အကြုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းခွင်ကောင်းတစ်ခုဖြစ်လာစေရန် ဖန်တီးပုံဖော်ပေးခြင်းများဖြင့် သာလွန်ကောင်းမွန်သော ယဉ်ကျေးမှုတစ်ခု တည်ဆောက်ပျိုးထောင်သွားမည်ဖြစ်ပါသည်။

### (၆) သုံးစွဲသူများ၏ ရွေးချယ်စရာ ဘဏ်တစ်ခုဖြစ်လာစေရန်။

ကျွန်ုပ်တို့ MCB ဘဏ်သည် သင့်လျော်ကိုက်ညီမှုရှိသော ဖြေရှင်းဆောင်ရွက်နည်းများနှင့် သုံးစွဲသူတစ်ဦးချင်းစီအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံကောင်းများဖြင့် သာလွန်ကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်ခြင်းဖြင့် သုံးစွဲသူများ၏ ပထမဦးစားပေးရွေးချယ်စရာ ဘဏ်ဖြစ်လာစေရေးအတွက် မျှော်မှန်းလုပ်ဆောင်နေပါသည်။ သုံးစွဲသူများနှင့် ခိုင်မာသော ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုများ တိုးတက်လာအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ရေရှည်ခိုင်မာတည်တံ့သော ယုံကြည်စိတ်ချမှုနှင့် သစ္စာရှိမှုတို့ကို တည်ဆောက်ရန် ရည်ရွယ်ထားပါသည်။

# မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MCB ဘဏ်ခွဲများ




## ကချင်ပြည်နယ်

- မြစ်ကြီးနား ဘဏ်

## မန္တလေးတိုင်း

- မန္တလေး ဘဏ် (၁)
  မန္တလေး ဘဏ် (၂)
  မန္တလေး ဘဏ် (၃)
  မန္တလေး ဘဏ် (၅)
  မန္တလေး ဘဏ် (၆)
  မန္တလေး ဘဏ် (၇)
  ကျောက်ပန်းတောင်း ဘဏ်
  ကျွဲဆည်ကန် ဘဏ်
  မြင်းခြံ ဘဏ်
  ပြင်ဦးလွင် ဘဏ်
  ကျောက်ဆည် ဘဏ်
  မိတ္ထီလာ ဘဏ်

## နေပြည်တော်

- နေပြည်တော် ဘဏ်
  နေပြည်တော် မြို့မဈေး ဘဏ်

## ကရင်ပြည်နယ်

- မြဝတီ ဘဏ်

## ပဲခူးတိုင်း

- ပဲခူး ဘဏ်
  ပြည် ဘဏ်
  ညောင်လေးပင် ဘဏ်
  တောင်ငူ ဘဏ်

## ရခိုင်ပြည်နယ်

- စစ်တွေ ဘဏ်

## ရှမ်းပြည်နယ်

- တောင်ကြီး ဘဏ်
  မူဆယ် ဘဏ်
  လားရှိုး ဘဏ်
  တာချီလိတ် ဘဏ်
  အောင်ပန်း ဘဏ်

## စစ်ကိုင်းတိုင်း

- မုံရွာ ဘဏ်
  ရွှေဘို ဘဏ်

## မကွေးတိုင်း

- မကွေး ဘဏ်
  ပခုက္ကူ ဘဏ်
  အောင်လံ ဘဏ်
  ရေစကြို ဘဏ်

## မွန်ပြည်နယ်

- မော်လမြိုင် ဘဏ်

## ဧရာဝတီတိုင်း

- ပုသိမ် ဘဏ်
  မြောင်းမြ ဘဏ်
  ဟင်္သာတ ဘဏ်
  ဖျာပုံ ဘဏ်

## ရန်ကုန်တိုင်း

- ကျောက်တံတား ဘဏ်
  ကျောက်တံတား (၂) ဘဏ်
  ဘုရင့်နောင် ဘဏ်
  ဘုရင့်နောင် မီနီ ဘဏ်
  လသာ ဘဏ်
  ပုဇွန်တောင် ဘဏ်
  ပန်းဘဲတန်း မီနီ ဘဏ်
  ဒေါပုံ ဘဏ်
  မြောက်ဥက္ကလာပ ဘဏ်
  တောင်ဥက္ကလာပ ဘဏ်
  စော်ဘွားကြီးကုန်း ဘဏ်
  ဗိုလ်အောင်ကျော် ဘဏ်
  ရေကျော် ဘဏ်
  စမ်းချောင်း ဘဏ်
  ကြည့်မြင်တိုင် ဘဏ်
  ခရမ်း ဘဏ်
  ကမာကြည် ဘဏ်
  ကမ္ဘာအေး ဘဏ်
  သင်္ဃန်းကျွန်း ဘဏ်
  တောင်ဒဂုံ ဘဏ်

## တနင်္သာရီတိုင်း

- မြိတ် ဘဏ်



Since 1992

# What we Offer

## Deposit

MCB ဘဏ်၏ အဓိကဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သော Deposit Product များအား ကျွန်ုပ်တို့၏ တန်ဖိုးထားလေးစားရသော သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်ထားရှိပါသည်။ ငွေစုဘဏ်စာရင်းများ (Savings Accounts)၊ ခေါ်ယူအပ်ငွေစာရင်းများ (Call Deposit Accounts)၊ စာရင်းရှင်ငွေစာရင်းများ (Current Accounts)၊ အချိန်ပိုင်းအပ်ငွေစာရင်းများ (Fixed Deposit Accounts) နှင့် အဓိကငွေစာရင်း အမျိုးအစားများအောက်ရှိ ဝန်ဆောင်မှုအမျိုးမျိုးတို့ကို ပြည့်စုံစွာ ပံ့ပိုးဆောင်ရွက်ပေးထားပြီး Deposit Product များ၏ အမျိုးအစားသဘာဝအလိုက် အပ်နှံကာလ သက်တမ်းတို့အပေါ်မူတည်၍ အတိုးနှုန်းများအား အချိန်နှင့်တပြေးညီ ထည့်သွင်းပေးပါသည်။ အပ်နှံသူများစုဆောင်းထားသော စုဆောင်းငွေများပေါ်တွင် ပေးအပ်သော ကောင်းမွန်သည့် အတိုးနှုန်းများ၊ စိတ်ချရမှု၊ အာမခံပေးမှုနှင့် ငွေဖြစ်လွယ်မှုတို့သည် Deposit Account များအတွက် အဓိကလိုအပ်ချက်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ MCBဘဏ်တွင် စုဆောင်းငွေများ အပ်နှံထားသောသူများသည် ၎င်းတို့၏ အပ်ငွေပေါ်တွင် ပေးအပ်သော သင့်တင့်လျောက်ပတ်သည့် အတိုးနှုန်းများ၊ အပ်နှံငွေများ၏ လုံခြုံစိတ်ချရမှု၊ ၎င်းတို့၏ အာမခံပစ္စည်းများနှင့် အပ်ငွေများကို လိုအပ်ချိန်တွင် လိုအပ်သလို ထုတ်ယူနိုင်ခြင်း စသည့် အကျိုးခံစားခွင့်များကို ရရှိခံစားနိုင်ပါသည်။




### ငွေစုဘဏ်စာရင်းများ (Saving Deposit Accounts)

(၁) ငွေစုဘဏ်စာရင်း (Savings Deposit Account)

(၂) အထူးငွေစုဘဏ်စာရင်း
(Special Savings Deposit Account)

(၃) သက်ကြီးအထူးအပ်ငွေစာရင်း
(Senior Savings Deposit Account)

(၄) ငွေလွှဲစုငွေစာရင်း (Remit Savings Account)

(၅) သင်္ဘောသားငွေစုစာရင်း (Seafarer Savings Account)

(၆) လစာစုငွေစာရင်း (Payroll Savings Account)

(၇) YOUth Savings Account

(၈) Student Savings Account

(၉) Premium Special Savings Account

(၁၀) ပစ်တိုင်းထောင်ငွေစုအပ်ငွေစာရင်းများ
(Recurring Deposit Accounts)

(၁၁) Elite Savings Account

(၁၂) CTZPay Agent Savings Account



### ခေါ်ယူအပ်ငွေစာရင်းများ (Call Deposits Accounts)

(၁) ပုံမှန်ခေါ်ယူအပ်ငွေစုစာရင်း
(Normal Call Deposit Account)

(၂) အထူးခေါ်ယူအပ်ငွေစုစာရင်း
(Special Call Deposit Account)

(၃) ပြောင်းလဲခေါ်ယူအပ်ငွေစုစာရင်း
(Flexi Call Deposit Account)

### စာရင်းရှင်စာရင်းများ (Current Accounts)

(၁) ပုံမှန်စာရင်းရှင်စာရင်း
(Normal Current Account)

(၂) အထူးစာရင်းရှင်စာရင်း
(Special Current Account)

### အချိန်ပိုင်းအပ်ငွေစာရင်းများ (Fixed Deposits Accounts)

(၁) ပုံမှန်အချိန်ပိုင်းအပ်ငွေစာရင်း
(Normal Fixed Deposit Account)

(၂) အထူးအချိန်ပိုင်းအပ်ငွေစာရင်း
(Special Fixed Deposit Account)

(၃) Super 7 Day Fixed Deposit Account

(၄) 15 Days Upfront Fixed Deposit Account

(၅) 1M Upfront Fixed Deposit Account

(၆) Supreme 60 Days Fixed Deposit Account

(၇) Prime Plus 3M Fixed Deposit Account

(၈) Potoe Fixed Deposit Account



# What we Offer

ကျွန်ုပ်တို့ MCB ဘဏ်၏ အနာဂတ်ရည်မှန်းချက်ဖြစ်သော "ဘဏ်နှင့်ပါဝင်ပတ်သက်သူများအားလုံးကို အကျိုးဖြစ်ထွန်း၍ နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေပြီး ဆန်းသစ်တီထွင်မှု၊ ဂုဏ်သတင်းကောင်းမွန်မှု နှင့် ရေရှည်ခိုင်မာတောင့်တင်းသော ဘဏ်တစ်ခုဖြစ်လာစေရန်" ဆိုသို့ ဦးတည်လျှောက်လှမ်းနေချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ လက်ခံကျင့်သုံးနေသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals - SDGs) နှင့်အညီ ဘဏ်၏ ဝန်ဆောင်မှုများကို အစဉ်တစိုက် ပံ့ပိုးပေးလျက်ရှိပါသည်။



## Consumer Banking

MCB ဘဏ်သည် သုံးစွဲသူများ၏ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံစေရန်အတွက် တမူထူးခြားသော Consumer Banking ဝန်ဆောင်မှုများကို အစဉ်တစိုက် ကြိုးပမ်းပံ့ပိုးလျက်ရှိပါသည်။ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာ ရည်မှန်းချက်များအား စိတ်ချလုံခြုံစွာ အကောင်အထည်ဖော်နိုင်ရန် ကျွန်ုပ်တို့ဘဏ်မှ အမျိုးမျိုးသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ Consumer Banking ဝန်ဆောင်မှုများတွင် အပ်ငွေစာရင်းအမျိုးမျိုး၊ ချေးငွေအမျိုးမျိုး၊ ခေတ်မီဒစ်ဂျစ်တယ်ဘဏ်ဝန်ဆောင်မှုများနှင့် အာမခံဝန်ဆောင်မှုများ ပါဝင်ပါသည်။ ဤဝန်ဆောင်မှုများအားလုံးကို သုံးစွဲသူများအတွက် လွယ်ကူစိတ်ချရပြီး၊ ယုံကြည်မှုအပြည့်အဝဖြင့် အကောင်းဆုံးအကျိုးအမြတ်များ ပြန်လည်ရရှိစေရန် ရည်ရွယ်၍ ပံ့ပိုးပေးလျက်ရှိပါသည်။

### Hire Purchase

ပန်းတိုင် - ၉ (စက်မှုလုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံမြှင့်တင်ရေး) နှင့်အညီ MCB ဘဏ်သည် သုံးစွဲသူများ၏ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျယ်ပြန့်သော Hire Purchase (အရစ်ကျဝယ်ယူမှုချေးငွေ) ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဤချေးငွေ အစီအစဉ်သည် အောက်ဖော်ပြပါ ပိုင်ဆိုင်မှုအမျိုးအစားများကို ဝယ်ယူရာတွင် ဘဏ္ဍာရေးအထောက်အပံ့ပေးရန် အထူးဒီဇိုင်းထုတ်ထားပါသည်-

- မော်တော်ယာဉ်အမျိုးမျိုး - ကိုယ်ပိုင်ကားများ၊ လျှပ်စစ်ကား (EV Car) အမျိုးအစားများ၊ လုပ်ငန်းသုံးအငှားယာဉ်များ၊ ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များ
- စက်ပစ္စည်းကြီးများ - စိုက်ပျိုးရေးသုံး စက်ကိရိယာများ၊ အကြီးစား စက်ယန္တရားများနှင့် အခြား လုပ်ငန်းသုံးပစ္စည်းများ

ကျွန်ုပ်တို့ဘဏ်သည် အသစ်စက်စက် ဝယ်ယူမှုများအပြင်အရည်အသွေး စစ်ဆေး၍ အသုံးပြုပြီးသော မော်တော်ယာဉ်အဟောင်းများအတွက်ပါ Hire Purchase ချေးငွေများကို ပေးအပ်လျက်ရှိပါသည်။ MCB ဘဏ်၏ Hire Purchase ဝန်ဆောင်မှုသည် သုံးစွဲသူများအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်း ချဲ့ထွင်မှုများနှင့် ပုဂ္ဂလိကလိုအပ်ချက်များအတွက် လိုအပ်သော ပိုင်ဆိုင်မှုများကို တာဝန်ယူမှုရှိစွာ ဝယ်ယူနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။









# What we Offer



## Solar Financing Loan

MCB ဘဏ်သည် သန့်ရှင်းသော စွမ်းအင်အသုံးပြုမှုကို မြှင့်တင်ရန်နှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အားကုန်ကျစရိတ်ကို လျှော့ချရန် ရည်ရွယ်၍ Solar Financing Loan (နေရောင်ခြည် စွမ်းအင်သုံးစနစ် တပ်ဆင်ခြင်းအတွက် ချေးငွေ) ဝန်ဆောင်မှုကို မိတ်ဆက်ထားပါသည်။ ဤဝန်ဆောင်မှုက ပန်းတိုင် - ၈ (သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး) နှင့် ပန်းတိုင် - ၁၃ (ရာသီဥတုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး)နှင့် ကိုက်ညီနေပါသည်။ ဤချေးငွေသည် လုပ်ငန်းများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၊ အင်ဗာတာများ (Inverters)၊ ဘက်ထရီများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းအတွက် ငွေကြေးပံ့ပိုးပေးပါသည်။

ဘဏ်သည် ချေးငွေယူသူများ၏ ဆိုလာစနစ်တပ်ဆင်ခြင်းအတွက် လိုအပ်သော ငွေကြေး၏ ၈၀% အထိ ထောက်ပံ့ပေးလျက်ရှိပါသည်။ MCB ဘဏ်၏ Solar Financing Loan သည် ပြည်တွင်းလုပ်ငန်းရှင်များအား ရေရှည်တည်တံ့သော စွမ်းအင်အရင်းအမြစ်များဆီသို့ ကူးပြောင်းရာတွင် များစွာအထောက်အကူပြုပြီး၊ လျှပ်စစ်ဓာတ်အား ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချကာ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသောကြောင့် နိုင်ငံတော်၏ စိမ်းလန်းသော စီးပွားရေးပန်းတိုင်များ ရရှိရေးတွင်လည်း တတပ်တအား ပါဝင်ကူညီလျက်ရှိပါသည်။

## MCB Visa Credit Card

ပန်းတိုင် - ၈ (သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး) နှင့် ပန်းတိုင် - ၉ (မညီမျှမှုများ လျော့နည်းသွားစေရေး) တို့နှင့်အညီ MCB ဘဏ်သည် သုံးစွဲသူများ၏ နေ့စဉ်ဘဝနှင့် စီးပွားရေးလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် MCB Visa Credit Card ဝန်ဆောင်မှုကို ဂုဏ်ယူစွာ ပေးအပ်လျက်ရှိပါသည်။ MCB Visa Credit Card သည် ကမ္ဘာတစ်ဝန်းရှိ Visa ကွန်ရက်ကို အခြေခံ၍ ငွေပေးချေမှုများကို အဆင်ပြေချောမွေ့စွာ၊ လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်စေရန် အခွင့်အရေးပေးပါသည်။ အွန်လိုင်းမှဝယ်ယူမှုများ၊ နိုင်ငံတကာ ခရီးသွားလာမှုများနှင့် မျှော်လင့်မထားသော ငွေသားလိုအပ်ချက်များအတွက် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ရည်မှန်းချက်များနှင့်အညီ၊ MCB Visa Credit Card သည် ငွေသားမဲ့လူ့ဘောင် (Cashless Society) ကို ပုံဖော်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ခေတ်မီနည်းပညာဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုထိရောက်စေခြင်း၊ လုံခြုံစိတ်ချရသော ငွေပေးချေမှုစနစ်များကို မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ MCB ဘဏ်မှ အစဉ်တစိုက် အထောက်အကူပြုလျက်ရှိပါသည်။

## Personal Overdraft

ပန်းတိုင် - ၁ (ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး) နှင့် ပန်းတိုင် - ၈ (သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး) တို့နှင့် လျော်ညီစွာ MCB ဘဏ်သည် သုံးစွဲသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ငွေကြေးလိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးရန်အတွက် Personal Overdraft (ကိုယ်ပိုင်ငွေပိုထုတ်ချေးငွေ) ဝန်ဆောင်မှုကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဤချေးငွေအစီအစဉ်သည် Mortgage Loan ကဲ့သို့သော ရည်ရွယ်ချက် များအတွက် အခြားရွေးချယ်စရာတစ်ခုအဖြစ် အသုံးပြုနိုင်ပြီး၊ ချေးငွေပြန်ဆပ်နိုင်စွမ်းရှိသော တစ်ဦးချင်း သုံးစွဲသူများအတွက် အထူးသင့်လျော်ပါသည်။

Personal Overdraft Loan ရယူထားသူများသည် ၎င်းတို့၏ ချေးငွေကို တစ်နှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးရမည်ဖြစ်ပြီး၊ သက်တမ်းမတိုးမီ (၁၄) ရက်ခန့် ကြိုတင်၍ စာရင်းရှင်းလင်းထားရမည်ဟူသော စည်းမျဉ်းကိုလိုက်နာရမည်ဖြစ်ပါသည်။ ဤဝန်ဆောင်မှုသည် သုံးစွဲသူများအား ဘဏ္ဍာရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်မှုနှင့် လိုအပ်သည့်အချိန်တွင် ငွေကြေးအသုံးပြုနိုင်ခြင်းကြောင့် အရေးပေါ် သို့မဟုတ် ရုတ်တရက် ပေါ်ပေါက်လာသောလိုအပ်ချက်များအတွက် စိတ်ချယုံကြည်စွာ အားထားနိုင်ပါသည်။

## Home Loan

ပန်းတိုင် - ၁၁ (ရေရှည်တည်တံ့သော မြို့ပြဒေသများနှင့် ကျေးလက်လူမှုအဖွဲ့အစည်းများ ထူထောင်ရေး) အရ ပုံမှန်ဝင်ငွေရှိသော Customers များသည် နေထိုင်ရန်အတွက် မြေနေရာဝယ်ယူခြင်း သို့မဟုတ် မြေနှင့်အဆောက်အဦ ဝယ်ယူခြင်း သို့မဟုတ် အသင့်နေထိုင်နိုင်သော လုံးချင်းအိမ်များ၊ တိုက်ခန်းများ ဝယ်ယူခြင်းဖြင့် မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်နိုင်ပါသည်။ ချေးငွေယူသူများသည် EMI စနစ်ဖြင့် ချေးငွေကို ပြန်လည်ပေးဆပ်နိုင်ပါသည်။






## Education Loan

အရည်အသွေးမြင့် ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ပန်းတိုင် - ၄ (အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး) နှင့်လည်း ကိုက်ညီနေသည်။ Education Loan သည် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်များတွင် ဆေးပညာ သို့မဟုတ် အင်ဂျင်နီယာဆိုင်ရာ မဟာဘွဲ့သင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများကို တက်ရောက်လိုသော ကျောင်းသား/ကျောင်းသူများ၏ ပညာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

## Salary Loan

ပန်းတိုင် - ၈ (သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး) နှင့်အညီ MCB ဘဏ်သည် အစိုးရဝန်ထမ်းများနှင့် အတည်ပြုပြီးသော ကုမ္ပဏီဝန်ထမ်းများ၏ မျှော်လင့်မထားသော ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် Salary Loan (လစာချေးငွေ) ဝန်ဆောင်မှုကို ပေးအပ်လျက်ရှိပါသည်။ ဤချေးငွေအစီအစဉ်သည် ဝန်ထမ်းများ၏ လစဉ်ပုံမှန်ရရှိသော လစာဝင်ငွေကို အခြေခံ၍ လွယ်ကူလျင်မြန်စွာ ငွေကြေးပံ့ပိုးမှုရရှိစေရန် ရည်ရွယ်ပါသည်။ လစာချေးငွေသည် ဝန်ထမ်းများအား အိမ်သုံးစရိတ်များ၊ ကျန်းမာရေးစရိတ်များ၊ ပညာရေးစရိတ်များ သို့မဟုတ် အရေးပေါ်လိုအပ်ချက်များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကူညီပေးပါသည်။ MCB ဘဏ်၏ Salary Loan ဝန်ဆောင်မှုသည် သုံးစွဲသူများ၏ ဘဏ္ဍာရေးတည်ငြိမ်မှုကို မြှင့်တင်ပေးပြီး၊ လုံခြုံစိတ်ချရသော ချေးငွေရွေးချယ်စရာတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

# What we Offer

## SME & Corporate Banking

ကျွန်ုပ်တို့၏ MCB ဘဏ်သည် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆန်းသစ်တီထွင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း သိရှိနားလည်ထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ SME & Corporate ဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ဤစီးပွားရေးလုပ်ငန်းများ၏ တမူထူးခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အသေးစိတ် ဖန်တီးပုံဖော်ထားပြီး ပြီးပြည့်စုံမှုရှိသော ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းချက်များ၊ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များနှင့် ခေတ်မီ နည်းပညာများဖြင့် ဝန်ဆောင်မှုပေးအပ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ ငွေရေးကြေးရေး စီမံခန့်ခွဲမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်နိုင်ရန်နှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ယုံကြည်မှုအပြည့်ဖြင့် အောင်မြင်မှုရရှိစေရန်အတွက် လွယ်ကူရိုးရှင်းသော Working Capital Loan များနှင့် Fixed Term Loan များမှသည် ပိုမိုကောင်းမွန်သော Trade Financing ၊ Cash Management နှင့် Digital Banking Solution များအထိ ဝန်ဆောင်မှုပေးအပ်လျက်ရှိပါသည်။



### eMSME Loan

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန်နှင့် အခြေခံလူတန်းစားအဆင့်၌ အများပြည်သူများ၏ ဘဏ္ဍာရေးအခြေအနေကို မြှင့်တင်ရန် အဓိက အချက်အဖြစ် လူသိများထင်ရှားလှပါသည်။ MCB ဘဏ်သည် eMSME Loan ဖြင့် လက်ရှိဆောင်ရွက်ဆဲနှင့် အသစ်ဆောင်ရွက်မည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးပေးပါသည်။

### JICA Two-Step Loan

MCB ဘဏ်သည် JICA မှပေးအပ်သော ငွေကြေးအရင်းအနှီးများကို စုစည်းရန်အတွက် PMU ၏ မိတ်ဖက်ဘဏ္ဍာရေးအဖွဲ့အစည်းများအနက် တစ်ခုဖြစ်ပါသည်။ ဘဏ်သည် JICA Two Step Loan များကို ချေးငွေယူသူများ၏ ထပ်တိုး ပုံသေပိုင်ဆိုင်မှုများအတွက် ငွေကြေးလိုအပ်ချက်များ၏ ၈၀% နှင့် လုပ်ငန်းလည်ပတ်ငွေကြေးအရင်းအနှီးလိုအပ်ချက်များအတွက် ၂၀% အထိ ပေးအပ်လျက်ရှိပါသည်။ ချေးငွေပြန်လည်ပေးဆပ်သည့်ကာလမှာ စုစုပေါင်း (၅) နှစ်ဖြစ်ပြီး အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် ၇.၅% ဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များစွာတို့သည် စရိတ်သက်သာသော JICA Two Step Loan ကို ရယူထားကြပါသည်။



မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

### MSME Two-Step Loan

MCB ဘဏ် သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွါးရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေပံ့ပိုးမည့် အစီအစဉ်အရ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ (မြန်မာ့စီးပွါးရေးဘဏ်) တို့နှင့် ပူးပေါင်း၍ ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များစွာတို့အား အတိုးစရိတ်သက်သာသော MSME ချေးငွေများကို Fixed Capital နှင့် Working Capital ပုံစံနှစ်မျိုးဖြင့် ထုတ်ချေးလျက်ရှိပါသည်။ ချေးငွေပြန်လည်ပေးဆပ်သည့်ကာလမှာ တစ်နှစ်ခွဲမှ သုံးနှစ်အထိဖြစ်ပြီး အတိုးနှုန်းမှာလည်း 3%၊ 4%၊ 5% with CGI ဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။

### Overdraft Loan

ဘဏ်သည် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်အရင်းအနှီးလိုအပ်ချက်များ ပြည့်မီစေရန်အတွက် ဘဏ္ဍာငွေလိုအပ်သော ငွေချေးယူသူများအား Overdraft Loan ကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ဘဏ်သည် Overdraft Loan ပမာဏကို စုစုပေါင်းသတ်မှတ် ဘဏ်ချေးငွေ၏ ၂၀% အတွင်းသာ ထုတ်ချေးရန် ရည်ရွယ်ထားပါသည်။ Overdraft Loan ရယူထားသော ချေးငွေယူသူများသည် သက်တမ်းတိုးရန်အတွက် (၁၄)ရက်ခန့်ကြိုတင်၍ Overdraft Loan ကို စာရင်းရှင်းလင်းထားရမည်ဖြစ်ပါသည်။





# What we Offer

## Short-Term Loan

စီးပွားရေးလုပ်ငန်း၏ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းအား အခြေခံထားသည့် ငွေရေးကြေးရေးလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက်၊ ကျွန်ုပ်တို့သည် အခြေခံကုန်သွယ်ရေးဆိုင်ရာ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းများနှင့် ယေဘုယျအားဖြင့် ဆက်စပ်နေသော Short-Term Loan များကို ပံ့ပိုးပေးပါသည်။ Short-Term Loan များကို ကာလတစ်ခုသတ်မှတ်ထားပြီး ကုန်သွယ်ရေးလုပ်ငန်းစဉ်ပြီးဆုံးသောအခါ အဆိုပါ Short-Term Loan ကို သဘောတူထားသည့်အတိုင်း ပြန်လည်ပေးဆပ်ရပါမည်။ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းပြုလုပ်ရန် လိုအပ်မှုအပေါ် မူတည်၍ ဤချေးငွေအား ထပ်တလဲလဲပြန်လည်ထုတ်ယူအသုံးပြုနိုင်ပါသည်။

## Additional Short-Term Loan

ပုံမှန်လုပ်ငန်းလည်ပတ်ငွေကြေးအရင်းအနှီး လိုအပ်ချက်အပြင် စီးပွားရေးလုပ်ငန်းအချို့သည် လုပ်ငန်းရာသီချိန်များအတွင်း လုပ်ငန်းလည်ပတ်ငွေကြေးအရင်းအနှီး ထပ်မံလိုအပ်ကြပါသည်။ MCB ဘဏ်သည် Additional Short-Term Loan များကို ထုတ်ပေးခြင်းဖြင့် အဆိုပါလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။ Additional Short-Term Loan ၏သက်တမ်းကာလသည် အများဆုံး ၆ လဖြစ်သည်။

## Term Loan

စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအတွက် ပုံသေပိုင်ပစ္စည်းများ ထပ်မံပွားများတိုးချဲ့ရန် လိုအပ်လာသောအခါ စက်ရုံနှင့် စက်ပစ္စည်းများ ထပ်တိုးဖြည့်ဆည်းခြင်း၊ လုပ်ငန်း၏ မြေနှင့် အဆောက်အဦများ၊ လက်ရှိပုံသေပိုင်ပစ္စည်းများ၌ အရင်းအနှီး ပြန်လည်ထည့်သွင်းပေးခြင်း စသည်တို့ကဲ့သို့သော အရင်းအနှီးအသုံးစရိတ်များအား ငွေကြေးပံ့ပိုးပေးရန်အတွက် Term Loan ကို ဘဏ်မှထုတ်ချေးပေးပါသည်။ စီးပွားရေးလုပ်ငန်း၏ အမြဲတမ်း လိုအပ်နေသော လုပ်ငန်းလည်ပတ်ငွေကို ဖြည့်ဆည်းပေးရန်လည်း Term Loan ကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ Term Loan များကို ချေးငွေသက်တမ်း (၃)နှစ် အတွင်း ပြန်လည်ပေးဆပ်နိုင်ပါသည်။




## Loan against Fixed Deposits

အချိန်ပိုင်းအပ်ငွေစာရင်း ဖွင့်လှစ်ထားရှိသူများအနေဖြင့် ၎င်းတို့၏ အချိန်ပိုင်းအပ်ငွေစာရင်း သက်တမ်းမစေ့မီ ငွေကြေးလိုအပ်ပါက ထို အချိန်ပိုင်းအပ်ငွေစာရင်းတန်ဖိုး၏ ၈၀% အထိ ဘဏ်က ချေးငွေထုတ်ပေးလျက်ရှိပါသည်။ ထိုချေးငွေအမျိုးအစားတွင် ငွေအပ်နှံသူများသည် ငွေလိုအပ်နေချိန်၌ပင် မိမိတို့၏ အချိန်ပိုင်းအပ်ငွေစာရင်းမှ ငွေသားထုတ်ယူစရာမလိုသကဲ့သို့ အချိန်ပိုင်းအပ်ငွေစာရင်းများ၏ သက်တမ်းမှာလည်း ဆက်လက်၍ အကျိုးဝင်နေမည်ဖြစ်သည်။

## Loan against Government Bonds/Bills

အစိုးရငွေချေးစာချုပ်ဝယ်ယူထားသူများသည် အဆိုပါချေးငွေစာရွက်စာတမ်းများ သက်တမ်းမစေ့ရောက်မီ မိမိတို့၏ ငွေချေးစာချုပ်များကို ဘဏ်တွင်အာမခံထား၍ ချေးငွေရယူလိုပါက ဘဏ်သည် အဆိုပါ အစိုးရငွေချေးစာချုပ်တန်ဖိုး၏ ၈၀% အထိ ချေးငွေထုတ်ချေးလျက်ရှိပါသည်။ ထိုချေးငွေအမျိုးအစားတွင် အဆိုပါ Customer များသည် ငွေလိုအပ်နေချိန်၌ပင်အစိုးရငွေချေးစာချုပ်အားရောင်းချစရာမလိုသကဲ့သို့အဆိုပါအစိုးရငွေချေးစာချုပ်၏ သက်တမ်းမှာလည်း ဆက်လက်၍အကျိုးဝင်နေမည်ဖြစ်သည်။

## Bank Guarantees

စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်အရ ဘဏ်သည် Bid Bond ကဲ့သို့သော လေလံဆွဲခြင်းဆိုင်ရာ စာချုပ်များအတွက် Bank Guarantee များကိုဖြစ်စေ၊ အလုပ်ရှင်နှင့် ကန်ထရိုက်တာအကြား Performance Bond ကဲ့သို့ သဘောတူညီချက်များ ပြုလုပ်ချုပ်ဆိုရန်နှင့် အလုပ်ရှင်များထံမှ ကြိုတင်ငွေများ ရယူရန်အတွက် Advance Payment Guarantee များကိုဖြစ်စေ ပေးအပ်လျက်ရှိပါသည်။ ထို့ပြင် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီများအတွက်လည်း Shipping Indemnity များကို ထုတ်ပေးလျက်ရှိပါသည်။



## Letters of Credit

Letters of Credit သည် နိုင်ငံတကာကုန်သွယ်မှုတွင် ရေပန်းအစားဆုံး ငွေပေးချေမှုပုံစံများထဲမှ တစ်ခုဖြစ်သည်။ ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များက ကုန်ပစ္စည်းများတင်ပို့ပြီးနောက် ငွေပေးချေမှုများကို လက်ခံရရှိစေရန်နှင့် သွင်းကုန်လုပ်ငန်းရှင်များက သဘောတူညီထားသည့်အတိုင်း ငွေပေးချေပြီးနောက် ကုန်ပစ္စည်းများကို လက်ခံရရှိစေရန်အတွက် လုံခြုံစိတ်ချရသော နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘဏ်များက အဆိုပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ကြားခံတစ်ခုဖြစ်ပြီး MCB ဘဏ်သည်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။



# Trade Finance

## Import Payment Service

နိုင်ငံရပ်ခြားကုန်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် သွင်းကုန်လုပ်ငန်းလုပ်ကိုင်နေကြသော ကော်ပိုရိတ်များအား အထောက်အကူပေးနိုင်ရန် MCB ဘဏ်အနေဖြင့် Import Payment Service များစွာအား ဝန်ဆောင်မှုပေးနေပါသည်။ အဆိုပါ ဝန်ဆောင်မှုများတွင် Advance Telegraphic Transfer (TT)၊ Normal Telegraphic Transfer (TT)၊ Documentary Collection နှင့် Letter of Credit (L/C) တို့ပါဝင်ပါသည်။ ဝန်ဆောင်မှုများပေးအပ်ခြင်းကြောင့်သွင်းကုန်လုပ်ငန်းရှင်များသည်နိုင်ငံတကာငွေကြေးဝန်ဆောင်မှုများကို ယုံကြည်စိတ်ချလုံခြုံမှုအပြည့်ဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်စေပြီး ကုန်သွယ်စီးဆင်းမှုအား အဆင်ပြေချောမွေ့စေနိုင်ပါသည်။



## Import Financing

သွင်းကုန်များအဆင်ပြေချောမွေ့စေရန်နှင့် ကုန်ပစ္စည်းများ လွယ်လင့်တကူရရှိနိုင်စေရန်အတွက် ဘဏ်သည် သွင်းကုန်စာရွက်စာတမ်း တန်ဖိုး၏ ၈၀% အထိထုတ်ချေးလျက်ရှိပြီး သက်တမ်းကာလမှာ (၄) လအထိဖြစ်စေ၊ Import Financing အတွက် လိုအပ်သည့် သက်တမ်းကာလအထိဖြစ်စေ၊ ယင်းတို့အနက် ပိုမိုတိုတောင်းသော သက်တမ်းကာလအတွက်ဖြစ်စေ သတ်မှတ်ထားရှိပါသည်။ ချေးငွေကို ကုန်စည်ရောင်းရငွေမှ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

## Export Financing

နိုင်ငံ၏ ပို့ကုန်လုပ်ငန်းတိုးတက်လာစေရန်အတွက် ဘဏ်သည် Pre-shipment Loan သို့မဟုတ် Post-shipment Loan ပုံစံဖြင့် Export Bill ၏ ၈၀% အထိ လိုအပ်သလို ထောက်ပံ့ပေးလျက်ရှိပါသည်။ ချေးငွေကို သွင်းကုန်လုပ်ငန်းရှင်များထံမှ ရရှိသော ပို့ကုန်ရငွေများမှ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် (၃) လထက်နောက်မကျဘဲ ငွေပေးချေမှုပြုလုပ်ပြီးသည့်တိုင်အောင် Export Financing ကို ရယူနိုင်ပါသည်။

## Export Payment Services

ပို့ကုန်လုပ်ငန်းရှင်များက ကမ္ဘာတဝှမ်းလုံးရှိဝယ်ယူသူများထံမှ ငွေပေးချေမှုများကို စိတ်ချလုံခြုံထိရောက်မှုရှိစွာ လက်ခံရယူနိုင်ရန် MCB ဘဏ်သည် ယုံကြည်စိတ်ချရသော Export Payment Service များအား ပံ့ပိုးပေးအပ်နေပါသည်။ ယင်းဝန်ဆောင်မှုများတွင် Advance Telegraphic Transfer (TT)၊ Normal Telegraphic Transfer (TT)၊ Documentary Collection၊ နှင့် Letter of Credit (L/C) တို့ ပါဝင်ပါသည်။ ဤဝန်ဆောင်မှုအား ကောင်းစွာ စီမံခန့်ခွဲနိုင်၍ အချိန်မီငွေပေးချေနိုင်ပြီး စိတ်ချလုံခြုံမှုရှိသော ငွေပေးချေမှုလုပ်ငန်းစဉ်များအား ပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတကာကုန်သွယ်ရေးကို အဆင်ပြေချောမွေ့စေအောင် ဆောင်ရွက်ထားသောကြောင့် သုံးစွဲသူများ၏ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ဆောင်ရွက်ရသော စီးပွားရေးလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းလာစေပါသည်။

## Supply Chain Financing Services

MCB ဘဏ်သည် Supply Chain Financing Service များအား ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် နှစ်ခုစလုံးအပါအဝင် ကုန်သည်များအတွက် ၎င်းတို့၏ Working Capital တိုးတက်လာစေရန်နှင့် Cash Flow Management အားကောင်းလာစေရန် ပံ့ပိုးပေးပါသည်။ ဝန်ဆောင်မှုများတွင် Local Invoice Financing အပြင် Receivable/Payment Invoice Financing တို့ပါဝင်ပြီး Supply Chain တစ်ခုလုံးရှိ Stakeholder များအနေဖြင့် အချိန်မီငွေပေးချေနိုင်ပါသည်။ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန်၊ ဖြန့်ဖြူးရောင်းချသူများ၏ ဆက်ဆံရေးကောင်းမွန်လာစေရန်နှင့် ကုန်သွယ်ရေး ဆောင်ရွက်ချက်များအား ပိုမိုအဆင်ပြေချောမွေ့စေရန် ဤဝန်ဆောင်မှုများအား ဖန်တီးဖော်ဆောင်ထားပါသည်။

# Treasury

## Foreign Exchange (FX) Trading

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ပို့ကုန်ရငွေများကို Online Trading Platform မှ တဆင့် သွင်းကုန်များအတွက် ဝယ်ယူရောင်းချပေးခြင်းဖြင့် International Trade Services များကို အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

## Currency Exchange Counters

သုံးစွဲသူများအား ပိုမိုလွယ်ကူအဆင်ပြေသော ဝန်ဆောင်မှုပေးအပ်နိုင်ရန် MCB ဘဏ်သည် သတ်မှတ်ထားသည့် ဘဏ်ခွဲများ၌ Currency Exchange Counter များဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ အဆိုပါကောင်တာများမှ နိုင်ငံခြားငွေကြေးလဲလှယ်ရေးဝန်ဆောင်မှုများအား လျှင်မြန်စိတ်ချရစွာ ဝန်ဆောင်မှုပေးနေ၍သုံးစွဲသူတစ်ဦးချင်းစီနှင့်ကော်ပိုရိတ်များ၏ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါသည်။

## Government Treasury Securities

အများပြည်သူ၏ အပ်နှံငွေများ (Deposits) ပိုမိုတိုးတက်ရရှိလာနေသောကြောင့် MCB ဘဏ်က ကာလတိုအဖြစ် Government Treasury Bill များတွင်လည်းကောင်း၊ ကာလရှည်အဖြစ် Government Treasury Bond များတွင်လည်းကောင်း မဟာဗျူဟာနှင့်အညီ ရင်းနှီးမြှုပ်နှံထားပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် ဝင်ငွေတိုးတက်လာစေခြင်း၊ခိုင်မာသောငွေဖြစ်လွယ်မှုများကိုထိန်းသိမ်းနိုင်ခြင်းနှင့် ပြည်တွင်းငွေကြေး ဈေးကွက်တိုးတက်လာမှုတွင် ပံ့ပိုးကူညီနိုင်ခြင်းတို့ဖြစ်လာစေနိုင်ပါသည်။

## Interbank Money Market

MCB ဘဏ်သည် ငွေဖြစ်လွယ်မှုကို ထိန်းသိမ်းရန်၊ ရေတိုငွေကြေးလိုအပ်ချက်များကိုဖြေရှင်းရန်နှင့်အမြတ်အစွန်းပိုမိုရရှိစေရန်အတွက် Interbank Money Market တွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေပါသည်။ အဆိုပါ ဈေးကွက်၌ ကောင်းစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် MCB ဘဏ်သည် ငွေကြေးလိုအပ်ချက်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီး ငွေကြေးဈေးကွက်တစ်ခုလုံး၏ တည်ငြိမ်မှုကို ပံ့ပိုးပေးပါသည်။



Foreign Exchange



Currency Exchange



Government Treasury Securities



Interbank Money Market

# Digital Banking

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

MCB ဘဏ်သည် ကျွန်ုပ်တို့၏ Customer များအတွက် အဆင်ပြေမှု၊ လုံခြုံစိတ်ချရမှုနှင့် ထိရောက်အကျိုးရှိမှုတို့ရရှိစေသည့် ဆန်းသစ်သော Digital Banking လုပ်ငန်း ဆောင်ရွက်ချက်များအား ပံ့ပိုးပေးအပ်နေပါသည်။ Internet Banking ၊ Mobile Banking ၊ Card Payment နှင့် Wallet Payment များ ပါဝင်သည့် ကျွန်ုပ်တို့၏ Digital Banking Service များကို Customer တစ်ဦးတစ်ယောက်ချင်းစီနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ပြောင်းလဲလာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် တီထွင်ဆောင်ရွက်ထားပြီး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို အချိန်မရွေး၊ နေရာမရွေး လွယ်လင့်တကူရယူသုံးစွဲနိုင်ပါသည်။






## Internet Banking

MCB ဘဏ်သည် Internet Banking Service ကို ၂၀၂၀ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့၍ Customer များက မိမိတို့၏ ငွေစာရင်းများကို အချိန်ပြည့်ဝင်ရောက်ကြည့်ရှုနိုင်ပြီး Banking Transaction မျိုးစုံကို Online မှတဆင့် ဆောင်ရွက်နိုင်ကြပါသည်။ Customer များအား MCB ဘဏ်အကောင့်အချင်းချင်း ငွေလွှဲပေးပို့ခြင်း၊ MCB မှ အခြားဘဏ်အကောင့်များသို့ ငွေလွှဲပေးပို့ခြင်းစသည့် ငွေရေးကြေးရေးကိစ္စရပ်များကို မိမိတို့၏ နေအိမ်များ သို့မဟုတ် ရုံးခန်းများမှနေ၍ လွယ်လင့်တကူ စီမံခန့်ခွဲနိုင်စေပြီး ဤဝန်ဆောင်မှုကို ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်အောင် ဖန်တီးထားပါသည်။ ၂၀၂၅ ခုနှစ်တွင် MCB ဘဏ်က သုံးစွဲသူများအား Internet Banking နှင့် Corporate Banking အသစ်များကို မိတ်ဆက်ပေးခဲ့ပြီး Bulk Payment များ၊ လစာငွေပေးချေခြင်း၊ Transaction များကို အချိန်နှင့်တပြေးညီ စောင့်ကြည့်ခြင်း၊ လုံခြုံရေး နည်းလမ်းများ ပိုမိုကောင်းမွန်လာခြင်းနှင့် ကော်ပိုရိတ်များအတွက် သီးသန့်ပြင်ဆင်ထားသော User Access ကဲ့သို့ Function များကို တိုးမြှင့်၍ ဝန်ဆောင်မှုပေးနေပါသည်။ ဤဝန်ဆောင်မှုများက စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ ငွေရေးကြေးရေးဆောင်ရွက်ချက်များကို ပိုမိုထိရောက်လုံခြုံမှုရှိစွာ စီမံခန့်ခွဲနိုင်စေပါသည်။

## Mobile Banking

လျင်မြန်လွယ်ကူစွာ ဆောင်ရွက်လာနိုင်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၏ ကြီးထွား လာနေသော ဈေးကွက်တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် MCB ဘဏ်သည် Mobile Banking App ကို ၂၀၂၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤဝန်ဆောင်မှုသည် Customer များအား MCB ဘဏ်အကောင့်အချင်းချင်း ငွေလွှဲပေးပို့ခြင်း၊ MCB မှ အခြားဘဏ်အကောင့်များသို့ ငွေလွှဲပေးပို့ခြင်းနှင့် ၎င်းတို့၏ ငွေစာရင်းများကို တိုက်ရိုက်စီမံခန့်ခွဲရန်၊ ငွေကြေးလွှဲပြောင်းခြင်းနှင့် အခြားသောကိစ္စရပ်များကို မိုဘိုင်းဖုန်းများမှတဆင့် လွယ်ကူအဆင်ပြေ ချောမွေ့စွာ လုပ်ဆောင်နိုင်စေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် MCB ဘဏ်သည် CTZPay Wallet ထဲ၌ mBanking Feature အသစ်များကို ထည့်သွင်းခဲ့ပြီး Super App တစ်ခုအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး Platform တစ်ခုတည်းဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ ငွေပေးချေမှုများနှင့် လူနေမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများအား ပေါင်းစည်းထည့်သွင်းထားပါသည်။ ထို့ကြောင့် App တစ်ခုတည်းဖြင့် သုံးစွဲသူများအား ၎င်းတို့၏ငွေစာရင်းများအား အချိန်နှင့်တပြေးညီ ဝင်ရောက်အသုံးပြုနိုင်ခြင်း၊ Financial Transaction များကို အသုံးပြုနိုင်ခြင်း၊ ဘေလ်ပေးဆောင်ခြင်း၊ အွန်လိုင်းတွင် ဈေးဝယ်နိုင်ခြင်းနှင့် အခြား ဒစ်ဂျစ်တယ်ဝန်ဆောင်မှုမျိုးစုံကို အသုံးပြုနိုင်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

## Card Payment

၂၀၂၀ ခုနှစ်တွင် MCB ဘဏ်သည် Card Payment ဝန်ဆောင်မှုများကို စတင်မိတ်ဆက် ပေးခဲ့ပါသည်။ MPU-JCB Platinum Debit ကတ်များ၊ MPU-JCB Co-branded Card များကို အသုံးပြု၍ Customer များသည် ငွေပေးချေမှုများကို လွယ်လင့်တကူဆောင်ရွက်နိုင်ခြင်း၊ E-Commerce နှင့် Online Payment များအတွက် ငွေပေးချေခြင်း၊ MPU-JCB Debit Card များနိုင်ငံတကာတွင် အသုံးပြုနိုင်ခြင်း၊ ပြည်တွင်းရှိ ATM စက်များမှ ငွေသားများကို လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ခြင်း၊ Point of Sales (POS) ဝန်ဆောင်မှုများအား အသုံးပြုခြင်းအပြင် နိုင်ငံပေါင်း (၁၉၀) ကျော်တွင်လည်း အသုံးပြုနိုင်ပါသည်။

## Wallet Payment

ပိုမိုကောင်းမွန်၍ လွယ်ကူလျင်မြန်သော နည်းလမ်းများဖြင့် ငွေပေးချေနိုင်ရန်၊ အဆင်ပြေ လွယ်ကူချောမွေ့ပြီး အကောင်းဆုံးသော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်နှင့် ငွေပေးချေမှုပုံစံမျိုးစုံဖြင့် ငွေရေးကြေးရေးစီမံခန့်ခွဲနိုင်ရန်အတွက် ကောင်းမွန်သည့် ငွေကြေးဝန်ဆောင်မှုများကို ရရှိခံစားနိုင်စေရန် MCB ဘဏ်သည် CTZPay Application ကို ၂၀၂၁ ခုနှစ်တွင် စတင်မိတ်ဆက်ပေးခဲ့ပါသည်။ အသုံးပြုသူများက Mobile Payment များ၊ Bill Payment များ၊ Fund Transfer နှင့် Merchant Payment အစရှိသော Transaction အမျိုးမျိုးကို ၎င်းတို့၏ မိုဘိုင်းဖုန်းများမှတဆင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။ Application ဖြင့် MMQR (Myanmar QR Code) Payment ကို အသုံးပြုနိုင်သလို၊ သုံးစွဲသူများက MMQR အသုံးပြုသည့် မည်သည့်ဆိုင်တွင်မဆို လွယ်ကူစွာ ငွေပေးချေနိုင်ပြီဖြစ်ပါသည်။ CTZPay App ၌ MMQR (Myanmar QR Code) ပေါင်းစပ်ထည့်သွင်းထားခြင်းက သုံးစွဲသူများအား ဘဏ် သို့မဟုတ် Wallet Provider နှင့် မသက်ဆိုင်ဘဲ MMQR လက်ခံသည့် မည်သည့်ဆိုင်တွင်မဆို လွယ်ကူစိတ်ချစွာ ငွေသားမဲ့ပေးချေနိုင်ပါသည်။ နိုင်ငံတဝန်းလုံးတွင် အသုံးပြုနိုင်ခြင်း၊ ပိုမိုလွယ်ကူအဆင်ပြေလာခြင်း၊ ငွေသားထုတ်ယူရန် သို့မဟုတ် POS စက်များ အသုံးပြုရန် လိုအပ်ချက်များအား လျှော့ချခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍသို့ ပြောင်းလဲရာတွင် အဓိကအချက်ဖြစ်သည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများအား လွယ်ကူအဆင်ပြေစွာ လက်ခံအသုံးပြုနိုင်အောင် အသေးစားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများ အားလုံးပါဝင်နိုင်အောင် ကူညီပံ့ပိုးပေးခြင်းတို့ကို တိုးတက်လာစေနိုင်ပါသည်။

ထို့အပြင် CTZPay Application ထဲကနေ MCB mBanking အသုံးပြုနိုင်မည့်အပြင် နှစ်သက်ရာဘဏ်ငွေစာရင်းများထံသို့ ငွေလွှဲနိုင်ပါမည်။

# Business Partnership

မိတ်ဖက်ဆက်ဆံရေးသည် MCBဘဏ်၏ စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသည်။ MCBဘဏ်သည် ဘဏ်လုပ်ငန်းတွင်သာမက အခြားကဏ္ဍအသီးသီးတွင် အပြန်အလှန် အကျိုးရှိသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘဏ်၏ Loyal Customer များအတွက် အကောင်းဆုံးသော ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

ထို့အပြင် စဉ်ဆက်မပြတ် တိုးတက်အောင်မြင်မှု ရရှိလာစေရန်နှင့် အကောင်းဆုံး ဝန်ဆောင်မှုပေးအပ်ရန်အတွက် MCB ဘဏ်သည် မိတ်ဖက်အသစ်များနှင့် လက်တွဲပူးပေါင်း၍ ဘဏ်၏ Loyal Customer များအတွက် ဈေးဝယ်သည့်အခါ သတ်မှတ်ဈေးနှုန်းများထက် လျှော့ချ၍ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် အကောင်းမွန်ဆုံး ဆောင်ရွက်ပေးထားပါသည်။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် MCB ဘဏ်သည် အောက်ဖော်ပြပါကဏ္ဍများကို အဓိကဦးစားပေး၍ မိတ်ဖက်အသစ်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နေပါသည်-

- လက်လီအရောင်းဆိုင်များနှင့် Supermarket များ၊
- ထင်ရှားကျော်ကြားသော ပုဂ္ဂလိကတက္ကသိုလ်များ၊ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်များနှင့် ဘာသာစကားသင်တန်းကျောင်းများ၊
- ဟိုတယ်များနှင့် ခရီးသွားလာရေးလုပ်ငန်းများ၊
- လူကြိုက်များသော စားသောက်ဆိုင်များနှင့် ဘားများ၊
- ကျန်းမာရေးစင်တာများ၊ ကိုယ်ကာယလေ့ကျင့်ရေးခန်းမ (Fitness Center) နှင့် အထူးကုဆေးရုံများ၊
- ပြည်တွင်းပြည်ပခရီးသည်များ နားနေနိုင်သော Airport Lounge များ၊



လက်ရှိအချိန်တွင် MCB ဘဏ်အနေဖြင့် ကျွန်ုပ်တို့၏ Loyal Customer များအား ဝန်ဆောင်မှုပေးအပ်နိုင်ရန် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့ကြီးများတွင် မိတ်ဖက်အဖွဲ့အစည်း စုစုပေါင်း ၁၃၀ ကျော်နှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ နောင်လာမည့်နှစ်များတွင်လည်း MCB ဘဏ်သည် မိမိတို့၏ Partner Network အား ချဲ့ထွင်ရန် ရည်မှန်းထားပါသည်။ မိတ်ဖက်အသစ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် MCB ဘဏ်သည် စီးပွားရေးလုပ်ငန်းများ တိုးတက်လာနိုင်ခြင်း၊ သုံးစွဲသူများပိုမိုရရှိလာနိုင်ခြင်းနှင့် ဝင်ငွေရရှိမည့်လမ်းကြောင်း ပိုများလာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ နောင်အနာဂတ်တွင် ဘဏ်အနေဖြင့် စီးပွားရေးမိတ်ဖက်များအားလုံးပါဝင်သည့် Discount Club တစ်ခုကို ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ထားပါသည်။






# What we Offer

## Bancassurance (ဘဏ်နှင့် အသက်အာမခံကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခြင်း)

MCB ဘဏ်နှင့် ၎င်း၏မိတ်ဖက် အသက်အာမခံကုမ္ပဏီဖြစ်သော **Capital Taiyo Life Insurance** တို့သည် မိမိတို့၏ သုံးစွဲသူမိသားစုများအား အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များနှင့် မတော်တဆထိခိုက်မှုများအတွက် ငွေကြေးစုဆောင်းမှုများကို သေချာစွာ ကြိုတင်စီမံနိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာအကူအညီများပံ့ပိုးရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၁ ခုနှစ်တွင် အာမခံဝန်ဆောင်မှုအသစ်များကို စတင်မိတ်ဆက်ပေးခဲ့ပါသည်။ ဝယ်ယူနိုင်သည့် အာမခံအမျိုးအစားများမှာ -

- သုံးဆတိုး ငွေစုအသက်အာမခံ
- ကျန်းမာရေး အာမခံ
- ကိုယ်အင်္ဂါထိခိုက်မှု အာမခံ
- စုပေါင်းအသက် အာမခံ



### သုံးဆတိုး ငွေစုအသက်အာမခံ

မျှော်လင့်မထားဘဲ ဖြစ်ပေါ်လာသည့် မတော်တဆထိခိုက်နစ်နာမှုများကို တားဆီးနိုင်စေပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်၍ ငွေစုဆောင်းနိုင်စေသည့် အသက်အာမခံအမျိုးအစားတစ်ခုဖြစ်ပါသည်။ မတော်တဆမှုကြောင့်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်ငွေပမာဏကို နှစ်ဆ အကျိုးခံစားခွင့်ပမာဏ၏ ၃ဆ အဖြစ် ခံစားခွင့်ရရှိနိုင်မှာ ဖြစ်ပြီး အသက်အားဖြင့် (၁၀) နှစ် မှ (၆၅) ကြား မည်သူမဆို ဤအသက်အာမခံအား ဝယ်ယူနိုင်မည်ဖြစ်ပါ သည်။ ထို့အပြင် အာမခံသက်တမ်း အချိန်ကာလမှာ ၃နှစ် (သို့မဟုတ်) ၅နှစ် အထိ ရွေးချယ်ဝယ်ယူနိုင်မည် ဖြစ်ပြီး အချိန်တိုတိုနှင့် အသက်အာမခံ အကာအကွယ်လည်း ရရှိနိုင်ပြီး အနာဂတ်အတွက် သတ်မှတ်ထားသော ငွေပမာဏတစ်ခုကို ဝယ်ယူစုဆောင်းနိုင်သည့် အာမခံအမျိုးအစားတစ်ခုလည်းဖြစ်ပါသည်။

### ကျန်းမာရေးအာမခံ

ကျန်းမာရေးအာမခံသည် မျှော်လင့်မထားဘဲ ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများအတွက် စိတ်ပူစရာမလိုဘဲ ရောဂါကြောင့် ဆေးရုံတက်ခြင်း၊ မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်း၊ အသက်ဆုံးရှုံးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်းနှင့် ဆေးရုံ/ဆေးခန်းပြသခြင်းများအတွက် ဖြေရှင်းနိုင်ရန် ထောက်ပံ့ပေးသော အာမခံအမျိုးအစားတစ်ခုဖြစ်ပါသည်။ အသက် အားဖြင့် (၆) နှစ် မှ (၇၅) နှစ် အထိ မည်သူမဆို ဤကျန်းမာရေးအာမခံအား ဝယ်ယူနိုင်မည်ဖြစ်ပြီး အာမခံသက်တမ်းကာလမှာ (၁)နှစ်သာဖြစ်သည့်အတွက် အချိန်တိုတိုနှင့် ကျန်းမာရေးအာမခံအကာအကွယ်လည်း ရရှိ၍ အနာဂတ်တွင်လည်း မိသားစုများအားလုံး စိတ်လုံခြုံမှုနှင့် ငွေရေးကြေးရေးအခက်အခဲများကိုပါ တစ်ခါတည်း ဖြေရှင်းနိုင်မည့် အာမခံအမျိုးအစားတစ်ခုလည်းဖြစ်ပါသည်။

### ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

ကိုယ်အင်္ဂါထိခိုက်မှုအာမခံသည် မတော်တဆ ဖြစ်ပွားမှုများကြောင့် ဖြစ်ပေါ်လာသော ကိုယ်အင်္ဂါထိခိုက်မှုများ၊ အလုပ်မလုပ်နိုင်တော့ခြင်း သို့မဟုတ် သေဆုံးခြင်းများအတွက် အကျိုးခံစားခွင့်ငွေ ပေးအပ်သော အာမခံဖြစ်ပါသည်။ ဤအာမခံသည် ရုတ်တရက် ရင်ဆိုင်ရသော အန္တရာယ်များကြောင့် မိမိ၏ဘဝအနေအထားက မထင်မှတ်ဘဲ ပြောင်းလဲသွားခြင်းကို ငွေကြေး အထောက်အပံ့ဖြင့် ဖြေရှင်းရန် ရည်ရွယ်သည့် အာမခံအမျိုးအစားတစ်ခုဖြစ်ပါသည်။ အသက်အားဖြင့် (၁၆) နှစ် မှ (၆၅) နှစ် အထိ မည်သူမဆို ဤကိုယ်အင်္ဂါထိခိုက်မှုအာမခံအား ဝယ်ယူနိုင်မည်ဖြစ်ပြီး အာမခံသက်တမ်းကာလမှာ (၁) နှစ်သာဖြစ်သည့်အတွက် အချိန်တိုတိုနှင့် ကိုယ်အင်္ဂါထိခိုက်မှုအာမခံ အကာအကွယ်လည်းရရှိ၍ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော မတော်တဆထိခိုက်မှုများအတွက် မိသားစုများအားလုံးစိတ်လုံခြုံမှုနှင့် ငွေရေးကြေးရေးအခက်အခဲများကိုပါ တခါတည်း ဖြေရှင်းနိုင်မည့် အာမခံအမျိုးအစားတစ်ခုလည်း ဖြစ်ပါသည်။

### စုပေါင်းအသက်အာမခံ

ကုမ္ပဏီအဖွဲ့အစည်းများ၏ အလုပ်သမားဝန်ထမ်းများအား အသက်အန္တရာယ်/ မသန်စွမ်း/ ထိခိုက်ဒဏ်ရာရရှိသည့် ကိစ္စရပ်များအတွက် အကာအကွယ်များကို ပံ့ပိုးပေးသော အာမခံအမျိုးအစားတစ်ခုဖြစ်ပါသည်။ အသက်အာမခံထားသူသည် တစ်ဦးတည်းအတွက် သာမကဘဲ လူအုပ်စုဖြစ်သော ဝန်ထမ်းအဖွဲ့၊ အဖွဲ့အစည်း (သို့မဟုတ်) စုပေါင်းဝယ်ယူချင်သူများအတွက် ရည်ရွယ်ထားသည့် အသက်အာမခံအမျိုးအစားလည်းဖြစ်ပါသည်။ အသက်အားဖြင့် (၁၈) နှစ် မှ (၆၅) နှစ်အထိ မည်သူမဆို ဤစုပေါင်းအာမခံအားဝယ်ယူနိုင်မည်ဖြစ်သည်။ အာမခံသက်တမ်းကာလမှာ (၁) နှစ်သာဖြစ်သောကြောင့် အာမခံထားသူက အာမခံအကာအကွယ်ရရှိရုံသာမက ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့်လည်း အလုပ်သမားဝန်ထမ်းများအား လုပ်ငန်းခွင်တွင် မြဲမြံစေမည့် နည်းလမ်းတစ်ခုအဖြစ် အလုပ်ရှင်များဘက်မှ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အာမခံထားသူက မမျှော်မှန်းနိုင်သော ထိခိုက်ဒဏ်ရာရခြင်းအပါအဝင် အသက်ဆုံးရှုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းများ ကြုံတွေ့ပါက အာမခံထားရှိသူနှင့်၎င်း၏ မိသားစုအတွက် ငွေကြေးကာကွယ်မှုအထောက်အပံ့ကောင်း ရရှိစေသော အာမခံအမျိုးအစားတစ်ခုလည်း ဖြစ်ပါသည်။

MCB ဘဏ်နှင့် ၎င်း၏မိတ်ဖက် အထွေထွေအာမခံကုမ္ပဏီဖြစ်သော **GGI Tokio Marine General Insurance** တို့သည် MCB ဘဏ်၏ သုံးစွဲသူမိသားစုများ တန်ဖိုးထားရတဲ့ ပိုင်ဆိုင်မှုများအပေါ် အာမခံအကာအကွယ် ဝန်ဆောင်မှုများ ငွေကြေးစီမံမှုများရယူနိုင်ရန်အတွက် ရည်ရွယ်ချက်များဖြင့် ၂၀၂၃ ခုနှစ်တွင် အထွေထွေ အာမခံဝန်ဆောင်မှုအသစ်များကို စတင်မိတ်ဆက်ပေးခဲ့ပါသည်။ ဝယ်ယူနိုင်သည့် အာမခံအမျိုးအစားများမှာ-

- မော်တော်ယာဉ် အာမခံ
- မီးအာမခံ

### မော်တော်ယာဉ်အာမခံ

မတော်တဆမှုများ၊ ယာဉ်ပျက်စီးမှုများ၊ ယာဉ်ခိုးမှုများ၊ မိမိယာဉ်ကြောင့် အခြားသူများ၏ ပစ္စည်းပျက်စီးမှု သို့မဟုတ် ကိုယ်ခန္ဓာဒဏ်ရာရမှုများအတွက် တာဝန်ယူအကာအကွယ်ပေးသော အာမခံဖြစ်ပါသည်။ ဝယ်ယူသူ၏ လိုအပ်ချက်အပေါ်မူတည်၍ Third-party Liability မှစပြီး အာမခံအကာအကွယ်များကို အမျိုးအစားစုံလင်စွာ ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ အာမခံသက်တမ်းမှာ ပရီမီယံပေးသွင်းသည့်နေ့မှစ၍ (၁)နှစ်ဖြစ်ပြီး အာမခံထားငွေမှာ ယာဉ်တန်ဖိုး၏ လက်ရှိပေါက်ဈေး၊ အသုံးပြုသည့်နှစ်၊ မောင်းနှင်သည့်နေရာ(ကျေးလက်/မြို့ပြ)ပေါ်တွင် မူတည်၍ တွက်ချက်ခြင်းဖြစ်ပြီး အာမခံငွေကို တစ်နှစ် တစ်ကြိမ်ပေးသွင်းရပါသည်။



### မီးအာမခံ

မီးအာမခံဆိုသည်မှာ မီးလောင်မှုကြောင့် ပစ္စည်းများ ပျက်စီးခြင်း၊ အဆောက်အဦပျက်စီးခြင်း၊ ဓာတ်ငွေ့ပေါက်ကွဲမှု၊ မိုးသီးများကြောင့် အဆောက်အဦထိခိုက်မှုနှင့် တခြားသဘာဝ ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာမှုများအတွက် တာဝန်ယူပေးသော အာမခံအမျိုးအစားဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများနှင့် တိုက်ခန်းများအတွက်သီးသန့်ပမာဏဖြင့်အကာအကွယ်ရယူနိုင်သောအာမခံအမျိုးအစားဖြစ်ပါသည်။ အာမခံသက်တမ်းမှာ ပရီမီယံပေးသွင်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်ပြီး အာမခံထားရှိရမည့် ငွေပမာဏသည် အဆောက်အဦ၏ တည်ဆောက်/တပ်ဆင်ကုန်ကျစရိတ်ငွေ (အဆောက်အဦ၏ ကာလပေါက်ဈေး/ Pledge Area Estimation PAE)၊ ကုန်ပစ္စည်းဝယ်ရင်းဈေး/ ရောင်းချဈေး/ လက်ရှိပေါက်ဈေး၊ ပရိဘောဂဝယ်ရင်းတန်ဖိုးနှင့် စက်ပစ္စည်းဝယ်ယူတပ်ဆင်စရိတ်တန်ဖိုးအတိုင်း တွက်ချက်မှာဖြစ်ပြီး အာမခံငွေကို တစ်နှစ်တစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပါသည်။



# What we Offer

Myanmar Citizens Bank

## နိုင်ငံတကာငွေလွှဲလုပ်ငန်းဝန်ဆောင်မှုများ

MCB ဘဏ်က စိတ်ချယုံကြည်ရ၍ လွယ်ကူစွာ ရယူသုံးစွဲနိုင်ပြီး သုံးစွဲသူများအား ဦးစားပေးဆောင်ရွက်နေသည့် နိုင်ငံတကာငွေလွှဲလုပ်ငန်းဝန်ဆောင်မှုများ ပေးအပ်ခြင်းဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ ငွေရေးကြေးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံမှ မိသားစုဝင် များအတွက် အချိန်နှင့်တပြေးညီ၊ လုံခြုံစိတ်ချစွာ ငွေကြေးလွှဲပြောင်းပေးပို့နိုင်ခြင်း၏ အရေးပါပုံကို သိရှိနားလည်ထားသောကြောင့် MCB ဘဏ်အနေဖြင့် MoneyGram ၊ Ria ၊ Merchantrade ၊ Queen Bee ၊ DollarSmart ၊ Thunes ၊ Myanmar Remit နှင့် TerraPay အပါအဝင် နာမည်ကြီး နိုင်ငံတကာငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်တွဲဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ပရောက် မြန်မာအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကူညီပံ့ပိုးပေးရန်အတွက် MCB ဘဏ်အနေဖြင့် မြန်မာနိုင်ငံမှ နည်းလမ်းအမျိုးမျိုးဖြင့် ငွေကြေးလက်ခံရယူနိုင်ရန် ပံ့ပိုးပေးပါသည်။

**Pin အသုံးပြုပြီး ငွေသားထုတ်ယူခြင်းများ**

MoneyGram ၊ Ria ၊ Merchantrade ၊ Queen Bee သို့မဟုတ် Myanmar Remit မှတဆင့် ငွေကြေးလွှဲပြောင်းမှုများအတွက် မြန်မာနိုင်ငံမှ ငွေလက်ခံရယူသူများသည် ဘဏ်ငွေစာရင်းဖွင့်လှစ်ရန် မလိုအပ်ဘဲ လုံခြုံစိတ်ချရသော PIN Code ဖြင့် ငွေသားအကန့်အသတ်မရှိ လွယ်လင့်တကူ ငွေသားထုတ်ယူနိုင်ပါသည်။

**နေ့ချင်းပြီး ဘဏ်ငွေစာရင်းထဲသို့ ငွေထည့်သွင်းခြင်း**

Ria ၊ Merchantrade ၊ Queen Bee ၊ DollarSmart ၊ Thunes ၊ Myanmar Remit သို့မဟုတ် TerraPay မှတဆင့် ငွေကြေးလွှဲပြောင်းခြင်းများအတွက် မြန်မာနိုင်ငံရှိ MCB ဘဏ်တွင် ဖွင့်လှစ်ထားသော ငွေကြေးလွှဲပို့သူ သို့မဟုတ် ငွေကြေးလက်ခံရယူသူ၏ ဘဏ်ငွေစာရင်းထဲသို့ နေ့ချင်းပြီး လွယ်ကူလျှင်မြန်စွာ တိုက်ရိုက်ငွေကြေးထည့်သွင်းနိုင်ပါသည်။

**Wallet နှင့် ပူးတွဲအသုံးပြုနိုင်ခြင်း**

MCB ဘဏ်သည် ဘဏ်ငွေစာရင်းများအပြင် CTZPay Mobile Wallet ထဲသို့ တိုက်ရိုက်ငွေကြေးထည့်သွင်းပေးနိုင်ပြီး ငွေလက်ခံသူများအား နေ့စဉ်ငွေသွင်းငွေထုတ် ငွေလွှဲခြင်းများပြုလုပ်ရာတွင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် လွယ်ကူလျှင်မြန်အဆင်ပြေစွာ အသုံးပြုနိုင်စေပါသည်။ ဤဝန်ဆောင်မှုအား Ria၊ Queen Bee ၊ Myanmar Remit နှင့် TerraPay မှတဆင့် ငွေကြေး လွှဲပြောင်းပေးပို့မှုများအတွက် ရရှိနိုင်ပါသည်။

MCB ဘဏ်သည် နိုင်ငံတကာငွေလွှဲလုပ်ငန်းဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းကဏ္ဍတွင် သုံးစွဲသူဦးစားပေးသော နည်းလမ်းဖြင့် ဂုဏ်ယူစွာ ဝန်ဆောင်မှုပေးနေပါသည်။ အချိန်နှင့်တပြေးညီ သိရှိနိုင်ခြင်း၊ သုံးစွဲသူများအားဘာသာစကားပေါင်းစုံဖြင့်ဝန်ဆောင်မှုရယူနိုင်ခြင်းနှင့်နိုင်ငံတဝန်းလုံး၌ ရယူအသုံးပြုနိုင်သည့် ငွေပေးချေနိုင်မှု နည်းလမ်းများ အပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှု သုံးစွဲသည်ဖြစ်စေ၊ မသုံးစွဲသည်ဖြစ်စေ ငွေလက်ခံရယူသူ နှစ်မျိုးစလုံးအတွက် လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးခြင်းဖြင့် MCB ဘဏ်သည် ငွေလွှဲပြောင်းလက်ခံရယူခြင်းများအား လွယ်ကူလျင်မြန်စိတ်ချလုံခြုံမှုရှိစေပါသည်။

နိုင်ငံခြားရောက် မြန်မာအလုပ်သမားများ၏ အရေးကြီးသော အခန်းကဏ္ဍအား အသိအမှတ်ပြုသောအားဖြင့် MCB ဘဏ်သည် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအား ပိုမိုပူးပေါင်းဆောင်ရွက်နေပြီး ငွေလွှဲဝန်ဆောင်မှုများကို အဖက်ဖက်မှ ပိုမိုပြည့်စုံလျင်မြန်လွယ်ကူလာစေရန် ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦတွင်လည်း ရင်းနှီးမြှုပ်နှံထားပါသည်။ ငွေစုငွေစာရင်းများ ဖွင့်လှစ်ရန်နှင့် အခြားငွေကြေးဝန်ဆောင်မှုများအား ပိုမိုအသုံးပြုရန် ငွေလွှဲလက်ခံသူများကို အားပေးခြင်းဖြင့် ဘဏ်က အားလုံးပါဝင်သော ငွေရေးကြေးရေးဝန်ဆောင်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံတဝန်းလုံးရှိ မိသားစုများအား ရေရှည်ငွေကြေးတည်ငြိမ်မှုရရှိအောင် ကူညီဆောင်ရွက်နေပါသည်။



# Corporate Governance

MCB ဘဏ်သည် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ကော်ပိုရိတ်အုပ်ချုပ်မှု၏ စံသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်မည်ဟု သံန္နိဋ္ဌာန် ချမှတ်ထားပါသည်။ Stakeholder များအားလုံး၏ အကျိုးစီးပွားကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့်လုပ်ငန်းစွမ်းဆောင်ရည်ရေရှည်ခိုင်မာတည်တံ့စေရန်အတွက်ဘဏ်၏အုပ်ချုပ်မှုမူဘောင်အားတာဝန်ခံမှု၊ပွင့်လင်းမြင်သာမှု၊တရားမျှတမှုနှင့် စုစည်းညီညွတ်မှုစသည့် မူဝါဒများပေါ် အခြေခံ၍ တည်ဆောက်ထားပါသည်။




## ဒါရိုက်တာအဖွဲ့၏ တာဝန်ဝတ္တရားများ

ဒါရိုက်တာအဖွဲ့ (ဘုတ်အဖွဲ့) သည် ဘဏ်အား မဟာဗျူဟာနှင့်အညီ ကြီးကြပ်ကွပ်ကဲလမ်းညွှန်၍ ခိုင်မာသော အုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် ထိရောက်သည့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကိုတိုးတက်အားကောင်းစေပါသည်။ ဘုတ်အဖွဲ့သည် မူဝါဒများ ချမှတ်ရေးဆွဲခြင်း၊ မဟာဗျူဟာအစီအစဉ်များကို အတည်ပြုခြင်း၊ ဘဏ်၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းတို့အား တာဝန်ယူဆောင်ရွက်ပါသည်။

## ဥက္ကဋ္ဌ

ဥက္ကဋ္ဌသည် MCB ဘဏ်၏ မဟာဗျူဟာမြောက်အနာဂတ်မျှော်မှန်းချက်ချမှတ်ရာတွင် ဘုတ်အဖွဲ့ကို ဦးဆောင်ဦးရွက်ပြုပြီး ဘုတ်အဖွဲ့အစည်းအဝေးများတွင်လည်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ဘုတ်အဖွဲ့အစည်းအဝေးကို ကောင်းမွန်စွာ ကျင်းပပြီးစီးနိုင်စေရေးနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ဒါရိုက်တာများက သက်ဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီရရှိနိုင်စေရန် ဥက္ကဋ္ဌမှ တာဝန်ယူပါသည်။ ဥက္ကဋ္ဌသည် ပွင့်လင်းမြင်သာစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် စုပေါင်း ဆောင်ရွက်နိုင်စေရန်လည်း အားပေးတိုက်တွန်းပါသည်။

## Non-Executive ဒါရိုက်တာများ

Non-executive ဒါရိုက်တာများသည် ဆုံးဖြတ်ချက်များအား လွတ်လပ်စွာ ချမှတ်ကြပြီး ဘုတ်အဖွဲ့အား ၎င်းတို့၏ ကျွမ်းကျင်မှုမျိုးစုံဖြင့် ပံ့ပိုးကူညီပေးပါသည်။ ၎င်းတို့အနေဖြင့် ရှယ်ယာရှင်များနှင့် အခြား Stakeholder များ၏ အကျိုးစီးပွားကို ကောင်းစွာပံ့ပိုးပေးနိုင်ရန်အတွက် စီမံခန့်ခွဲရေးကိစ္စရပ်များကို လမ်းညွှန်ဖြေရှင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ တာဝန်ယူကြပါသည်။ ၎င်းတို့၏ တာဝန်များမှာ ဘုတ်အဖွဲ့နှင့် ကော်မတီများ၏ အစည်းအဝေးများကို တက်ရောက်ခြင်း၊ Business Plan များအား သုံးသပ်ခြင်းနှင့် Executive Management ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာခြင်းတို့ ပါဝင်ပါသည်။

## အမှုဆောင်အရာရှိချုပ် (CEO)

## Independent Director

Independent Director အနေဖြင့် ဘုတ်အဖွဲ့၏ ဆွေးနွေးချက်များတွင် ဓမ္မဓိဋ္ဌာန်ကျကျ ဘက်မလိုက်ဘဲ ဝင်ရောက်ဆွေးနွေးဆုံးဖြတ်ပါသည်။ Independent Director သည် ဘဏ်အား အကျိုးစီးပွားများ ကောင်းစွာပံ့ပိုးပေးရာတွင် တာဝန်ရှိအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏ စွမ်းဆောင်ရည်အား သက်ရောက်မှုရှိနိုင်သော စီးပွားရေးလုပ်ငန်းတစ်ခုခုနှင့်ဖြစ်စေ၊ အခြားဆက်ဆံရေးတစ်ခုခုနှင့်ဖြစ်စေ ဆက်နွယ်မှုမရှိစေရပါ။ ၎င်းတို့သည် ဆုံးဖြတ်ချက်များအား သမာသမတ်ကျစွာ ချမှတ်နိုင်အောင် ပံ့ပိုးပေးခြင်း၊ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်များကိုစောင့်ကြည့်စစ်ဆေးခြင်းနှင့်အရေးကြီးသော ဘုတ်အဖွဲ့ကော်မတီများတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါသည်။

CEO သည် ဘုတ်အဖွဲ့မှ အတည်ပြုထားသော မူဝါဒများနှင့် မဟာဗျူဟာများနှင့်အညီ ဘဏ်၏ နေ့တစဉ စီမံခန့်ခွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ယူဆောင်ရွက်ပါသည်။ CEO သည် ဘုတ်အဖွဲ့ထံသို့ တိုက်ရိုက်တင်ပြပြီး ဘဏ်အနေဖြင့် ထိရောက်စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်၊ ဘဏ္ဍာရေး မျှော်မှန်းချက်များ ပြည့်မီစေရန်နှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ယူပါသည်။



## ဘုတ်အဖွဲ့၏ အတည်ပြုချက်ရယူရမည့် ဆုံးဖြတ်ချက်များ

ဘုတ်အဖွဲ့သည် ဘဏ်လုပ်ငန်းလည်ပတ်မှုနှင့် စီမံအုပ်ချုပ်မှုတို့ကို သက်ရောက်မှုရှိစေသည့် ကိစ္စရပ်များအား အတည်ပြုဆုံးဖြတ်ရန် တာဝန်ရှိပါသည်။ ဘုတ်အဖွဲ့၏ အတည်ပြုချက်လိုအပ်သော အဓိကဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- နှစ်စဉ် စီးပွားရေးလုပ်ငန်း အစီအစဉ်နှင့် ရသုံးမှန်းခြေငွေစာရင်းများ။
- မဟာဗျူဟာမြောက် လမ်းညွှန်ချက်နှင့် ကော်ပိုရိတ်မူဝါဒများ။
- အမှုဆောင်အရာရှိချုပ်နှင့် အခြား အဓိက Executive များအား ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း။
- အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းပေါင်းစည်းခြင်းများ၊ ဝယ်ယူစုဆောင်းခြင်းများနှင့် ထုခွဲရောင်းချခြင်းများ။
- မတည်ငွေရင်း တိုးမြှင့်ထည့်သွင်းခြင်း၊ အမြတ်ဝေစု ခွဲဝေပေးအပ်ခြင်းနှင့် မတည်ငွေဆက်စပ်ဖွဲ့စည်းပုံ ပြောင်းလဲခြင်း။
- ဘဏ္ဍာရေးရှင်းတမ်းများနှင့် အစီရင်ခံစာများ။
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများနှင့် မူဘောင်များ။
- လိုက်နာဆောင်ရွက်ရေးနှင့် တာဝန်ရှိအဖွဲ့အစည်းများထံသို့ တင်ပြအစီရင်ခံချက်များ။
- Related-party Transaction များ။

# Corporate Governance

## ဒါရိုက်တာအသစ်များအတွက် မိတ်ဆက်အစီအစဉ်များ

MCB ဘဏ်သည် အသစ်ထပ်မံခန့်အပ်ထားသော ဒါရိုက်တာများအတွက် အားလုံးပါဝင်သော မိတ်ဆက် အစီအစဉ်များအား ဆောင်ရွက်ထားပါသည်။ ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အုပ်ချုပ်မှုမူဘောင်၊ စည်းကမ်းသတ်မှတ်ချက်များနှင့် မဟာဗျူဟာမြောက် ဦးစားပေးဆောင်ရွက်မှုများကို အဖွဲ့ဝင်အသစ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဤအစီအစဉ်များအား ဖန်တီးဖော်ဆောင်ထားပါသည်။ မိတ်ဆက်အစီအစဉ်များတွင် အောက်ပါတို့ပါဝင်ပါသည်။

- ဘဏ်၏ Business Model နှင့် ဘဏ္ဍာရေးအခြေအနေများအား ခြုံငုံသုံးသပ်ချက်။
- စည်းကမ်းသတ်မှတ်ချက်များနှင့် လိုက်နာဆောင်ရွက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အကျဉ်းချုပ် တင်ပြခြင်း။
- Senior Management နှင့် အရေးပါသော ဌာနများတို့နှင့် မိတ်ဆက်ပေးခြင်း။
- ဘုတ်အဖွဲ့၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ကော်မတီဖွဲ့စည်းပုံများအား သုံးသပ်ခြင်း။
- သင့်လျော်သော သင်တန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ တက်ရောက်ခွင့်ပြုခြင်း။

## နှစ်စဉ်လုပ်ငန်းစွမ်းဆောင်ရည်အား အကဲဖြတ်ခြင်း။

ဘုတ်အဖွဲ့သည်၎င်း၏စွမ်းဆောင်ရည်အပြင်ကော်မတီများနှင့်ဒါရိုက်တာတစ်ဦးချင်းစီလုပ်ငန်းစွမ်းဆောင်ရည်များအားနှစ်စဉ်အကဲဖြတ်ပါသည်။အကဲဖြတ်သည့် လုပ်ငန်းစဉ်တွင် အောက်ပါတို့ပါဝင်ပါသည်-

- ကိုယ်တိုင်ပြန်လည်သုံးသပ်ချက်များနှင့် လုပ်ဖော်ကိုင်ဖက်များ၏ သုံးသပ်ချက်များ။
- တက်ရောက်မှု၊ ပါဝင်ဆောင်ရွက်မှု၊ ပြင်ဆင်မှုနှင့် မဟာဗျူဟာကျကျ အားစိုက်ထုတ်မှု အစရှိသည့် လုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာချက်များအား အကဲဖြတ်ချက်များ။
- ကော်မတီ၏ ထိရောက်အကျိုးရှိမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ချက်များ။
- ဥက္ကဋ္ဌနှင့် Independent Director ထံမှ မှတ်ချက်များ။
- လိုအပ်သည့်နေရာတွင် တိုးတက်လာမှုနှင့် လေ့ကျင့်သင်ကြားပေးမှုတို့အတွက် အကြံပြုချက်များ။

လုပ်ငန်းဆောင်ရွက်ရည် အကဲဖြတ်ချက်၏ အကျိုးရလဒ်များသည် ဘုတ်အဖွဲ့၏စွမ်းဆောင်ရည်အား တိုးတက်လာစေပြီး အကောင်းဆုံးသော လုပ်ငန်းဆောင်ရွက်ချက်များနှင့်အညီ ဘဏ်၏ စီမံအုပ်ချုပ်စေနိုင်ပါသည်။



# Board Committees

မတူကွဲပြားခြားနားသော လုပ်ငန်းနယ်ပယ်အမျိုးမျိုးတွင် ဘုတ်အဖွဲ့ဝင်များကို ပံ့ပိုးကူညီရန်နှင့် ဘုတ်အဖွဲ့ များ၏ လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက်ဘုတ်အဖွဲ့ကော်မတီများအားဖွဲ့စည်းထားရှိပါသည်။ကျွန်ုပ်တို့ဘဏ်၏ဘုတ်အဖွဲ့ဝင်များထဲတွင်ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ သွင်းကုန်ပို့ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုအတတ်ပညာ၊ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်ရေးစသည်ဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးမှ အဖွဲ့ဝင်များပါဝင်ကြပါသည်။ ဘုတ်အဖွဲ့ကော်မတီများကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုပြည့်ဝပြီး သီးခြားလွတ်လပ်သော ဒါရိုက်တာများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွဲ့စည်းထားရှိပါသည်။

ကျွန်ုပ်တို့ဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများကို ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၏ အခန်းကဏ္ဍမျိုးစုံအား ကိုင်တွယ် ဖြေရှင်းရန် ဖွဲ့စည်းထားရှိပြီး စာရင်းစစ်ကော်မတီ (Audit Committee)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေးကော်မတီ (Integrated Risk Management and Compliance Committee)၊ ချေးငွေ ကော်မတီ (Credit Committee)၊ လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ (Remuneration & Nomination Committee) နှင့် သတင်းအချက်အလက်နှင့် နည်းပညာဦးဆောင်ကော်မတီ (IT Steering Committee) တို့ ပါဝင်ပါသည်။ ဤကဲ့သို့ မတူကွဲပြားခြားနားမှုများအား ပေါင်းစပ်ဖွဲ့စည်းထားခြင်းက ကျွန်ုပ်တို့ဘဏ်နှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါသည်။ ဘုတ်အဖွဲ့ကော်မတီများသည်ကြီးကြပ်ကွပ်ကဲရေး၊စည်းကမ်းသတ်မှတ်ချက်များအားလိုက်နာဆောင်ရွက်ရေးနှင့်တာဝန်ယူမှု၊တာဝန်ခံမှုတို့ကိုမြှင့်တင်ရေးစသည်တို့ကိုလည်း တာဝန်ယူဆောင်ရွက်ပါသည်။ ဘုတ်အဖွဲ့ကော်မတီများ၏ အစည်းအဝေးမှတ်တမ်းများအား ကောင်းစွာမှတ်တမ်းတင်ထားရှိပြီး ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုအဖွဲ့သည် ဘုတ်အဖွဲ့ကော်မတီများမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များ၊ အကြံပြုချက်များကို အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း အစည်းအဝေးအကြိမ်ရေ ၃၈ ကြိမ်ရှိပြီး ကော်မတီဝင်များ၏ အစည်းအဝေးတက်ရောက်နှုန်းမှာ ၇၃% ရှိပါသည်။ ကျွန်ုပ်တို့ဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများ၏ အသေးစိတ်အချက်အလက်များနှင့် ကျင်းပခဲ့သော အစည်းအဝေးအရေအတွက်ဇယားအား အောက်တွင် ဖော်ပြထားပါသည်။

### (၁) စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ (BAC)

စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ (BAC) အား သီးခြားလွတ်လပ်သော ဒါရိုက်တာမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး Non-executive Director (၂) ဦးမှ အဖွဲ့ဝင်များအဖြစ် ပါဝင်၍ Head of Internal Audit မှ အတွင်းရေးမှူးတာဝန်ယူထားပါသည်။ ဥက္ကဋ္ဌသည် B.Econ (Statistics) နှင့် Diploma of Economic Planning (D.E.P) ဘွဲ့များရရှိထားပြီး နှစ်ပေါင်းများစွာ စာရင်းစစ်ဆေးမှုဆိုင်ရာ အတွေ့အကြုံများဖြင့် ပြည့်စုံနေပါသည်။ BAC သည် ဘဏ်၏အုပ်ချုပ်မှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ဘဏ်အတွင်း ထိန်းသိမ်းဆောင်ရွက်ရမည့် အလေ့အကျင့်များအား စနစ်တကျကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းထားပါသည်။ ကော်မတီသည် ဘဏ်လုပ်ငန်းများကို ထိရောက်စွာ လက်တွေ့လုပ်ဆောင်နိုင်ခြင်းနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်အစီရင်ခံစာများ၊ အကြံဉာဏ်များနှင့် လမ်းညွှန်မှုများအား ပံ့ပိုးပေးခြင်းဖြင့် ဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ကို ထောက်ပံ့ကူညီပါ သည်။ BAC သည် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် ပြင်ပစာရင်းစစ်ကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာပါ အမြင့်ဆုံးစံချိန်စံညွှန်းများကို ထိန်းချုပ်ရေးတွင် အားဖြည့်ကူညီခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ပါသည်။



# Board Committees

## (၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေးဘုတ်အဖွဲ့ကော်မတီ (BIRCC)

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေး ဘုတ်အဖွဲ့ ကော်မတီ (BIRCC) အား သီးခြားလွတ်လပ်သော ဒါရိုက်တာမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး Non-executive Director (၂) ဦးမှ အဖွဲ့ဝင်များအဖြစ် ပါဝင်၍ Chief Risk & Compliance Officer (CRCO) မှ အတွင်းရေးမှူး တာဝန်ယူထားပါသည်။ BIRCC သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးမူဘောင် တစ်ခုအား ချမှတ်ရန်၊ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲရန်နှင့် ပြန်လည်သုံးသပ်ရန် တာဝန်ရှိပါသည်။ လုပ်ငန်းဆောင်တာများကို တာဝန်ယူဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေရေး နည်းလမ်းများအား ထည့်သွင်းစဉ်းစားပါသည်။ BIRCC သည် ဆောင်ရွက်ပြီးစီးသွားသော စီးပွားရေးလုပ်ငန်းများ၏ အကျိုးရလဒ်များကို ဆုံးရှုံးနိုင်ခြေ အမြင်ရှုထောင့်မှ စိစစ်သုံးသပ်မည်ဖြစ်ပြီး လိုအပ်ပါက တိကျမှန်ကန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော မူဝါဒများနှင့် စည်းမျဉ်းများကို ဘဏ်မှ တိကျစွာ လိုက်နာဆောင်ရွက်ရာတွင် ကြီးကြပ်ရန် တာဝန်ရှိပါသည်။






## (၃) ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ (BCC)

ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ (BCC) အား Non-executive ဒါရိုက်တာအဖွဲ့ဝင် (၃) ဦးနှင့် အတွင်းရေးမှူးအဖြစ် Chief Credit Officer မှ တာဝန်ယူဆောင်ရွက်ပါသည်။ BCC သည် (၁) ဘဏ်၏ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း၊ (၂) ချေးငွေဝန်ဆောင်မှုများကို သုံးသပ်အတည်ပြုခြင်း၊ (၃) ဘဏ်၏ Credit Portfolio ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်ခြင်းနှင့် (၄) ချေးငွေအဆိုပြုချက်များအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းစသည်တို့ ပါဝင်သည့် ဘဏ်၏ချေးငွေနှင့် ငွေထုတ်ချေးခြင်းဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် ရည်ရွယ်ချက်များကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

## (၄) သတင်းအချက်အလက်နှင့် နည်းပညာဦးဆောင်ကော်မတီ (ITSC)

သတင်းအချက်အလက်နှင့် နည်းပညာဦးဆောင်ကော်မတီ (ITSC) အား Non-executive ဒါရိုက်တာအဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းထားပြီး Head of IT မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ ITSC သည် ဘဏ်၏ ဝန်ဆောင်မှုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် နည်းပညာနှင့်ပတ်သက်သော မဟာဗျူဟာများနှင့် မူဝါဒများကို ချမှတ်ပေးရန် တာဝန်ရှိပါသည်။ ဘဏ်၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို သုံးသပ်ခြင်း၊ ဦးစားပေးလုပ်ဆောင်ရမည့် နည်းပညာနှင့် သတင်းအချက်အလက်များ အား တာဝန်ယူစီမံခန့်ခွဲခြင်းနှင့် ဘဏ်၏ Core Banking System စွမ်းဆောင်ရည်များကို ကြီးကြပ်ပြီး လမ်းညွှန်ပေးရန် တာဝန်ရှိပါသည်။ အဓိကကျသော သတင်းအချက်အလက်နှင့် နည်းပညာစွမ်းဆောင်ရည် များ၏ တိုးတက်မှုများ၊ IT ဆိုင်ရာ ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဘဏ္ဍာရေးကိစ္စများနှင့် Core Banking စွမ်းဆောင်ရည်များကို စောင့်ကြည့်ကြီးကြပ်ပါသည်။

## (၅) လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ (RNC)

လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီအား Non-executive ဒါရိုက်တာအဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းထားပြီး Chief Human Resources Officer (CHRO) မှ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ပါသည်။ RNC သည် ဝန်ထမ်းများနှင့် သက်ဆိုင်သည့် မူဝါဒများ၊ ဝန်ထမ်းများ၏ လုပ်ခလစာနှင့် အပိုချီးမြှင့်ငွေများ၊ နိုင်ငံခြားသားပညာရှင်များနှင့် စီမံခန့်ခွဲမှုအဆင့်တွင် ပါဝင်ရမည့် ဝန်ထမ်းဦးရေ လိုအပ်ချက်များ စသည်တို့ကို သုံးသပ်၍ အတည်ပြုချက်များ ချမှတ်ပေးရန် တာဝန်ရှိပါသည်။ ကော်မတီသည် ဘဏ်၏ရေရှည်မဟာဗျူဟာ/ မျှော်မှန်းချက်များနှင့်အညီ စျေးကွက်စံနှုန်းများနှင့် အလေ့အထများပေါ်မူတည်၍ HR ကိစ္စရပ်များကို စေ့စေ့စပ်စပ် သုံးသပ်ဆုံးဖြတ်ရန်နှင့် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြစ်လာစေရေးအတွက် အားပေးတိုက်တွန်းရန်လည်း တာဝန်ရှိပါသည်။

| ရာထူး | အမည် | BOD | BAC | BCC | BIRCC | RNC | ITSC |
|---|---|---|---|---|---|---|---|
| ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ | ဦးတိုးအောင်မြင့် | (၁၁/ ၁၁) | - | - | - | (၆ / ၆) | - |
| ဒါရိုက်တာအဖွဲ့ဒုဥက္ကဋ္ဌ | ဦးအောင်သွင်ဦး | (၄ / ၁၁) | (၂ / ၄) | - | (၄ / ၄) | - | - |
| ဒါရိုက်တာ | ဦးအောင်စိုး | (၁၁/ ၁၁) | (၄ / ၄) | (၆ / ၆) | (၄ / ၄) | - | (၇ / ၇) |
| ဒါရိုက်တာ | ဒေါ်ခင်မာမြင့် | (၁၁/ ၁၁) | - | (၆ / ၆) | - | (၄ / ၆) | (၂ / ၇) |
| ဒါရိုက်တာ | ဦးအောင်အောင် | (၁၁/ ၁၁) | - | (၆ / ၆) | - | (၄ / ၆) | (၇/၇) |
| ဒါရိုက်တာ | ဦးဌေးချွန် | (၁၁/ ၁၁) | (၄ / ၄) | - | (၄ / ၄) | - | - |
| ဒါရိုက်တာ | ဦးလှဦး | (၅/ ၁၁) | - | - | - | - | - |
| ဒါရိုက်တာ | ဦးထွန်းလွင် | (၆ / ၁၁) | - | - | - | - | - |
| ဒါရိုက်တာ | ဦးအုန်းဆိုင် | (၄ / ၁၁) | - | - | - | - | - |

# Board of Directors

ဒါရိုက်တာအဖွဲ့သည် မည်သည့်စီးပွားရေးလုပ်ငန်းများတွင်မဆို အောင်မြင်စွာ လုပ်ငန်းလည်ပတ်နိုင်စေရန် စုစည်းဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ ရှိပါသည်။ MCB ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အသေးစိတ်ပြဋ္ဌာန်းထားပါသည်။ ဒါရိုက်တာအဖွဲ့တွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ သွင်းကုန်ပို့ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုအတတ်ပညာ၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုစသည့် မတူကွဲပြားသော နယ်ပယ်အသီးသီးမှ အဖွဲ့ဝင်များပါဝင်ကြပါသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်သော မျှော်မှန်းချက်များ၊ တာဝန်များ၊ မူဝါဒများနှင့် ရေတို၊ ရေရှည်ကော်ပိုရိတ်မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လမ်းညွှန်မှုများ ပံ့ပိုးပေးရန်နှင့် မတူကွဲပြားခြားနားသော ကဏ္ဍများတွင် ကြီးကြပ်ကွပ်ကဲလမ်းညွှန်ပေးရန်အတွက် အဖက်ဖက်မှ လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းများဖြင့် ပြည့်စုံကြပါသည်။

ဒါရိုက်တာအဖွဲ့သည် MCB ဘဏ်ကို အောင်မြင်မှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လွန်စွာအရေးပါလှပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် စွမ်းဆောင်ရည်မြင့်မားသော ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နှင့် အမိကစီမံခန့်ခွဲသူများ၏ အရည်အချင်းများကို အကဲဖြတ်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ရာထူးခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတို့နှင့် ပတ်သက်၍ MCB ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုအပေါ် အလေးထားဆောင်ရွက်ခြင်းသည် ဘဏ်လုပ်ငန်းကို တည်ငြိမ်မှုရရှိစေပြီး စည်းမျဉ်းစည်းကမ်းများနှင့် အညီလည်း လိုက်နာဆောင်ရွက်နိုင်စေပါသည်။ ဒါရိုက်တာအဖွဲ့၏ ကျင့်ဝတ်သိက္ခာ၊ ပွင့်လင်းမြင်သာမှုတို့ပေါ်ထားရှိသော ကတိကဝတ်များက ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တိုးမြင့်လာစေသည်။ အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့၏ မဟာဗျူဟာမြောက် အောင်မြင်မှုပန်းတိုင်သို့ ရှေးရှု၍ ချီတက်လှမ်းနေချိန်တွင် ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှုစံနှုန်းများကို တိကျစွာ လိုက်နာဆောင်ရွက်ပြီး စွမ်းဆောင်ရည်များ တိုးတက်လာစေရန်အတွက် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်မှုက မရှိမဖြစ် အရေးပါလှပါသည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏နှစ် (၃၂) ပြည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အတည်ပြုချက်အရ (၂၀၂၄ - ၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ဒါရိုက်တာများအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။



ဦးတိုးအောင်မြင့်
ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ
**Non-Executive Director**
- လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ



ဦးအောင်သွင်ဦး
ဒါရိုက်တာအဖွဲ့ ဒုဥက္ကဋ္ဌ
**Non-Executive Director**
- စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေးကော်မတီ



ဦးအောင်စိုး
**Non-Executive Director**
- ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ
- စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေးကော်မတီ
- သတင်းအချက်အလက်နှင့်နည်းပညာဦးဆောင်ကော်မတီ



ဒေါ်ခင်မာမြင့်
**Non-Executive Director**
- လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ
- ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ
- သတင်းအချက်အလက်နှင့်နည်းပညာဦးဆောင်ကော်မတီ



ဦးအောင်အောင်
**Non-Executive Director**
- သတင်းအချက်အလက်နှင့်နည်းပညာဦးဆောင်ကော်မတီ
- ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ
- လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ



ဦးထွန်းလွင်
**Non-Executive Director**



ဦးအုန်းဆိုင်
**Non-Executive Director**



ဦးလှဦး
**Non-Executive Director**



ဦးငွေချွန်
**Independent Director**
- စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် လိုက်နာဆောင်ရွက်ရေးကော်မတီ

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

# အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကော်မတီ (EMC)

စီမံခန့်ခွဲမှုကော်မတီသည် ဘဏ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့ဘဏ်သည် အဆင့်မြင့်ဆုံး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာလျက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကိုဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများကိုဖြစ်စေ၊ နိုင်ငံသားတိုင်းကိုဖြစ်စေ ဝန်ဆောင်မှုမျိုးစုံကို ပံ့ပိုးပေးအပ်လျက်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လုပ်ငန်းဆောင်တာများကို ကျေပွန်စွာထမ်းဆောင်နေသည့် စီမံခန့်ခွဲမှုကော်မတီသည် ၎င်း၏မဟာဗျူဟာမြောက် ဦးဆောင်ဦးရွက်ပြုမှု၊ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲနိုင်မှု၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘက်စုံစွမ်းဆောင်ရည်တို့ကြောင့် ဘဏ်၏အောင်မြင်မှုအတွက် လွန်စွာအရေးပါသော အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်။ ထိုကော်မတီ၏ အခန်းကဏ္ဍသည် ဘဏ်လုပ်ငန်းအား တည်ငြိမ်မှုရရှိစေခြင်း၊ Customer များအား ဝန်ဆောင်မှုပေးအပ်နိုင်ခြင်းနှင့် Stakeholder အသီးသီးအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းစသည်တို့ကို ပံ့ပိုးရာတွင်လည်း မရှိမဖြစ် လိုအပ်ပါသည်။

MCB ဘဏ်၏ စီမံခန့်ခွဲမှုအဖွဲ့အား မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရှိ ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။ ဤအဖွဲ့သည် ဘဏ်၏မဟာဗျူဟာ ရည်မှန်းချက်များကို ဖော်ဆောင်ရန်နှင့် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော ရေရှည်ရည်မှန်းချက်များနှင့်အညီ စီးပွားရေးလုပ်ငန်း ဦးတည်ချက်များကို ချမှတ်ရေးဆွဲရန်အတွက် တာဝန်ရှိပါသည်။ ထို့အပြင် မဟာဗျူဟာများ ချမှတ်ခြင်း၊ ဝန်ထမ်းအင်အား စီမံခန့်ခွဲခြင်း၊ လုပ်ငန်းများ ဆုံးရှုံးနိုင်ခြေနည်းပါးပြီး ကောင်းမွန်စွာ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်နေလျက်ရှိပြီး အမြတ်အစွန်းရရှိမှု၊ လုပ်ငန်းတိုးတက်မှု၊ မတည်ငွေရင်း လုံလောက်မှုနှင့် ငွေဖြစ်လွယ်မှုစသည်တို့ကဲ့သို့သော အဓိကအချက်များကိုလည်း ဂရုတစိုက်စောင့်ကြည့်လျက် ရှိပါသည်။ ထို့မျှမက စီမံခန့်ခွဲမှုအဖွဲ့သည် ဆုံးရှုံးနိုင်ခြေပမာဏကို သုံးသပ်တွက်ချက်ခြင်း၊ ယင်းတို့အား ထိန်းချုပ်ရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းနှင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုရှိစေရန် ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကိုလည်း ကြီးကြပ်ကွပ်ကဲပါသည်။ ထို့အပြင် ၎င်းတို့သည် ဘဏ်တွင်းလုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ သတ်မှတ်ထားရှိပြီး ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန် သတင်းပေးပို့သည့် စနစ်များကို သတ်မှတ်ပေးခြင်းဖြင့် အုပ်ချုပ်ရေးနှင့် လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ပါသည်။

စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ကော်မတီသည် သုံးစွဲသူများ စိတ်ကျေနပ်မှု ရရှိစေပြီး ဘဏ်လုပ်ငန်း တွင်ကျယ်စွာလည်ပတ်နိုင်ရေးအတွက် နည်းပညာဆန်းသစ်တီထွင်မှုကို အသုံးချ၍ Online Platform များ၊ Mobile App များနှင့် အဆင့်မြင့်လုံခြုံရေးနည်းပညာများ ပေါင်းစပ်လုပ်ကိုင်ရာတွင် မရှိမဖြစ် လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့အပြင် ၎င်းတို့သည် စီးပွားရေးအခြေအနေ ယိမ်းယိုင်နေချိန်တွင် ဘဏ်၏စီးပွားရေး တောင့်တင်းခိုင်မာမှုအတွက် ပဋိပက္ခများ စီမံခန့်ခွဲမှု (Crisis Management) များချမှတ်ရန် တာဝန်ရှိပြီး ဘဏ်အား ကိုယ်စားပြု၍ Stakeholder မျိုးစုံဖြစ်သည့် အစုရှယ်ယာရှင်များ၊ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့အစည်းများ၊ အများပြည်သူတို့နှင့် ဆက်သွယ်ဆောင်ရွက်ရသောကြောင့် ၎င်းတို့နှင့်လည်း ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ထားရှိရန်လည်း လိုအပ်ပါသည်။



**ဒေါ်ချိုချိုအေး**
Interim Chief Executive Officer



**ဦးမျိုးသက်နိုင်**
Deputy Chief Executive Officer



**ဒေါ်ခင်ချောစုဝင်း**
Chief Financial Officer



**ဦးသိန်းထွဋ်**
Chief Technology Officer



**ဦးမင်းဦး**
Chief Human Resources Officer



**Mr. Sunny Maharjan**
Head of Operations



**ဒေါ်အေးချမ်းဖြူဖြူ**
Head of Deposit and Digital Banking



**ဒေါ်မျိုးပပမျိုး**
Head of Centralize Operations and Control

# စီမံခန့်ခွဲရေးအဖွဲ့

MCB ဘဏ်ရှိ စီမံခန့်ခွဲရေးအဖွဲ့သည် ဘဏ်လုပ်ငန်းအောင်မြင်တိုးတက်ရေးနှင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကော်မတီ (Executive Management Committee – EMC) မှ ချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်စေရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဆိုပါအဖွဲ့ရှိ ခေါင်းဆောင်များသည် EMC ၏ မဟာဗျူဟာကျသော မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပြီး အောင်မြင်မှုရလဒ်များ ရရှိအောင် ဆောင်ရွက်ရာတွင် အခရာကျသူများဖြစ်ကြပါသည်။ ပထမဦးစွာ ၎င်းတို့သည် မဟာဗျူဟာမြောက်ပန်းတိုင်များနှင့်အညီ ဘဏ်၏ရည်မှန်းချက်နှင့် မျှော်မှန်းချက်တို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိပြီး သက်ဆိုင်ရာဌာနများအား ဤမဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့်ကိုက်ညီမှုရှိအောင် လမ်းညွှန်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့အပြင် ဌာနအသီးသီးက ဘဏ်၏ ဘက်စုံ ရည်မှန်းချက်များပြည့်မီအောင် အတူတကွကြိုးပမ်းအားထုတ်ခြင်းခြင့် မဟာဗျူဟာကျသော လမ်းညွှန်ချက်များနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများအကြား အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ပေးသည့် အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် စီမံခန့်ခွဲရေးအဖွဲ့သည် မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကပဲ့ကိုင်ရှင်များလည်းဖြစ်ကြပါသည်။ ၎င်းတို့သည် မဟာဗျူဟာမြောက်ပန်းတိုင်များအား အကောင်အထည် ဖော်ဆောင်မည့် အဆင့်အလိုက် တာဝန်များကို ခွဲဝေပေးအပ်၍ မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုတို့ကို စီမံကွပ်ကဲကြပါသည်။ လမ်းညွှန်ချက်များကို ရှင်းလင်းစွာချမှတ်ခြင်း၊ ဦးစားပေးရမည့် ကိစ္စရပ်များကို သတ်မှတ်ခြင်းနှင့် အရင်းအမြစ်များခွဲဝေမှုကို စီမံခန့်ခွဲခြင်းစသည့် အရည်အချင်းများက EMC ၏ မဟာဗျူဟာမြောက် နည်းလမ်းများအား ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုမြင့်မားသောစွမ်းဆောင်ရည်တို့ကို မြှင့်တင်ရာတွင် မိမိတို့၏အဖွဲ့သားများကို ဦးဆောင်ရန်၊ အားပေးတိုက်တွန်းရန်နှင့် လမ်းညွှန်ပေးရန်အတွက်လည်း တာဝန်ရှိပါသည်။ မဟာဗျူဟာများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မိမိတို့၏အဖွဲ့သားများအား လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများမျှဝေပေးရန်လည်း တာဝန်ရှိပါသည်။


ဒေါ်ချိုချိုအေး
Interim Chief Executive Officer


ဦးမျိုးသက်နိုင်
Deputy Chief Executive Officer


ဒေါ်ခင်ချောစုဝင်း
Chief Financial Officer


ဦးစိုးဝေနောင်
Chief Risk and Compliance Officer


ဦးသိန်းထွဋ်
Chief Technology Officer


ဦးမင်းဦး
Chief Human Resources Officer


Roman Pradhanang
Head of IT


Sunny Maharjan
Head of Operations


ဒေါ်အေးချမ်းဖြူဖြူ
Head of Deposit and Digital Banking


ဒေါ်မျိုးပပမျိုး
Head of Centralize Operations and Control


ဒေါ်ခင်ဆွေဦး
Head of Internal Audit


ဦးစိုးအောင်
Head of Collection and Recovery


ဒေါ်အေးမို့မို့ထွန်း
Head of SME Banking


ဦးကျော်ကိုလင်း
Head of Credit Administration


ဒေါ်ဖွေးနုအေး
Head of Treasury


ဦးလှဝင်းမြင့်
Head of General Service


ဦးအေးမင်းသိန်း
Head of Trade Finance


ဒေါ်အင်ကြင်း
Head of Corporate Banking


ဦးသိန်းစိုးမြင့်
Head of Trade Operations


ဦးထွန်းထွန်းလင်း
Head of Consumer Banking


ဒေါ်အိအိမိုး
Regional Head (Region-1)


ဦးအောင်ဇော်လတ်
Regional Head (Region-2)


ဒေါ်လေးမိစံ
Regional Head (Region-3)


ဦးရန်နောင်
Regional Head (Region-4)

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank




# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှု မှုဘောင်

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသည် ဘဏ်လုပ်ငန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဘဏ်၏စီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေဆိုင်ရာ ကိစ္စရပ်အမျိုးမျိုးအား စီမံခန့်ခွဲခြင်းနှင့် အဓိပ္ပါယ်ဆင်တူပါသည်။ ဆုံးရှုံးနိုင်ခြေရှိမှုသည် ဘဏ်အပေါ် အကျိုးသက်ရောက်မှုပမာဏနှင့် ဆုံးရှုံးနိုင်ခြေများ၏အတိမ်အနက်ပေါ်မူတည်၍လည်း ကွဲပြားခြားနားပါသည်။ MCB ဘဏ်သည် နောက်ခံအကြောင်းအရာများနှင့်သက်ဆိုင်သော အချက်အလက်စာရွက်စာတမ်းများ၊ လက်ရှိဖြစ်ပေါ်နေသော ဈေးကွက်အနေအထားများ၊ ညွှန်းကိန်းများနှင့် အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသည့် အကြောင်းအရာများပေါ်တွင် အခြေခံ၍ ဆောင်ရွက်ထားသော လုပ်ဆောင်မှုအားလုံးတွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးသက်ရောက်မှုများကို ကြိုတင်မျှော်မှန်းတွက်ဆပြီး စိစစ်သုံးသပ်ရန်၊ အဆိုပါအကျိုးသက်ရောက်မှုမှ ဖြစ်ပေါ်လာနိုင်သည့် အရေးကြီးမှုကိုခန့်မှန်းရန်၊ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန်နှင့် လျော့ပါးသက်သာစေရန်အတွက် ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှု စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ထိန်းချုပ်နိုင်ရေး သတ်မှတ်ချက်များ (Parameters) ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။

MCB ဘဏ်၏ ဒါရိုက်တာအဖွဲ့ (BOD)နှင့် Management Team သည် ဘဏ်လုပ်ငန်းအားလုံးတွင် ဆုံးရှုံးနိုင်ခြေများရှိကြောင်း ကောင်းစွာနားလည်သဘောပေါက်ထားကြပြီးဖြစ်ပါသည်။ MCB သည် ဘဏ်၏ဖွဲ့စည်းပုံတွင် ခိုင်မာသော Integrated Risk and Compliance Management Framework ကိုထည့်သွင်းရေးဆွဲထားပြီး မူဝါဒ (Policy)၊ လက်စွဲစာအုပ် (Manual)၊ လမ်းညွှန်ချက်များ(Guidelines)၊ Standard Operating Procedure (SOP) များ နှင့် စီမံခန့်ခွဲရေးဆိုင်ရာ Term of Reference (TOR) များကို စီမံခန့်ခွဲမှုနှင့် Board-level committee များအတွက် သတ်မှတ်ထားရှိပြီး နေ့စဉ်စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထိရောက်စွာ အကောင်အထည်ဖော် လိုက်နာကျင့်သုံးလျက်ရှိပါသည်။

ဘဏ်၏ ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးအတွက် MCB ဘဏ်တွင် အဓိက ဆုံးရှုံးနိုင်ခြေ အမျိုးအစား (၅) ခုအား သတ်မှတ်ထားပါသည်။ ၎င်းတို့မှာ Credit Risk ၊ Operations Risk ၊ Market & Liquidity Risk ၊ IT & Cyber Risk နှင့် Compliance Risk တို့ဖြစ်ကြသည်။ ထို့ပြင် Integrated Risk and Compliance Department (IRCD) အောက်တွင် Credit Risk Management Unit ၊ Operations Risk Management Unit ၊ Market & Liquidity Risk Management Unit ၊ IT & Cyber Risk Management Unit များနှင့် Compliance and Governance Department စသည့် မတူညီသော Risk and Compliance Management Department များ/ Unit များဟူ၍ စုစုပေါင်းဌာန (၅) ခုကိုလည်း ဖွဲ့စည်းထားပါသည်။ ဤလုပ်ငန်းဆောင်တာများအားလုံးအား Chief Risk and Compliance Officer (CRCO) က ဦးဆောင်ပါသည်။ ၎င်း၏အဓိကလုပ်ငန်းဆောင်တာများမှာ သက်ဆိုင်ရာနယ်ပယ်များအလိုက် ဆုံးရှုံးနိုင်ခြေများကို ခွဲခြားသတ်မှတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းတို့ဖြစ်ကြ ပြီး ဘဏ်အား ထိခိုက်နစ်နာစေနိုင်မည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကျရောက်ခြင်းမှ ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုအလုံးစုံကို လျှော့ချရန် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနည်းလမ်းများအားလုံးအတွက် ထိန်းချုပ်မှုအစီအမံများနှင့် လျော့ပါးသက်သာစေရေးအားလည်း ထပ်မံအကြံပြုရမည်ဖြစ်ပါသည်။



## MCB's Risk Management Framework

| Credit Risk Management | Operations Risk Management | Market & Liquidity Risk Management | IT & Cyber Risk Management | Compliance and Governance |
|---|---|---|---|---|
| Focuses on managing risks asociated with lending and credit activities. | Adresses risks related to operational proceses and systems. | Manages risks related to market fluctuations and liquidity. | Protects against risk related to technology and cyber threats. | Ensures adherence to regulations and ethical standards. |

MCB ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော နိုင်ငံအတွင်းကျင့်သုံးရမည့် မူဝါဒများ၊ စည်းမျဉ်းများ၊ ဥပဒေအမျိုးမျိုးနှင့် နိုင်ငံတကာမှ လက်ခံထားသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ ကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အငြင်းပွားမှုများကို ရှောင်ရှားရန် နှင့် Risk and Compliance Manager များ/Integrated Risk and Compliance Department က သီးခြား လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိကျသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့်အညီ Risk Unit Head များအားလုံးသည် CRCO ထံသို့ သတင်းပေးပို့ရမည်ဖြစ်ပြီး CRCO အနေဖြင့် Board Integrated Risk Management Committee (BIRCC) ထံသို့ တိုက်ရိုက်သတင်းပေးပို့အစီရင်ခံရမည်။ CRCO နှင့်/သို့မဟုတ် Risk and Compliance Manager များသည် CEO ၊ Senior Management များနှင့်/သို့မဟုတ် အခြား HOD များနှင့်လည်း လုပ်ငန်းကိစ္စများကို အတူတကွပူးတွဲလုပ်ဆောင်ကြပါသည်။ CRCO အနေဖြင့် Board Level Committee ထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြခြင်းက လုပ်ငန်းတာဝန်များ ရှုပ်ထွေးစေခြင်းနှင့်/ သို့မဟုတ် မလိုလားအပ်သော အနှောင့်အယှက် သို့မဟုတ် အခက်အခဲများဖြစ်ပေါ်ခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။ IRCD ဌာနသည် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို BIRCC သို့ လွတ်လပ်စွာ အစီရင်ခံတင်ပြနိုင်သည့် သီးခြားလွတ်လပ်စွာ ရပ်တည်သော ဌာနတစ်ခုဖြစ်ပါသည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ၊ဆုံးရှုံးနိုင်ခြေရှိမှုများကို သတင်းပေးပို့ခြင်း၊ ဆုံးရှုံးနိုင်ခြေရှိသည့် အဖြစ်အပျက်များနှင့် ဆုံးရှုံးနိုင်ခြေရှိမှုတို့ကို လျော့ပါးသက်သာရန်/ထိန်းချုပ်ရန် ဆောင်ရွက်ချက်များအားလုံးကို BIRCC မှတဆင့် ကြီးကြပ်ကွပ်ကဲမည်ဖြစ်ပါသည်။

ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာစီမံခန့်ခွဲခြင်းသည် IRCD ဌာန/ Committee သို့မဟုတ် Risk and Compliance Manager များသာမက ဘဏ်တစ်ခုလုံးရှိ ဝန်ထမ်းများအားလုံး၏ လုပ်ငန်းတာဝန်များဖြစ်ကြောင်း MCB ဘဏ်မှ ယုံကြည်လက်ခံထားပါသည်။ ထို့ကြောင့် ဘဏ်၏အလုံးစုံသော ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲခြင်းများအတွက် ဝန်ထမ်းအားလုံးတွင် တာဝန်ရှိကြောင်း နားလည်သဘောပေါက်ကြစေရန် အမြဲတမ်းကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ယေဘုယျအားဖြင့် ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များ၊ မတော်တဆမှုများကို တားဆီးရန်နှင့်/သို့မဟုတ် ထိခိုက်နစ်နာမှုများကို စီမံခန့်ခွဲရန်၊ ထိန်းချုပ်ရန်နှင့် လျော့ပါးသက်သာစေရန်အတွက် MCB ဘဏ်တွင် ကောင်းစွာသင်ကြားလေ့ကျင့်ထားပြီးဖြစ်သော Integrated Risk Management Framework နှင့် Compliance Management Framework တွင် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်နိုင်ရန်အတွက် Internal တွင် Line of Defense (၃) ခုနှင့် External တွင် Line of Defense (၁) ခုပါရှိ၍ စုစုပေါင်း (၄) ခုရှိပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရာတွင် First Line of Defense အနေဖြင့် ပြင်ပ Customer နှင့်သော်လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်ဆံပြောဆိုရသည့် Operations နှင့် Business Front နှစ်ခုစလုံးမှ Front Line Employee များနှင့် အခြား Executive များ/Management Staff များဖြစ်ကြပြီး ၎င်းတို့၏ တာဝန်များမှာ ဘဏ်က ဝန်ဆောင်မှုပေးအပ်သည့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအားလုံးတွင် ဆုံးရှုံးနိုင်မှုကို လျော့နည်းစေသည့် ဝန်ဆောင်မှုအရည်အသွေး၊ ကောင်းမွန်ထိရောက်အကျိုးရှိနိုင်သော ဘဏ်လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စများ/လုပ်ငန်းသဘောတူဆောင်ရွက်ချက်များ၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် အတည်ပြုခြင်းများ၊ SOP များ၊ မူဝါဒများ နှင့် Manual များ နှင့် လမ်းညွှန်ချက်များချမှတ်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ Second Line of Defense အနေဖြင့် Integrated Risk and Compliance Management Unit များ/Department ၊ Risk and Compliance Manager များ၊ Integrated Risk and Compliance Committee များနှင့် ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေရှိမှုများကို အမြဲတမ်း စောင့်ကြည့်၊ စိစစ်၊ အကဲဖြတ်/သုံးသပ်၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ Risk Statement များကို ထုတ်ပြန်ခြင်း၊ ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေသည့် လုပ်ထုံးလုပ်နည်းများကို အကြံပြုခြင်း သို့မဟုတ် သတ်မှတ်ခြင်းတို့ကို ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် သက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျှော့ချရန်အတွက် တာဝန်ယူဆောင်ရွက်ကြပါသည်။

Third Line of Defense အနေဖြင့် တာဝန်ရှိသည့် ဌာနများမှာ Internal Audit Department ဖြစ်ပြီး ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် အကျိုးသက်ရောက်မှုများအား ဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံ၍ စာရင်းစစ်ဆေးခြင်းနှင့် ထိုစစ်ဆေးခြင်းမှတဆင့် စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်ထိန်းချုပ်ရမည့် အချက်များကို လုပ်ဆောင်နိုင်စေရန်အတွက် အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဒါရိုက်တာအဖွဲ့ထံသို့ အစီရင်ခံတင်ပြကြပါသည်။ MCB သည် Compliance နှင့် Governance ဆိုင်ရာ ကိစ္စရပ်များတွင် “Zero Tolerance Policy” ဖြင့် ဆောင်ရွက်နေသောဘဏ်တစ်ဘဏ်ဖြစ်ပါသည်။ ထို့အပြင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအဆင့်များတွင် အထက်ဖော်ပြပါ (Third Line of Defense) အပြင် Fourth Line of Defense အနေဖြင့် ဘဏ်၏အလုံးစုံသော ဆုံးရှုံးနိုင်မှုများကို လျော့ပါးသက်သာစေရန်အတွက် ဆုံးရှုံးနိုင်ခြေရှိမှုကို သတ်မှတ်အကဲဖြတ်ရာ၌ ကူညီဆောင်ရွက်ပေးသော ပြင်ပမှစောင့်ကြည့်စစ်ဆေးသူများဖြစ်သည့် သီးခြားလွတ်လပ်သော External Audit နှင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အစည်းတို့မှ အချိန်နှင့်တပြေးညီပြုလုပ်သည့် စာရင်းစစ်ဆေးခြင်းနှင့် လမ်းညွှန်ချက်များထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များလည်းပါဝင်ပါသည်။

## Risk and Compliance Management: Lines of Defense

| Characteristic | First Line | Second Line | Third Line | Fourth Line |
|---|---|---|---|---|
| Personnel | Front-line employees, management staff | Risk/Compliance Units and Managers | Internal Audit Department | External auditors and Regulators |
| Activities | Interacts with customers, risk action taken, execute policies and following policies | Define Risk Appetite, Monitors Risk, Review Policies and Reporting | Risk-based audits, reporting findings | External Financial Audits, Supervisory inspections |
| Focus | Risk minimization, operational efficiency | Risk appetite, control implementation | Assurance to board on effectiveness of 1st & 2nd lines | Regulatory compliance, public trust, financial stability |

ကောင်းစွာရေးဆွဲထားသော ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံ၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ လုပ်ငန်းယန္တရားအတွင်း Functional Role နှင့်ဆက်စပ်သော ရှင်းလင်းစွာ ဖော်ပြထားမှုနှင့် Integrated Risk and Compliance Management Framework ကို ထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်မှုတို့နှင့်အတူ ကျွန်ုပ်တို့တန်ဖိုးထားလေးစားအပ်သော သုံးစွဲသူများ၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် အခြားသော Stakeholder များက ကျွန်ုပ်တို့အပေါ် ယုံကြည်စွာ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းကြောင့် ကောင်းမွန်သော ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲသည့် အလေ့အကျင့်များဖြင့် MCB သည် အကောင်းဆုံး စီမံခန့်ခွဲထားသောဘဏ်များထဲမှ ဘဏ်တစ်ခုအဖြစ် သတ်မှတ်ခံထားရပါသည်။

## သတင်းပေးပို့ တိုင်ကြားမှုဆိုင်ရာ မူဝါဒ (Whistleblowing Policy)

MCB ဘဏ်သည် ကော်ပိုရိတ်အုပ်ချုပ်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်မှုတို့အတွက် အမြင့်ဆုံးစံနှုန်းများသတ်မှတ်ထားရှိပြီး ဆောင်ရွက်သွားမည်ဟု သံန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ဘဏ်အနေဖြင့် အဆိုပါအခြေခံအချက်များနှင့်အညီ ခိုင်မာတိကျသော သတင်းပေးပို့တိုင်ကြားမှုဆိုင်ရာ မူဝါဒတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများ၊ သုံးစွဲသူများနှင့် Stakeholder များက သံသယဖြစ်ဖွယ် ပေါ့ဆမှု၊ ကျင့်ဝတ်နှင့် မညီညွတ်သည့် အပြုအမူ သို့မဟုတ် ဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဘဏ်၏ မူဝါဒများအား ချိုးဖောက်မှုတို့အား စိတ်ရင်းစေတနာအမှန်ဖြင့် သတင်းပေးပို့တိုင်ကြားနိုင်ရန်အတွက် စိတ်ချလုံခြုံမှုအပြည့်ရှိပြီး လျှို့ဝှက်တိုင်ကြားနိုင်သော လုပ်ငန်းစဉ်ကို ဖော်ပြအပ်ပါသည်။ ဤနည်းလမ်းများတွင် သီးခြားသတ်မှတ်ထားသော သတင်းပေးပို့တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်၊ စိတ်ချရသော အီးမေးလ်လိပ်စာနှင့် အခြားဆက်သွယ်ဆောင်ရွက်နိုင်သည့် နည်းလမ်းများပါဝင်ပါသည်။

သတင်းပေးပို့တိုင်ကြားလာမှုများအားလုံးကို အထူးလျှို့ဝှက်ထိန်းသိမ်းပြီး သတင်းပေးပို့တိုင်ကြားလာသူများကို ထိခိုက်နစ်နာမှုမရှိစေရန် Zero-tolerance Approach ဖြင့် အပြည့်အဝကာကွယ်ပေးထားပါသည်။ Human Resources Department ၊ Integrated Risk and Compliance Department နှင့် Internal Audit Department မှ သတင်းပေးပို့တိုင်ကြားလာမှုများအားလုံးကို အချိန်နှင့်တပြေးညီ လက်ခံစိစစ်ပြီး လိုအပ်ပါက အဆိုပါသတင်းပေးပို့လာမှုများအား BIRCC ထံသို့ ဆက်လက်တင်ပြပါသည်။ စုံစမ်းစစ်ဆေးမှုများအား သမာသမတ်ကျစွာ ကိုင်တွယ်ဆောင်ရွက်၍ ရှာဖွေတွေ့ရှိချက်များနှင့် အရေးယူဆောင်ရွက်ချက်များအား အပြည့်အဝဖြေရှင်းဆောင်ရွက်ပြီးသည့် အချိန်အထိ မှတ်တမ်းတင်ပြီး စောင့်ကြည့်စစ်ဆေးပါသည်။

သတင်းပေးပို့တိုင်ကြားမှုဆိုင်ရာ မူဝါဒ၊ ကျင့်ဝတ်နှင့် ကိုက်ညီသော အပြုအမူများ၏ အရေးကြီးပုံနှင့် ကာကွယ်ပေးထားမှုများကို ဝန်ထမ်းများ သိရှိစေရန်အတွက် သင်တန်းအစီအစဉ်များအား ပုံမှန်ပို့ချပေးလျက်ရှိပါသည်။ MCB ဘဏ်သည် ဤမူဘောင်မှတဆင့် ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ ထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ဘဏ်၏ Stakeholder များ၏ ရေရှည်ယုံကြည်မှုတို့ကို ရရှိပိုင်ဆိုင်နိုင်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။







## ဘဏ်အတွင်း ကြီးကြပ်ကွပ်ကဲမှုများ

MCB ဘဏ်အနေဖြင့် ပြည့်စုံသော အုပ်ချုပ်မှု၊ ကောင်းမွန်သော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် စီးပွားရေးအရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးပေးသည့် ခိုင်မာတောင့်တင်းအကျိုးရှိသည့် ဘဏ်အတွင်း ကြီးကြပ်ကွပ်ကဲမှု မူဘောင်တစ်ခုကို ထိန်းသိမ်းထားရှိပါသည်။ ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများကို လုံခြုံစိတ်ချရမှုရှိစေရန်၊ ဘဏ္ဍာရေးအစီရင်ခံစာများအား တိကျသေချာစိတ်ချမှုရှိစေရန်နှင့် တည်ဆဲဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဘဏ်တွင်းမူဝါဒများကို လိုက်နာဆောင်ရွက်မှုကို မြှင့်တင်ပေးရန်အတွက် ဤမူဘောင်အား ချမှတ်ထားခြင်းဖြစ်ပါသည်။

BIRCC မှတဆင့် ဒါရိုက်တာအဖွဲ့က ဘဏ်အတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ်ကို တိကျသေချာမှုနှင့် အကျိုးသက်ရောက်မှုရှိမရှိကို စောင့်ကြည့်စစ်ဆေးပါသည်။ Management Team အနေဖြင့် Business Unit များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတွင် ကြီးကြပ်ကွပ်ကဲသည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်နှင့် စဉ်ဆက်မပြတ် တိုးတက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ပါသည်။

ဤမူဘောင်၏ အဓိကအချက်များတွင် တာဝန်ဝတ္တရားများအား ခွဲဝေခြင်း၊ ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ချက်များနှင့် လျော့ပါးသက်သာသည့် နည်းလမ်းများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ လိုက်နာဆောင်ရွက်မှုများကို ကောင်းစွာစောင့်ကြည့်ခြင်း၊ သတင်းအချက်အလက်များနှင့် System များကို ကာကွယ်ရန်အတွက် ပြည့်စုံသည့် Information Security Protocol များကို ချမှတ်ခြင်းတို့ပါဝင်ပါသည်။ IRCD ဌာနသည် ကြီးကြပ်ကွပ်ကဲမှုများ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန်နှင့် တိုးတက်မှုများရရှိစေရန်အတွက် အကြံပြုတင်ပြရန် သီးခြားလွတ်လပ်စွာ ဆောင်ရွက်ပြီး တွေ့ရှိချက်များအား BIRCC ထံသို့ တိုက်ရိုက်တင်ပြပါသည်။

ပြန်လည်စိစစ်သုံးသပ်ချက်များအရ ဤဘဏ္ဍာရေးနှစ်အတွင်း ဘဏ်၏ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် လိုက်နာဆောင်ရွက်မှုများအား သိသာစွာ ထိခိုက်နိုင်သည့် အရေးကြီးသော အားနည်းချက်များ မရှိခဲ့၍ ဘဏ်အတွင်း ကြီးကြပ်ကွပ်ကဲရေးစနစ်အား ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။




# HR Management

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု - ရည်မှန်းချက် အပြည့်ဖြင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်း။

MCB ဘဏ်၏ အောင်မြင်တိုးတက်လာခြင်းသည် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဟု ကျွန်ုပ်တို့အနေဖြင့် ခိုင်မာစွာ ယုံကြည်မှတ်ယူထားပါသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်မူဝါဒကို ကျွန်ုပ်တို့ဘဏ်၏ ရေရှည်စီးပွားရေး ရည်မှန်းချက်များနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုတို့ကို ဦးစားပေးဆောင်ရွက်နေပါသည်။

MCB ဘဏ်သည် မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းများထဲတွင် အကောင်းဆုံးသော ဝန်ဆောင်မှုများ ပေးအပ်နိုင်သည့် ဘဏ်တစ်ခုဖြစ်လာစေရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် လုပ်ငန်းကျွမ်းကျင်မှု၊ လေးစားတန်ဖိုးထားမှု၊ ရိုးသားဖြောင့်မတ်၍ အကျင့်စာရိတ္တကောင်းမွန်မှု၊ မတူကွဲပြားခြားနားမှုနှင့် ပေါင်းစပ်လုပ်ကိုင်မှုနှင့် ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုစသည့် အခြေခံတန်ဖိုး ၅ ခုအပေါ် အခြေခံ၍ လိုက်နာကျင့်သုံးလျက်ရှိပါသည်။ ထို့အပြင် ၎င်းတန်ဖိုးများကို အခြေခံ၍ တည်ထောင်ထားသော MCB ၏ ယဉ်ကျေးမှု ၁၀ မျိုးကိုလည်း ဝန်ထမ်းများ အားလုံး လက်တွေ့ကျကျ လိုက်နာဆောင်ရွက်စေရန် အစဉ်အမြဲ ကြိုးပမ်းနေပါသည်။

## ဝန်ထမ်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လေ့ကျင့်သင်ကြားမှု။

ဝန်ထမ်းတစ်ဦးချင်းစီ၏ သင်ကြားသင်ယူမှုအတွေ့အကြုံများ တိုးတက်ကောင်းမွန်လာစေရန် အကောင်းဆုံး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး လေ့ကျင့်သင်ကြားမှုအစီအစဉ်များအနေဖြင့် စုစုပေါင်း (၃၈၂) ကြိမ် ပို့ချသင်ကြားပေးခဲ့ပါသည်။ လေ့ကျင့်သင်ကြားမှုအစီအစဉ်များတွင် အောက်ဖော်ပြပါ သင်တန်းများ အဓိကပါဝင်ပါသည်-

- ထုတ်ကုန်အသစ်များနှင့် လုပ်ငန်းစဉ်များ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ သင်တန်းများ
- ဆက်ဆံရေး၊ အဖွဲ့လိုက်လုပ်ဆောင်မှု၊ ခေါင်းဆောင်မှုစွမ်းရည်
- ဥပဒေရေးရာများနှင့် လိုက်နာကျင့်သုံးခြင်းဆိုင်ရာ သင်တန်းများ
- အရောင်းနည်းပညာသင်တန်းများ
- လုပ်ငန်းသုံးအင်္ဂလိပ်စာသင်တန်းများ နှင့်
- Customer Service Training များ။

ဤလေ့ကျင့်သင်ကြားမှုများသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက၊ လုပ်ငန်းခွင်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြဿနာကိုင်တွယ်ဖြေရှင်းနိုင်သည့် စွမ်းရည်များအားလည်း တိုးတက်စေနိုင်ပါသည်။



ထို့အပြင် MCB ဘဏ်သည် အနာဂတ်ခေါင်းဆောင်များကို စနစ်တကျမွေးထုတ်ရန် ရည်ရွယ်၍ Management Trainee Program ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အပတ်စဉ် (၄) အထိ ရောက်ရှိလာနိုင်ခဲ့ပြီဖြစ်သည်။ စုစုပေါင်း ဝန်ထမ်း ၄၈ ဦးအား သင်ကြားလေ့ကျင့်ပေးခဲ့ပြီး လုပ်ငန်းခွင်ထဲ၌ လူငယ်များ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်နိုင်ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ဘဏ်သည် မိတ်ဖက်တက္ကသိုလ်များနှင့် လက်တွဲပူးပေါင်း၍ လူငယ်လူရွယ်များအတွက် ဘဏ်လုပ်ငန်းခွင်အတွေ့အကြုံနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်စေရန် Internship Program ကို နှစ်စဉ် လက်ခံသင်ကြားပေးလျက်ရှိသောကြောင့် လက်ရှိတက္ကသိုလ်ဘွဲ့ရ သင်တန်းသားများအား Banking Professional များ ဖြစ်လာစေအောင် မွေးထုတ်ပေးရာတွင် ဦးဆောင်နေသည့် ဘဏ်တစ်ခုဖြစ်ပါသည်။



## ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်း။

ဝန်ထမ်းများအားလုံး၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ထူးချွန်မှုကို နှစ်စဉ်မှတ်တမ်းတင်ထားရှိပြီး ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဝန်ထမ်း (၄၉၂) ဦးအား လစာတိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီး ဝန်ထမ်း (၉၇) ဦးအား ရာထူးတိုးမြှင့်ပေးခဲ့သောကြောင့် စုစုပေါင်း (၅၈၉)ဦး၊ ရာခိုင်နှုန်းအားဖြင့် ဝန်ထမ်းများ၏ (၅၂) ရာခိုင်နှုန်းကို အသိအမှတ်ပြုချီးမြှင့်ပေးနိုင်ခဲ့ပါသည်။ ဤကဲ့သို့ အသိအမှတ်ပြု၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ခြင်းက ဝန်ထမ်းများအားလုံးကို စိတ်ဓာတ်တက်ကြွလာစေပြီး လုပ်ငန်းခွင်အတွင်း ကြိုးစားအားထုတ်မှုနှင့် တာဝန်ယူမှုကို တိုးတက်လာစေပါသည်။

## လုပ်ငန်းခွင်ယဉ်ကျေးမှုအားအကောင်အထည်ဖော်ဆောင်ခြင်း

MCB ဘဏ်သည် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်လေးစားတန်ဖိုးထားသော လုပ်ငန်းခွင်ယဉ်ကျေးမှု (၁၀) မျိုး ကို ချမှတ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝန်ထမ်းတစ်ဦးချင်းစီအား လုပ်ငန်းခွင်ယဉ်ကျေးမှု (၁၀) မျိုးနှင့်အညီ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသော ဘဏ်လုပ်ငန်းပညာရှင်များဖြစ်လာနိုင်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



## လူ့စွမ်းအားအရင်းအမြစ်၏ အခန်းကဏ္ဍ

ယနေ့ခေတ်ကာလ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် အလျင်အမြန် တိုးတက်ပြောင်းလဲလာနေသောကြောင့် MCB ဘဏ်အနေဖြင့်လည်း ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲ၍ ပိုမိုကောင်းမွန်သော အောင်မြင်မှုများရရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်က အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသောကြောင့် လူ့စွမ်းအားအရင်းအမြစ်၏ တန်ဖိုးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ တန်ဖိုးထားမှုနှင့်ပေါင်းသင်းဆက်ဆံမှုများကိုအခြေခံပြီး၊လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် သာမက ဘဏ်တစ်ခုလုံး ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

## Yangon Stock Exchange တွင် Share ရောင်းဝယ်မှု အခြေအနေ

YANGON STOCK EXCHANGE

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် (၂၆.၀၈.၂၀၁၆) ရက်နေ့တွင် Yangon Stock Exchange တွင် Listed Company အဖြစ် ဘဏ်၏အစုရှယ်ယာများကို စာရင်းတင် ရောင်းချခွင့်ရရှိခဲ့သော ပထမဆုံးသော ဘဏ်ဖြစ်ပါသည်။ ဈေးကွက်စတင်ဖွင့်လှစ်သည့်နေ့တွင် အခြေခံသတ်မှတ်ဈေးမှာ (၆,၈၀၀/-) ကျပ် သတ်မှတ်ခဲ့သော်လည်း ပေါက်ဈေးမှာ (၇,၈၀၀/-) ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံး ရှယ်ယာဈေးနှုန်း (၁၃,၅၀၀/-) ကျပ် အထိ မြင့်တက်ခဲ့ပါသည်။ အရောင်းအဝယ် ပမာဏအားဖြင့် (၂၆.၈.၂၀၁၆) ရက်နေ့မှ (၃၁.၀၇.၂၀၂၅) ရက်နေ့အထိ စုစုပေါင်း ရှယ်ယာအစုရေ (၁,၂၇၃,၁၀၄) နှင့် တန်ဖိုးကျပ် (၁၀,၀၈၂) သန်းအထိ အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ရှယ်ယာတစ်ခုလျှင် ကျပ် (၇,၇၀၀/-) ဝန်းကျင်ခန့် ဖြစ်ပါသည်။






မြန်မာနိုင်ငံသားများဘဏ် MCB Myanmar Citizens Bank

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ထိပ်တန်းရှယ်ယာရှင် (၂၀) ဦးစာရင်း ၂၀၂၄-၂၀၂၅

| စဉ် | ကုမ္ပဏီအမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့်% |
|---|---|---|---|
| ၁။ | CAPITAL FINANCIAL HOLDING LTD | ၁၀၁၁၉၉၁၄၂ | ၂၂.၃၄% |
| ၂။ | CAPITAL DIAMOND STAR GROUP LTD | ၁၁၅၆၇၂၁၉၃ | ၁၅.၀၇% |
| ၃။ | DIAMOND STAR CO., LTD | ၁၁၆၇၂၀၉၅၇ | ၈.၉၂% |
| ၄။ | SHWE ME COMPANY LIMITED | ၁၇၅၄၆၈၂၈၅ | ၈.၀၄% |
| ၅။ | GOOD BROTHERS' COMPANY LIMITED | ၁၉၅၉၀၈၂၀၆ | ၅.၆၇% |
| ၆။ | MINISTER'S OFFICE (MOC) | | ၄.၇၉% |
| ၇။ | GOOD BROTHERS MACHINERIES COMPANY LIMITED | ၁၂၇၄၀၂၂၈၀ | ၄.၀၆% |
| ၈။ | JDS CO., LTD | ၁၃၃၈၁၁၀၈၇ | ၃.၈၆% |
| ၉။ | PAC LINK TRADING LTD | ၁၆၅၃၃၆၈၆၀ | ၃.၆၉% |
| ၁၀။ | STAR UNION INVESTMENT LIMITED | ၁၀၀၈၀၁၉၄၉ | ၃.၅၄% |
| ၁၁။ | DEPARTMENT OF CONSUMER AFFAIRS (MOC) | | ၂.၉၈% |
| ၁၂။ | DEPARTMENT OF TRADE (MOC) | | ၂.၆၃% |
| ၁၃။ | FARMER PHOYARZAR COMPANY LIMITED | ၁၂၁၁၃၈၈၉၁ | ၂.၅၆% |
| ၁၄။ | YOUNG INVESTMENT GROUP CO., LTD | ၁၀၈၇၄၄၃၀၈ | ၂.၁% |
| ၁၅။ | VSK INTERNATIONAL COMPANY LIMITED | ၁၉၀၅၆၇၅၄၀ | ၁.၉၉% |
| ၁၆။ | AHTAR OO COMPANY LIMITED | ၁၄၆၇၄၆၂၀၉ | ၀.၅၉% |
| ၁၇။ | PRO 1 (MYANMAR) COMPANY LIMITED | ၁၃၇၄၆၅၈၄၁ | ၀.၅၈% |
| ၁၈။ | TUN THAW TAR TRADING COMPANY LIMITED | ၁၀၄၈၀၁၄၅၅ | ၀.၅၅% |
| ၁၉။ | FARMER PHOYARZAR GEMS COMPANY LIMITED | ၁၆၁၀၀၀၁၂၄ | ၀.၃၈% |
| ၂၀။ | FARMER PHOYARZAR MINING COMPANY LIMITED | ၁၀၄၅၄၅၀၃၃ | ၀.၃၈% |

# Financial Highlights

**Net Profit**
MMK 2.8 billion
272.3 % (YOY) ↑

**Total Deposit**
MMK 942.2 billion
22 % (YOY) ↑

**Non-Performing Loan**
Ratio 3.5 %
1.2 % pt ↓

**Total Assets**
MMK 1,128.5 billion
15 % (YOY) ↑

**Total Loan**
MMK 761.9 billion
21.9 % (YOY) ↑

**Return on Equity**
3.8 %
2.7 % pt ↑

## Net Profit After Tax (MMK in million)




## Assets (MMK in million)




## Return on Equity (ROE)




## Return on Assets (ROA)




## Capital Adequacy Ratio (CAR)




## Liquidity Ratio




## Reserve Ratio



# Financial Highlights

## Loan to Deposit Ratio (LDR%)




## Non-Performing Loan (NPL Ratio) MMK in billion




## Deposit Portfolio

Total deposits for **FY 2025** reached **942.2** billion, showing a 22% increase from 772.2 billion in FY 2024.

### Current (5%)

The current deposit for FY 2025 reached **46.9** billion, reflecting a 47.7% increase from FY 2024, when it was 31.8 billion.

### Savings (14%)

The saving deposit for FY 2025 reached **129.9** billion, showing a 12.4% decline from FY 2024, when it was 148.4 billion.

### Call (26%)

The call deposit for FY 2025 reached **247.1** billion, representing an 18.4% decrease from FY 2024, when it was 302.6 billion.

### Fixed (55%)

The fixed deposit for FY 2025 reached **518.3** billion, reflecting a 79.1% increase from FY 2024, when it was 289.5 billion.




## Loan Portfolio

Total loans for **FY 2025** reached **761.9** billion, showing a 21.9% increase from 624.9 billion in FY 2024.

### Term Loan (71%)

Term loans reached **538.1** billion in FY 2025, representing a significant 46.2% growth from 368.1 billion in FY 2024.

### Overdraft (15%)

Overdraft loans reached **118.2** billion in FY 2025, marking an 18.8% increase from 99.5 billion in FY 2024.

### SME (7%)

SME loans totaled **53.8** billion in FY 2025, reflecting a 16.6% increase from 46.1 billion in FY 2024.

### HP and Other (7%)

HP and Other loans amounted to **51.8** billion in FY 2025, indicating a significant decline of 53.4% from 111.2 billion in FY 2024.



# Financial Highlights

## Myanmar Citizens Bank Limited
## Statement of Comprehensive Income
## For the Year Ended 31 March 2025

| Income Statement | 31- Mar - 25 | 31- Mar - 24 |
|---|---|---|
| Interest income | 87,990,427,252 | 59,508,115,069 |
| Less-Interest expenses | (66,285,844,183) | (43,353,259,901) |
| **Net interest income** | **21,704,583,070** | 16,154,855,167 |
| Net fee and commission income | 10,101,528,741 | 10,510,659,002 |
| Other operating income | 2,658,443,150 | 287,538,112 |
| | **34,464,554,961** | 26,953,052,281 |
| Increase of specific provision | 231,320,167 | 519,500,196 |
| Increase of general provision | (2,738,612,773) | (5,127,170,524) |
| **Income before operating expenses** | **31,957,262,355** | 22,345,381,953 |
| Administration and general expenses | (25,558,012,674) | (19,232,451,750) |
| Depreciation and amortization | (2,464,654,912) | (2,205,226,586) |
| **Profit before income tax** | **3,934,594,769** | 907,703,617 |
| Income tax expenses | (1,114,231,920) | (150,120,232) |
| **Profit for the year** | **2,820,362,849** | 757,583,385 |
| Other comprehensive income | - | - |
| **Total comprehensive income** | **2,820,362,849** | 757,583,385 |

## Myanmar Citizens Bank Limited
## Statement of Financial Position
## As at 31 March 2025

| Statement of Financial Position | 31- Mar - 25 | 31- Mar - 24 |
|---|---|---|
| **Assets** | | |
| Cash in hand and at bank | 166,678,123,553 | 174,700,418,012 |
| Loans & Overdrafts | 758,193,643,332 | 620,836,963,165 |
| Inverstments & T-bonds | 112,592,136,742 | 113,479,266,061 |
| Other assets | 65,817,891,673 | 50,332,253,680 |
| Property and equipment | 21,541,576,575 | 18,636,535,164 |
| Intangible Assets | 3,709,512,494 | 3,526,919,536 |
| **Total assets** | **1,128,532,884,369** | **981,512,355,617** |
| **Liabilities** | | |
| Deposits from customers | 942,230,800,563 | 772,250,031,441 |
| Other liabilities | 77,883,306,770 | 70,612,409,988 |
| Borrowings | 32,333,860,000 | 65,385,360,000 |
| **Total liabilities** | **1,052,447,967,333** | **908,247,801,429** |
| **Equity** | | |
| Issued & Paid up Capital | 57,124,662,800 | 57,124,662,800 |
| Reserves | 15,801,294,540 | 15,096,203,828 |
| Retained earning | 3,158,959,696 | 1,043,687,560 |
| **Total equity** | **76,084,917,036** | **73,264,554,188** |
| **Total liabilities and equity** | **1,128,532,884,369** | **981,512,355,617** |

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank




# Business Highlights

































# Non-Financial Highlights

## (၁) လူသားအရင်းအမြစ်ဆိုင်ရာ အစီရင်ခံတင်ပြချက်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း MCB ဘဏ်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အချက်တစ်ခုအဖြစ် လူသားအရင်းအမြစ် (Human Capital) တိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း ကျွန်ုပ်တို့ဝန်ထမ်းများက မိမိတို့၏ပုဂ္ဂလိက နှင့်သက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်မှုများရရှိလာသည်နှင့်တပြိုင်တည်းဘဏ်၏စီးပွားရေးရည်မှန်းချက်များပြည့်မီလာစေရန်အာရုံစိုက်လုပ်ဆောင် ခဲ့ကြပါသည်။ စွမ်းဆောင်ရည်အားအသိအမှတ်ပြုခံရပြီး မတူကွဲပြားမှုကို တန်ဖိုးထား၍ ဝန်ထမ်းတိုင်းအတွက် တိုးတက်အောင်မြင်ပြီး အခွင့်အလမ်းကောင်း များရရှိနိုင်မည့် လုပ်ငန်းခွင်တခုဖြစ်လာစေရန် မျှော်မှန်းလုပ်ဆောင်နေပါသည်။ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများရှိမှသာလျှင်ဘဏ်၏ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိနိုင်ပြီးအောင်မြင်မှုများရရှိနိုင်မည်ဖြစ်သဖြင့်ဝန်ထမ်းများ၏စွမ်းဆောင်ရည်တိုးတက်စေရန်အစဉ်တစိုက်အလေးထားဆောင်ရွက်လျက် ရှိပါသည်။

### Human Capital Growth Strategy






## ၂။ ဝန်ထမ်းများ၏ အချက်အလက်များ

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း MCB ဘဏ်သည် စုစုပေါင်းဝန်ထမ်း ၁,၁၅၆ ဦးအား နိုင်ငံတဝန်းလုံးရှိ ရုံးချုပ်များနှင့် ဘဏ်ခွဲများ၌ ခန့်အပ်ထားပြီး စွမ်းဆောင်ရည်များ၊ ပညာရေးအရည်အချင်းများနှင့် သက်မွေး ဝမ်းကျောင်းအတွေ့အကြုံများ စုံလင်လှပါသည်။ အမျိုးသမီးဝန်ထမ်းများက စုစုပေါင်းဝန်ထမ်း အင်အား၏ ၄၂.၈% ရှိပြီး ရာထူးအဆင့်ဆင့်တွင် ၎င်းတို့၏ ဦးဆောင်မှုနှင့် လုပ်ဆောင်မှုများအား သိသာထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။

### MCB Staff Profile FY 2024-2025

| Level | Male | Female | Total |
|---|---|---|---|
| Senior Management | 5 | 6 | 11 |
| Middle Management | 11 | 10 | 21 |
| Junior Management | 56 | 25 | 81 |
| Non-Managerial Staff | 589 | 454 | 1043 |

### Gender Distribution

Senior Management | Middle Management | Junior Management



Senior Management: Balanced gender representation with 5 males and 6 females.

Middle Management: Balanced gender representation with 11 males and 10 females.

Junior Management: Male-heavy junior management with 56 males and 25 females.

ကျွန်ုပ်တို့ဘဏ်၏ ဝန်ထမ်းအင်အားတွင် သွက်လက်တက်ကြွ၍ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သော လူငယ်လူရွယ်များအပြင် လုပ်ငန်းအတွေ့အကြုံကြွယ်ဝ၍ ဗဟုသုတများနှင့် ပြည့်စုံသော Senior Professional များဖြင့် ပေါင်းစည်း၍ မျိုးဆက်ပေါင်းစုံပါဝင်ဖွဲ့စည်းထားပါသည်။

# Non-Financial Highlights

## Individuals Categorized by Age Groups




Aged 31-40 | Aged 18-30 | Aged 41-50 | Aged above 51

## (ဂ) သင်ယူလေ့လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း။

စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်းသည် ဝန်ထမ်းကိုယ်တိုင်အတွက်သာမက ဘဏ်၏ အောင်မြင်မှုအတွက် မရှိမဖြစ် လိုအပ်ကြောင်း ယုံကြည်ပါသည်။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် MCB Bank အနေဖြင့် ဘဏ်ဝန်ထမ်းများမှ ပို့ချပေးသော သင်တန်းအရေအတွက် (Internal Training Session) စုစုပေါင်း ၃၈၂ ကြိမ် နှင့် ပြင်ပမှ လာရောက်ပို့ချသော သင်တန်း (External training session) (၁) ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး စုစုပေါင်းဝန်ထမ်း ၁၀,၃၇၇ ဦး တက်ရောက်ခဲ့ကြပါသည်။ သင်တန်းများ၏ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## Traning Sessions for FY 2024-2025




## Training Types and Sessions

| Training Types | Sessions |
|---|---|
| Orientation | 16 |
| Excel | 20 |
| Customer Service Excellence | 3 |
| Core Banking | 5 |
| Products Training | 114 |
| Operation Process Training | 82 |
| Credit Process Training | 54 |
| Risk & Compliance Training | 34 |
| Legal Training | 1 |
| Soft Skills | 20 |
| HR Townhall Meeting | 3 |
| Sales Training | 1 |
| Business English | 17 |
| Financial Training | 8 |
| Audit Training | 1 |
| General Services Training | 3 |
| AML/CFT/CPF/ABC Annual Awareness Training | 1 |

# Internal Acitivities Highlights



# Audit ၏ လုပ်ငန်းဆောင်ရွက်ချက်များ။

## ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း။

ဘဏ်တွင်းစာရင်းစစ် (Internal Audit) သည် MCB ဘဏ်ရှိ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၏ Third Line of Defense အဖြစ် အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။ Internal Audit ၏ လုပ်ငန်းဆောင်တာများကို ရည်ရွယ်ချက်အပြည့်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် Internal Audit Department သည် ဘုတ်အဖွဲ့အဆင့် စာရင်းစစ်ကော်မတီထံ တိုက်ရိုက်အစီရင်ခံတင်ပြပြီး စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကိစ္စများကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ၎င်းသည် Internal Control System ၏ အဓိက Stakeholder အဖြစ် တာဝန်ယူထားပြီး တစ်ချိန်တည်းမှာပင် အစီရင်ခံတင်ပြရာတွင် Internal Audit ၏ ကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါသည်။









Internal Audit Department အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်တာများကို စစ်ဆေးပြီး ဘဏ်တွင်း၊ ဘဏ်ပြင်ပ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိကိုလည်း စစ်ဆေးပါသည်။ ဖြစ်ပွားသည့် အကြောင်းအရင်းအပေါ်မူတည်၍ စစ်ဆေးတွေ့ရှိချက်များအပေါ် ပြန်လည်တည့်မတ်ပေးကာ လိုအပ်သည်များကို ဆောင်ရွက်ရန်အတွက် Head of Department အဆင့်ရှိ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။စာရင်းစစ်ဆေးခြင်းမှအဓိကတွေ့ရှိချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို Management Audit Committee ၊ Board Audit Committee တို့နှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ Board Audit Committee အား သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦး၊ Non-executive Director (၂) ဦးနှင့် Head of Internal Audit Department အပါအဝင် စုစုပေါင်း အဖွဲ့ဝင် (၄) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ Board Audit Committee ၏ဥက္ကဋ္ဌအဖြစ် သီးခြားလွတ်လပ်သော ဒါရိုက်တာ ဦးဒွေးချွန်မှ တာဝန်ယူဆောင်ရွက်နေပြီး ၎င်းသည် စာရင်းစစ်ဆိုင်ရာ အတွေ့အကြုံများ၊ အရည်အချင်းများစွာဖြင့် ပြည့်စုံသော ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။

(၂၀၂၄ - ၂၀၂၅) ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲ (၃၁) ခု၏ Account and Admin Department ၊ Cash Management နှင့် Loan Department တို့အား စာရင်းစစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါဘဏ်ခွဲများအား စစ်ဆေးခဲ့သည့် တွေ့ရှိချက်များ၊ ချို့ယွင်းချက်များအပေါ် ပြုပြင်ဆောင်ရွက်မှုအခြေအနေကို သက်ဆိုင်ရာလုပ်ငန်း၏ Head of Department များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြင်ဆင်၍ Internal Audit Department မှ Follow up ပြုလုပ်ခဲ့ပါသည်။ ဘဏ်ခွဲ (၁၃) ခုအား On-Site Audit Procedure ဖြင့်လည်းကောင်း၊ ဘဏ်ခွဲ (၁၈) ခုအား Off-site Audit Procedure ကို အသုံးပြု၍လည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ရုံးချုပ်ရှိဌာန (၅) ခုနှင့် Concurrent Audit (CAD & CIMD) ကိုလည်း On-Site Audit Procedure အသုံးပြု၍ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ဘဏ္ဍာနှစ်အတွင်း ရှောင်တခင် ငွေကြေးရေတွက် စစ်ဆေးခြင်းအား ဘဏ်ခွဲ(၅) ခုနှင့် (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းပိတ်ငွေကြေးစစ်ဆေးခြင်းအား ဘဏ်ခွဲ(၄)ခုနှင့် Currency Department တို့အား ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် Country Level Centralized Report အနေဖြင့် ချေးငွေနှင့်အပ်နှံငွေများအပေါ် ပေးအပ်သည့်အတိုးနှုန်းနှင့်ဘဏ်သို့အာမခံပေအပ်ထားသည့်Collateral Expiry date များအား T-24 System တွင် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။



ပြန်လည်စိစစ်သုံးသပ်သည့်ကာလအတွင်း ရုံးချုပ်ရှိဌာနများနှင့် ဘဏ်ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တစ်နှစ်အတွင်း Audit Plan နှင့်အညီ စစ်ဆေးပြီး အကြံပြုချက်များလည်း ပေးအပ်ခဲ့ပါသည်။



(၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း Board Audit Committee အစည်းအဝေးကို (၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၆) ကြိမ် ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်၏ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြီးကြပ်လျက်ရှိပြီး ပြင်ပစာရင်းစစ် V-Advisory Limited ကလည်း (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်၏ စာရင်းများကို စစ်ဆေးပြီးဖြစ်ပါသည်။(၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ် အတွက်ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းရှင်းတမ်းကိုလည်း ပူးတွဲတင်ပြထားပါသည်။

www.mcb.com.mm
info@mcb.com.mm
+95-9-940051234
Swift: MCIZMMMY

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

**၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်**

**ဒါရိုက်တာများ၏တင်ပြချက်**

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

**ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ၄င်းနေ့ ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းနှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည် ပေးရန်ရှိသောအကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

**ဒါရိုက်တာများ**

ဘဏ်၏နာယကမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဖြစ်ပြီး ယခုတင်ပြချိန်၌ ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သွင်ဦး | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးအောင်စိုး | ဒါရိုက်တာ |
| ၄။ | ဒေါ်ခင်မာမြင့် | ဒါရိုက်တာ |
| ၅။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၆။ | အမှုဆောင်အရာရှိချုပ် | ဒါရိုက်တာ |
| ၇။ | ဦးငွေးချွန် | သီးခြားလွတ်လပ်သော ဒါရိုက်တာ |

**ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်**

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ (သို့) ဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန် စီစဉ်ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။

**ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ**

ဘဏ်၏ မထုတ်ဝေရသေးသောရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်း မရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများကို Option နည်းလမ်းများဖြင့်ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

**ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကြေစေသောလက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်**

ဒါရိုက်တာများအနေဖြင့် ဘဏ်သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU) မှ ထုတ်ပြန်ထားသော ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကြေစေသောလက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို အပြည့်အဝလိုက်နာရန် ကတိပြုထားကြောင်း အတည်ပြုအပ်ပါသည်။

**ဆက်နွယ်သူများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ**

ဒါရိုက်တာများအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း မှတ်စု ၂၇ တွင် ဖော်ပြထားသည်မှအပ အခြားဆက်နွယ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ မရှိကြောင်း အတည်ပြုအပ်ပါသည်။

**သဘာဝဘေးအန္တရာယ်၏သက်ရောက်မှု**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးနှင့် စစ်ကိုင်းတို့အနီး ဗဟိုပြုသည့် ၇.၇ မဂ္ဂနီကျု့ အင်အားရှိ အားကောင်းသော ငလျင်တစ်ခု မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့ပါသည်။ ယင်းအကျိုးဆက်အနေဖြင့် ဘဏ်၏ အဆောက်အဦအချို့ ပျက်စီးခဲ့ပြီး ဘဏ်လုပ်ငန်းများ ရက်အနည်းငယ်ကြာ နှောင့်နှေးခဲ့ပါသည်။ ကျွမ်းကျင်သူများနှင့် နည်းပညာရှင်များဖြင့် ပျက်စီးမှုအခြေအနေအား အကဲဖြတ်ဆဲဖြစ်ပြီး၊ ဘဏ္ဍာရေးအစီရင်ခံစာထုတ်ပြန်ချိန်တွင် ငွေကြေးဆိုင်ရာလျာထားချက်ခန့်မှန်းခြင်းကို ပြုလုပ်ထားပါသည်။ ဘဏ္ဍာရေးအစီရင်ခံစာ၏ မှတ်စု ၃၀ တွင် လုံလောက်သော ဖော်ပြချက်များ ပြုလုပ်ထားပြီး အခြေအနေအား ဆက်လက်စောင့်ကြည့်လျက်ရှိပါသည်။

ဒါရိုက်တာများကိုယ်စား

တိုးအောင်မြင့်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ( ၂၇ ) ရက်

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm



**ပြင်ပစာရင်းစစ်၏အစီရင်ခံစာ**

**မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

**ကုမ္ပဏီတွင်ပါဝင်သူများသို့**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအစီရင်ခံစာ**

### ထင်မြင်ယူဆချက်

ကျွန်ုပ်တို့စာရင်းစစ်အဖွဲ့သည် "မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်" ၏ ၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် အရှုံးအမြတ်နှင့် အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ၊ စာရင်းမှတ်စုများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့နှင့်အညီ "မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်" ၏ ၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်၊ အစုရှင်များ၏ပိုင်ဆိုင်မှုများပြောင်းလဲမှုနှင့် ငွေသားစီးဆင်းမှုတို့ကို အရေးပါမှုရှုထောင့်မှ သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်ုပ်တို့ ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်ပေါ်အခြေခံမှု

ကျွန်ုပ်တို့၏စာရင်းစစ်ဆေးခြင်းကို နိုင်ငံတကာစာရင်းစစ်ဆေးခြင်းဆိုင်ရာစံများအရ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို စာရင်းစစ်အစီရင်ခံစာတွင်ပါဝင်သော စာရင်းစစ်၏တာဝန်ဆိုသောအပိုဒ်တွင်လည်း ထပ်မံ၍ရှင်းလင်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အခန်း ၂၇၉ (ဃ)နှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအရ ဘဏ်နှင့် ဆက်နွယ်မှုကင်းရှင်းပြီး အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ပြည့်မီအောင် ဆောင်ရွက်ထားပါသည်။ ကျွန်ုပ်တို့ ရရှိထားသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားများသည် ပြည့်စုံလုံလောက်သင့်လျော်ပြီး ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်ပေးရန် အခြေခံတစ်ခုဖြစ်သည်ဟု ယုံကြည်ပါသည်။

### အဓိကကျသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ

အဓိကကျသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များဆိုသည်မှာ ဘဏ္ဍာရေးရှင်းတမ်းများအား ကျွန်ုပ်တို့စစ်ဆေးခဲ့ရာတွင် အရေးပါဆုံးသောအချက်များဟု မိမိတို့၏အတတ်ပညာကျွမ်းကျင်မှုအရ ဆုံးဖြတ်ထားသည့် ကိစ္စရပ်များပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများအားစစ်ဆေးမှုတစ်ခုလုံးတွင် အဆိုပါကိစ္စရပ်များကို ဦးတည်ဆောင်ရွက်ခဲ့ခြင်းကို

### အဓိကကျသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ (အဆက်)

ဆိုလိုပြီး ယင်းပေါ်တွင်အခြေခံ၍ ကျွန်ုပ်တို့၏ထင်မြင်ယူဆချက် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ သီးခြားထင်မြင်ယူဆချက်များပေးမည် မဟုတ်ပါ။

| အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ် | ကျွန်ုပ်တို့မည်သို့ဆောင်ရွက်ခဲ့သည် |
|---|---|
| **ဆက်သွယ်ဆောင်ရွက်သူများသို့ ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများအပေါ် အထွေထွေလျာထားခြင်း** | |
| ၃၁.၃.၂၀၂၅ ရက်နေ့တွင် ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူများထံမှ ချေးငွေများနှင့်ကြိုတင်ချေးငွေများ ရရန်လက်ကျန် ကျပ် ၇၆၁,၈၇၄.၂၁ သန်း ရှိသည်ဟု တင်ပြထားပါသည်။ ဘဏ်သည် ထိုချေးငွေအပေါ် ချေးငွေဆုံးရှုံးနိုင်ခြေ အထွေထွေလျာထားခြင်း ကျပ် ၁၅,၂၃၇.၄၈ သန်း ပြုလုပ်ထားပါသည်။ ကြွေးမြီဆုံးရှုံးနိုင်မှုအန္တရာယ်ကိုသုံးသပ်ရာတွင် အရေးကြီးသည့် ဆုံးဖြတ်ချက်များ လိုအပ်ပြီး ဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာရန် လိုအပ်သဖြင့် ဤကိစ္စရပ်ကို အဓိက စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်အဖြစ် ကျွန်ုပ်တို့ သတ်မှတ်ပါသည်။ ဤနေရာတွင် စတင်ထုတ်ချေးချိန်ရှိ ကြွေးမြီဆုံးရှုံးနိုင်မှုအန္တရာယ်နှင့် တန်ဖိုးလျော့ကျမှုမရှိသည့် ကြွေးမြီများ၏ ဆုံးရှုံးနိုင်မှု အန္တရာယ်ကို အကဲဖြတ်ခြင်း၊ ကြွေးမြီ ဆုံးရှုံးနိုင်မှုအန္တရာယ် တိုးမြင့်လာမှု ရှိ-မရှိ သတ်မှတ်ခြင်းတို့ ပါဝင်ပါသည်။ | ကျွန်ုပ်တို့သည် ဘဏ်၏ချေးငွေထုတ်ပေးခြင်း လုပ်ငန်းစဉ်နှင့် တန်ဖိုးလျော့ကျမှု သုံးသပ်အကဲဖြတ်သော အဓိကကျသည့် ထိန်းချုပ်ကွပ်ကဲမှုများ၏ ဒီဇိုင်းနှင့် ထိရောက်စွာလည်ပတ်မှုတို့ကို သုံးသပ်ခဲ့ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်သည့် နည်းလမ်းသည် စီမံအုပ်ချုပ်မှုတည်ဆောက်ပုံ၏ အခန်းကဏ္ဍ၊ အချက် အလက်များ ထည့်သွင်းရာတွင် ပြည့်စုံမှု၊ တိကျမှုနှင့် ကြွေးမြီဆုံးရှုံးနိုင်မှု အန္တရာယ်စောင့်ကြပ်ကြီးကြပ်မှုတို့ကို အလေးပေးခဲ့ပါသည်။ ကျွန်ုပ်တို့၏ သုံးသပ်မှုများနှင့် ကောက်နုတ်စစ်ဆေးမှုများအရ အဆိုပါ ထိန်းချုပ်ကွပ်ကဲမှုများကို ယုံကြည်စိတ်ချနိုင်ကြောင်း သတ်မှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကြွေးမြီဆုံးရှုံးနိုင်မှုအန္တရာယ် တိုးမြင့်လာခြင်းရှိ-မရှိ အကဲဖြတ်ခြင်းအပါအဝင် ချေးငွေဆုံးရှုံးနိုင်ခြေအထွေထွေလျာထားမှုကို သတ်မှတ်ရာတွင် အသုံးပြုခဲ့သော ယူဆချက်များကို သုံးသပ်ခဲ့ပါသည်။ အချုပ်အားဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေအထွေထွေလျာထားခြင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ နှင့် ညီညွတ်ကြောင်း၊ တန်ဖိုးလျော့ကျခြင်း မရှိသေးသော ချေးငွေများ သတ်မှတ်ချက်သည်လည်း သင့်လျော်ကြောင်း သတ်မှတ်ခဲ့ပါသည်။ |
| **ဆက်သွယ်ဆောင်ရွက်သူများသို့ ချေးငွေများနှင့် ကြိုတင်ချေးငွေများအပေါ် သီးခြားလျာထားခြင်း** | |
| ၃၁.၃.၂၀၂၅ ရက်နေ့တွင် ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူများထံမှ ချေးငွေများနှင့် ကြိုတင်ချေးငွေများ ရရန်လက်ကျန် ကျပ် ၇၆၁,၈၇၄.၂၁ သန်းရှိသည်ဟု တင်ပြထားပါသည်။ ဘဏ်သည် ထိုချေးငွေများနှင့် ကြိုတင်ချေးငွေများအနက် တန်ဖိုး ကျဆင်း နေသည့် ချေးငွေများနှင့် ကြိုတင်ချေးငွေ များအပေါ် ချေးငွေဆုံးရှုံးနိုင်ခြေ သီးခြားလျာထားခြင်း ကျပ် ၃,၆၈၀.၅၇ သန်း ပြုလုပ်ထားပါသည်။ စီမံခန့်ခွဲသူများ၏ တန်ဖိုး လျော့ကျမှု အကဲဖြတ်ခြင်းများတွင် သဘာဝအရ ပုဂ္ဂိုလ်ရေးအမြင်ဖြင့် ဆောင်ရွက်မှုများ | ကျွန်ုပ်တို့သည် ဘဏ်၏တန်ဖိုးလျော့ကျနေသော ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများအပေါ် သီးခြားလျာထားခြင်း လုပ်ငန်းစဉ်နှင့် တန်ဖိုးလျော့ကျမှု သုံးသပ်အကဲဖြတ်သော အဓိကကျသည့် ထိန်းချုပ် ကွပ်ကဲမှုများ၏ ဒီဇိုင်းနှင့် ထိရောက်စွာလည်ပတ်မှုတို့ကို သုံးသပ်ခဲ့ပါသည်။ ဤထိန်းချုပ်မှုများတွင် ကြွေးမြီဆုံးရှုံးနိုင်မှု အန္တရာယ်စောင့်ကြပ်ကြီးကြပ်မှု၊ ကြွေးမြီစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးခြင်း၊ တန်ဖိုးလျော့ကျမှု ညွှန်းကိန်းများကို အချိန်မှီ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် အာမခံပစ္စည်းများ၏ တန်ဖိုးသတ်မှတ်ခြင်း တို့ ပါဝင်သည်။ ထို့အပြင် |

| | |
|---|---|
| ပါဝင်နိုင်ခြင်းကြောင့် ဤကိစ္စရပ်ကို အဓိက စာရင်းစစ်ဆေးခြင်း ဆိုင်ရာကိစ္စရပ်အဖြစ် ကျွန်ုပ်တို့ သတ်မှတ်ပါသည်။ | ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများကို အတန်းအစားခွဲခြားခြင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ နှင့် ကိုက်ညီမှုရှိ-မရှိ၊ ထို့အပြင် တန်ဖိုးလျော့ကျမှုအရှုံး ရှိကြောင်းပြသသည့် အထောက်အထားများ ရှိ-မရှိကိုလည်း အကဲဖြတ် သုံးသပ်ခြင်းလည်း ပါဝင်သည်။ ကျွန်ုပ်တို့၏ သုံးသပ်မှုများနှင့် ကောက်နုတ်စစ်ဆေးမှုများအရ အဆိုပါ ထိန်းချုပ်မှုများကို ယုံကြည် စိတ်ချနိုင်ကြောင်း သတ်မှတ်ခဲ့ပါသည်။ အနှစ်ချုပ်အားဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေသီးခြား လျာထားခြင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ နှင့် ကိုက်ညီကြောင်း၊ တန်ဖိုးလျော့ကျမှု၏ ထိခိုက်မှုအတိုင်းအတာ သတ်မှတ်ချက်သည် သင့်လျော်ကြောင်း သတ်မှတ်ခဲ့ပါသည်။ |

**ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်၏အစီရင်ခံစာမှအပ အခြားသတင်းအချက်အလက်များ**

ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်၏အစီရင်ခံစာမှအပ အခြားသတင်းအချက်အလက်များ ("အခြားသတင်းအချက်အလက်များ") သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ အဆိုပါ အခြားသတင်းအချက်အလက်များသည် ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်၏အစီရင်ခံစာမှအပ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်များ ပါဝင်ပါသည်။ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက်သည် အခြားသတင်းအချက်အလက်များနှင့် မသက်ဆိုင်ပါ။ ယင်းအပေါ်တွင် မည်သည့်အာမခံချက်ဆိုင်ရာတင်ပြချက်များကိုလည်း ဖော်ပြမည်မဟုတ်ပါ။

**စီမံခန့်ခွဲသူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်မှုတာဝန်ရှိသူများ၏တာဝန်**

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီပြုစုရန်၊ သင့်လျော်မှန်ကန်စွာဖော်ပြရန်၊ မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အဓိကကျသောမှားယွင်းဖော်ပြမှုများကင်းရှင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြနိုင်ရန်အတွက် ဒါရိုက်တာများက လိုအပ်သည်ဟုသတ်မှတ်သည့် လုပ်ငန်းတွင်း ထိန်းချုပ်မှုများကို ထားရှိရန်တို့မှာ စီမံခန့်ခွဲသူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲသူများ(ဒါရိုက်တာများ)သည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန်ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်းခြင်း သို့မဟုတ် လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲပြုစုရာတွင် ဘဏ်၏ ရှေ့ဆက်လုပ်ကိုင်နိုင်မည့်စွမ်းရည်ကို အကဲဖြတ်ခြင်း၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကို ထုတ်ဖော်တင်ပြခြင်း၊ ရှေ့ဆက်လုပ်ကိုင်နိုင်မည့်ယူဆချက်ကိုအခြေခံ၍ စာရင်းပြုစုခြင်းတို့အတွက် တာဝန်ရှိပါသည်။ စီမံအုပ်ချုပ်မှုတာဝန်ရှိသူများသည် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစဉ်ကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးခြင်းအပေါ် စာရင်းစစ်၏တာဝန်**

ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးရှင်းတမ်းများအားလုံးကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အဓိကကျသော မှားယွင်းဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်စွာသေချာမှုရှိစေရန်နှင့် ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက် ပါဝင်သည့် စာရင်းစစ်အစီရင်ခံစာကိုတင်ပြရန် ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်စွာသေချာမှုရှိသည်ဆိုရာတွင် မြင့်မားသည့်အာမခံချက်ဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်ဆေးခြင်းဆိုင်ရာစံများနှင့်အညီ စာရင်းစစ်ဆေးခြင်းသည် အဓိကကျသောမှားယွင်းဖော်ပြမှုတစ်ခုခုရှိနေခြင်းကိုတွေ့ရှိနိုင်သည်ဟု အာမခံခြင်း မဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှုကြောင့် ပေါ်ပေါက်နိုင်ပြီး ဘဏ္ဍာရေးရှင်းတမ်းများကိုအခြေခံသော စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ၎င်းတို့ တစ်ခုချင်းသော်လည်းကောင်း သို့မဟုတ် စုပေါင်း၍သော်လည်းကောင်း လွှမ်းမိုးမှုများ ရှိလာနိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာမျှော်လင့်နိုင်ပါက အဆိုပါ မသမာမှု သို့မဟုတ် မှားယွင်းမှုများကို အဓိကကျသောမှားယွင်းဖော်ပြမှုဟု သတ်မှတ်ယူဆပါသည်။

စာရင်းစစ်ဆေးရာတွင် နိုင်ငံတကာစာရင်းစစ်ဆေးခြင်းဆိုင်ရာစံများနှင့်အညီ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုဖြင့် အကဲဖြတ်ချက်ကိုကျင့်သုံး၍ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ၏ သတိသမ္ပဇဉ် (Professional judgement and professional skepticism) ဖြင့် ထိန်းသိမ်း ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့သည် ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်မှုတာဝန်ရှိသူများနှင့် စာရင်းစစ်ဆေးရန်စီစဉ်ထားသည့် အတိုင်းအတာ၊ စစ်ဆေးမည့်အချိန်နှင့် စစ်ဆေးချိန်အတွင်းတွေ့ရှိရသည့် လုပ်ငန်းတွင်းကြီးကြပ်မှုတွင် အရေးပါသောအားနည်းမှုများအပါအဝင် အဓိကျသည့်တွေ့ရှိချက်များ စသည့်ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပါသည်။ စီမံခန့်ခွဲသူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်မှုတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်သည်များထဲမှ ယခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကိုစစ်ဆေးခြင်းနှင့်ပတ်သက်၍ အရေးပါဆုံးသောကိစ္စရပ်များကို အဓိကျသည့်ကိစ္စရပ်များဟု သတ်မှတ်ပါသည်။

**အခြားသောဥပဒေဆိုင်ရာနှင့်စည်းမျဉ်းစည်းကမ်းလိုအပ်မှုများအရအစီရင်ခံခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်ုပ်တို့သည်-

(က) လိုအပ်သောသတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များကို ရရှိပြီးဖြစ်ကြောင်း၊

(ခ) ကျွန်ုပ်တို့၏ထင်မြင်ချက်အရ အစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘဏ္ဍာရေးရှင်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပြုစုထားကြောင်း၊

(ဂ) ကုမ္ပဏီ၏စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး ကျွန်ုပ်တို့ထံပေးအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များနှင့်အညီ ဘဏ်၏လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးရှင်းတမ်းများတွင် သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်းနှင့်

(ဃ) ကျွန်ုပ်တို့၏ထင်မြင်ချက်အရ ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အခန်း(၂၄) တွင် ပါရှိသည့် လိုအပ်ချက်များနှင့်အညီ ဘဏ္ဍာရေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း၊

အစီရင်ခံပါသည်။

Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

**အခြားသောဥပဒေဆိုင်ရာနှင့်စည်းမျဉ်းစည်းကမ်းလိုအပ်မှုများအရအစီရင်ခံခြင်း (အဆက်)**

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ၂၀၁၆၊ ပုဒ်မ ၈၉ အရ -

(က) ကျွန်ုပ်တို့၏ထင်မြင်ချက်အရ ဘဏ်ကရေးဆွဲတင်ပြထားသော လက်ကျန်ရှင်းတမ်း (ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း)နှင့် အရှုံးအမြတ်စာရင်း (အရှုံးအမြတ်နှင့် အခြားအလုံးစုံဝင်ငွေပါဝင်သည့်ရှင်းတမ်း) တို့သည် အရေးပါသည့် ရှုထောင့်မှ ပြည့်စုံ၍ မျှတကျနစွာ ရေးဆွဲထားကြောင်း၊

(ခ) ဘဏ်၏စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး ကျွန်ုပ်တို့ထံပေးအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များနှင့်အညီ ဘဏ်၏လုပ်ငန်းဆောင်တာများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားကြောင်း၊

(ဂ) ဘဏ်၏အရာရှိများနှင့် ကိုယ်စားလှယ်များထံမှရရှိသော သတင်းအချက်အလက်များမှာ ကျေနပ်လက်ခံနိုင်ကြောင်း၊

အစီရင်ခံပါသည်။

ဝင်းထွဋ်အောင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်အမှတ် ၆၆
V Advisory Limited
အခန်း ၄၀၆၊ တိုက် ဘီ၊ 45 Complex၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ( ၂၇ ) ရက်



**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
**၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း**

| | မှတ်စု | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၄<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| လက်ဝယ်ရှိငွေလက်ကျန်နှင့် ဗဟိုဘဏ်ရှိ ငွေလက်ကျန်များ | ၆ | ၁၃၇,၅၄၆,၉၉၀,၅၅၉ | ၁၅၉,၂၂၄,၆၈၄,၈၈၈ |
| ဘဏ်အချင်းချင်းကြားထားရှိသောငွေလက်ကျန်များ | ၇ | ၆၇,၉၁၉,၆၂၀,၉၉၄ | ၄၆,၉၃၁,၉၈၉,၁၂၄ |
| အစိုးရငွေတိုက်လက်မှတ်များနှင့် ငွေကြေးဆိုင်ရာ စာချုပ်များ | ၈ | ၇၃,၄၇၂,၆၄၈,၇၄၂ | ၈၁,၆၉၂,၀၁၀,၀၆၁ |
| ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | ၉ | ၇၅၈,၁၉၃,၆၄၃,၃၃၂ | ၆၂၀,၈၃၆,၉၆၃,၁၆၅ |
| ရင်းနှီးမြှုပ်နှံမှုများ | ၁၀ | ၃၃၁,၀၀၀,၀၀၀ | ၃၃၁,၀၀၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်းများ | ၁၁ | ၂၀,၅၄၁,၅၇၆,၅၇၅ | ၁၈,၆၃၆,၅၃၅,၁၆၄ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ | ၁၂ | ၃,၇၀၉,၅၁၂,၄၉၄ | ၃,၅၂၆,၉၁၉,၅၃၆ |
| အခြားရပိုင်ခွင့်များ | ၁၃ | ၆၅,၈၁၇,၈၉၁,၆၇၃ | ၅၀,၃၃၂,၂၅၃,၆၇၈ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | **၁,၁၂၈,၅၃၂,၈၈၄,၃၆၉** | **၉၈၁,၅၁၂,၃၅၅,၆၁၆** |
| **ပေးရန်တာဝန်များ** | | | |
| ချေးယူငွေများ | ၁၄ | ၃၂,၃၃၃,၈၆၀,၀၀၀ | ၆၅,၃၈၅,၃၆၀,၀၀၀ |
| အပ်ငွေများ | ၁၅ | ၉၄၂,၂၃၀,၈၀၀,၅၆၃ | ၇၇၂,၂၅၀,၀၃၁,၄၄၁ |
| အခြားပေးရန်တာဝန်များ | ၁၆ | ၇၇,၈၈၃,၃၀၆,၇၇၀ | ၇၀,၆၁၂,၄၀၉,၉၈၈ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | **၁,၀၅၂,၄၄၇,၉၆၇,၃၃၃** | **၉၀၈,၂၄၇,၈၀၁,၄၂၉** |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၇ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၈ | ၁၅,၈၀၁,၂၉၄,၅၃၉ | ၁၅,၀၉၆,၂၀၃,၈၂၇ |
| အမြတ်လက်ကျန် | | ၃,၁၅၈,၉၅၉,၆၉၇ | ၁,၀၄၃,၆၈၇,၅၆၀ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | **၇၆,၀၈၄,၉၁၇,၀၃၆** | **၇၃,၂၆၄,၅၅၄,၁၈၇** |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | **၁,၁၂၈,၅၃၂,၈၈၄,၃၆၉** | **၉၈၁,၅၁၂,၃၅၅,၆၁၆** |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win
KHIN CHAW SU WIN
CHIEF FINANCIAL OFFICER
MYANMAR CITIZENS BANK LTD.

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

### ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၄ -၂၀၂၅<br>မြန်မာကျပ် | ၂၀၂၃ -၂၀၂၄<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၉ | ၈၇,၉၉၀,၄၂၇,၂၅၃ | ၅၉,၅၀၈,၁၁၅,၀၆၉ |
| အတိုးစရိတ် | ၂၀ | (၆၆,၂၈၅,၈၄၄,၁၈၄) | (၄၃,၃၅၃,၂၅၉,၉၀၁) |
| **အသားတင် အတိုးဝင်ငွေ** | | **၂၁,၇၀၄,၅၈၃,၀၆၉** | **၁၆,၁၅၄,၈၅၅,၁၆၈** |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၂၁ | ၁၀,၁၀၁,၅၂၈,၇၄၁ | ၁၀,၆၈၆,၅၂၄,၄၄၈ |
| အခြားဝင်ငွေ | ၂၂ | ၂,၆၅၈,၄၄၃,၁၅၀ | ၁၁၁,၆၇၂,၆၆၅ |
| | | **၃၄,၄၆၄,၅၅၄,၉၆၀** | **၂၆,၉၅၃,၀၅၂,၂၈၁** |
| သီးသန့်ကြွေးဆုံးလျာထားငွေ | | ၂၃၁,၃၂၀,၁၆၇ | ၅၁၉,၅၀၀,၁၉၆ |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | (၂,၇၃၈,၆၁၂,၇၇၃) | (၅,၁၂၇,၁၇၀,၅၂၄) |
| **စုစုပေါင်းဝင်ငွေ** | | **၃၁,၉၅၇,၂၆၂,၃၅၄** | **၂၂,၃၄၅,၃၈၁,၉၅၃** |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၃-၂၄ | (၂၅,၅၅၈,၀၁၂,၆၇၄) | (၁၉,၂၃၂,၄၅၁,၇၄၉) |
| တန်ဖိုးလျော့ | ၁၁, ၁၂ | (၂,၄၆၄,၆၅၄,၉၁၂) | (၂,၂၀၅,၂၂၆,၅၈၆) |
| **အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး)** | | **၃,၉၃၄,၅၉၄,၇၆၉** | **၉၀၇,၇၀၃,၆၁၈** |
| ဝင်ငွေခွန်စရိတ် | ၂၅ | (၁,၁၁၄,၂၃၁,၉၂၀) | (၁၅၀,၁၂၀,၂၃၂) |
| **အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး)** | | **၂,၈၂၀,၃၆၂,၈၄၉** | **၇၅၇,၅၈၃,၃၈၆** |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | **၂,၈၂၀,၃၆၂,၈၄၉** | **၇၅၇,၅၈၃,၃၈၆** |
| အစုရှယ်ယာတစ်စု၏ ဝင်ငွေ | ၂၆ | ၂၇၁ | ၇၃ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win
KHIN CHAW SU WIN
CHIEF FINANCIAL OFFICER
MYANMAR CITIZENS BANK LTD.

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ရန်ကုန်မြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက်



## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

### ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| **၂၀၂၄ - ၂၀၂၅** | | | | |
| စာရင်းဖွင့်လက်ကျန် | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၅,၀၉၆,၂၀၃,၈၂၇ | ၁,၀၄၃,၆၈၇,၅၆၀ | ၇၃,၂၆၄,၅၅၄,၁၈၇ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၅,၀၉၆,၂၀၃,၈၂၇ | ၁,၀၄၃,၆၈၇,၅၆၀ | ၇၃,၂၆၄,၅၅၄,၁၈၇ |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၂,၈၂၀,၃၆၂,၈၄၉ | ၂,၈၂၀,၃၆၂,၈၄၉ |
| ယခုနှစ် လျာထားချက် | - | ၇၀၅,၀၉၀,၇၁၂ | (၇၀၅,၀၉၀,၇၁၂) | - |
| **စာရင်းပိတ်လက်ကျန်** | **၅၇,၁၂၄,၆၆၂,၈၀၀** | **၁၅,၈၀၁,၂၉၄,၅၃၉** | **၃,၁၅၈,၉၅၉,၆၉၇** | **၇၆,၀၈၄,၉၁၇,၀၃၆** |
| **၂၀၂၃ - ၂၀၂၄** | | | | |
| စာရင်းဖွင့်လက်ကျန် | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၁ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၁ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၁ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၁ |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | | ၇၅၇,၅၈၃,၃၈၆ | ၇၅၇,၅၈၃,၃၈၆ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၁၈၉,၃၉၅,၈၄၆ | (၁၈၉,၃၉၅,၈၄၆) | - |
| **စာရင်းပိတ်လက်ကျန်** | **၅၇,၁၂၄,၆၆၂,၈၀၀** | **၁၅,၀၉၆,၂၀၃,၈၂၇** | **၁,၀၄၃,၆၈၇,၅၆၀** | **၇၃,၂၆၄,၅၅၄,၁၈၇** |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ရန်ကုန်မြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက်

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၄ -၂၀၂၅<br>မြန်မာကျပ် | ၂၀၂၃ -၂၀၂၄<br>မြန်မာကျပ် |
|---|---|---|---|
| ၁။ လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | | ၃,၉၃၄,၅၉၄,၇၆၉ | ၉၀၇,၇၀၃,၆၁၈ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၁၁ | ၁,၇၉၅,၆၆၇,၈၀၀ | ၁,၅၆၇,၄၅၀,၈၉၈ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းတန်ဖိုးလျော့ | ၁၂ | ၆၆၈,၉၈၇,၁၁၂ | ၆၃၇,၇၇၅,၆၈၈ |
| သီးသန့်ဆုံးရှုံးမှုလျာထားချက် | | (၂၃၁,၃၂၀,၁၆၇) | (၅၁၉,၅၀၀,၁၉၆) |
| အထွေထွေဆုံးရှုံးမှုလျာထားချက် | | ၂,၇၃၈,၆၁၂,၇၇၃ | ၅,၁၂၇,၁၇၀,၅၂၄ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | ၄၈၂,၈၁၄ | (၁၄၉,၇၅၂,၀၈၀) |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၇၂,၄၃၈,၇၅၆ | ၁,၉၀၅,၉၅၂ |
| **လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင် လုပ်ငန်း အမြတ်/(အရှုံး)** | | ၈,၉၇၉,၄၆၃,၈၅၇ | ၇,၅၇၂,၇၅၄,၄၀၄ |
| **လက်ငင်းရပိုင်ခွင့်ပေးရန်တာဝန်အတိုး/အလျော့** | | | |
| ဘဏ်အချင်းချင်းကြားထားရှိသောငွေလက်ကျန်များ | | (၂၀,၉၈၇,၆၃၁,၈၇၀) | (၁၇,၁၀၉,၄၈၁,၉၃၄) |
| ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | | (၁၃၇,၁၂၅,၃၆၀,၀၀၀) | (၂၅၆,၃၅၈,၅၂၆,၁၇၉) |
| အခြားရပိုင်ခွင့်များ | | (၁၅,၂၈၅,၂၃၇,၉၉၄) | (၃၀,၀၂၄,၆၄၈,၉၇၅) |
| အပ်ငွေစာရင်း | | ၁၆၉,၉၈၀,၇၆၉,၁၂၂ | ၂၄၇,၄၄၅,၇၉၅,၁၅၇ |
| အခြားပေးရန်တာဝန်များ | | ၃,၄၁၈,၀၅၂,၀၈၉ | ၄၀,၅၆၆,၈၀၉,၇၅၉ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | ၈,၉၈၀,၀၅၅,၂၀၄ | (၇,၉၀၇,၂၉၇,၇၆၉) |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၂၀၀,၄၀၀,၀၀၀) | (၈၀၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | | **၈,၇၇၉,၆၅၅,၂၀၄** | **(၇,၉၀၈,၀၉၇,၇၆၉)** |
| ၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၄,၇၇၇,၀၁၂,၇၈၁) | (၂,၇၅၉,၀၈၄,၇၇၉) |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | (၈၅၁,၅၈၀,၀၇၁) | (၁၆၀,၇၁၈,၈၄၇) |
| ပုံသေပိုင်ပစ္စည်းရောင်းချမှု | | ၃,၃၈၂,၀၀၀ | ၁၅၈,၈၃၂,၆၂၉ |
| အစိုးရငွေတိုက်လက်မှတ် | | ၈,၂၁၉,၃၆၁,၃၁၉ | ၂၂,၀၇၆,၂၁၇,၀၈၉ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု/ (အသုံးပြုမှု)** | | **၂,၅၉၄,၁၅၀,၄၆၇** | **၁၉,၃၁၅,၂၄၆,၀၉၀** |
| ၃။ ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ချေးငွေရယူခြင်း/(ချေးငွေပြန်လည်ပေးဆပ်ခြင်း) | | (၃၃,၀၅၁,၅၀၀,၀၀၀) | ၃၅,၆၁၀,၅၁၀,၀၀၀ |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | - |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | | **(၃၃,၀၅၁,၅၀၀,၀၀၀)** | **၃၅,၆၁၀,၅၁၀,၀၀၀** |
| **ငွေသားအသားတင် အတိုး/(အလျော့)** | | **(၂၁,၆၇၇,၆၉၄,၃၂၉)** | **၄၇,၀၁၇,၆၅၈,၃၂၁** |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၅၉,၂၂၄,၆၈၄,၈၈၈ | ၁၁၂,၂၀၇,၀၂၆,၅၆၇ |
| **စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန်** | ၆ | **၁၃၇,၅၄၆,၉၉၀,၅၅၉** | **၁၅၉,၂၂၄,၆၈၄,၈၈၈** |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။



မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

## ၁။ အထွေထွေ

မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ("ဘဏ်") သည် မြန်မာနိုင်ငံတွင် အခြေစိုက်ပြီး ဘဏ်၏ မှတ်ပုံတင် ရုံးလိပ်စာသည် အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တည်ရှိပါသည်။ ဘဏ်ကို အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီ အဖြစ် ၃၀.၁၀.၁၉၉၁ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၂၇၄/၁၉၉၁-၁၉၉၂ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့် အထူးကုမ္ပဏီအက် ၁၉၅၀ တို့အရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး မှတ်ပုံတင်လက်မှတ် အသစ် ၁၄၉၁၆၉၄၆၆ ကို ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်အသစ် မဗဘ/ပဘ(အာရ်)-၀၁/၀၈/၂၀၁၆ ကို မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေ ၂၀၁၆၊ ပုဒ်မ ၁၇၆ အရ ကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် အဓိကစီးပွားရေး လုပ်ဆောင်ချက်များမှာ အပ်ငွေများလက်ခံခြင်း၊ ချေးငွေနှင့်ကြိုတင်ငွေများထုတ်ချေးခြင်း၊ ကုန်သည်ဝန်ဆောင်မှုပေးခြင်း၊ ကုန်သွယ်မှုဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံခြားငွေရောင်းဝယ်ခြင်းနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းတို့ ပါဝင်ပါသည်။

## ၂။ စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမှု

ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများ (Myanmar Financial Reporting Standards - MFRSs) ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ငွေရေးကြေးရေးဥပဒေနှင့်အညီ ပြုစုတင်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ကုန်ကျစရိတ်များအပေါ်အခြေခံ၍ ပြုစုရေးဆွဲထားပါသည်။ ယခုနှစ် ကျင့်သုံးနေသောစာရင်းဆိုင်ရာ မူဝါဒများသည် ယခင်နှစ်တွင် ကျင့်သုံးခဲ့သော မူဝါဒများအတိုင်းဖြစ်ပြီး ပြောင်းလဲမှု မရှိပါ။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်

### ၃-၁။ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးနှင့် အစီရင်ခံစာတွင် ဖော်ပြသည့်ငွေကြေး

ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ဖြင့် တင်ပြထားပါသည်။ မြန်မာကျပ်သည် ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးလည်း ဖြစ်ပါသည်။

### ၃-၂။ နိုင်ငံခြားငွေဖလှယ်မှုများ

ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးမဟုတ်သည့် နိုင်ငံခြားငွေကြေးများကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့ရှိ ငွေလဲလှယ်နှုန်းများ သို့မဟုတ် အမှန်တကယ်ငွေလဲနှုန်း ကျပ်ကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးအဖြစ် ဖလှယ်ပြီးရေးသွင်းပါသည်။ အစီရင်ခံသည့် နေ့တွင် နိုင်ငံခြားငွေကြေးများဖြင့် တည်ရှိသည့် ငွေကြေးဆိုင်ရာရပိုင်ခွင့်များကို ၎င်းနေ့ရှိ ငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲ တန်ဖိုးသင့်ပြီးဖော်ပြပါသည်။ နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့်ရပိုင်ခွင့်များကို သင့်တင့်သော တန်ဖိုး သတ်မှတ်သောနေ့ရှိ ငွေလဲလှယ်နှုန်းအတိုင်း တန်ဖိုးသင့်၍ ဖော်ပြပါသည်။ ပြီးခဲ့သည့်ဖြစ်ရပ်အပေါ်အခြေခံ၍ တွက်ချက်ထားသော နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့်ရပိုင်ခွင့်များကို တန်ဖိုးပြောင်းလဲခြင်း မပြုပါ။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၂။ နိုင်ငံခြားငွေဖလှယ်မှုများ (အဆက်)

ဘဏ်မှအသုံးပြုသည့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန် အစီရင်ခံသည့်ရက်နေ့ရှိ ငွေလဲနှုန်းများမှာ -

| | USD/MMK | EUR/MMK | SGD/MMK | CYN/MMK | THB/ MMK |
|---|---|---|---|---|---|
| ၃၁.၃.၂၀၂၅ | ၂,၁၀၃.၀၀ | ၂,၂၇၃.၈၈ | ၁,၅၆၄.၂၅ | ၂၈၉.၁၂ | ၆၁.၈၆ |
| ၃၁.၃.၂၀၂၄ | ၂,၁၀၃.၀၀ | ၂,၂၈၁.၂၀ | ၁,၅၅၀.၅၀ | ၃၀၅.၁၁ | ၆၁.၃၃ |

၃-၃။ အတိုးရငွေနှင့် အတိုးစရိတ်

လျှော့ချထားသောကုန်ကျစရိတ်ဖြင့် တိုင်းတာသည့် ငွေရေးကြေးရေးစာချုပ်စာတမ်းများအားလုံးနှင့် ရောင်းချရန်ကိုင်ဆောင်ထား သည့် သို့မဟုတ် ရောင်းရန်အသင့်ရှိသည့် ဘဏ္ဍာရေးရပိုင်ခွင့်များအတွက် အတိုးများကို အရှုံးအမြတ်စာရင်းရှိ “အတိုးဝင်ငွေ” နှင့် “အတိုးကုန်ကျစရိတ်” ခေါင်းစဉ်များအောက်တွင် effective interest method ဖြင့် စာရင်း ထည့်သွင်းပါသည်။ Effective interest method ဆိုသည်မှာ ဘဏ္ဍာရေး ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ လျှော့ချထားသော ကုန်ကျစရိတ်ကို တွက်ချက်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး အတိုးရငွေများနှင့် အတိုးကုန်ကျစရိတ်များကို သက်ဆိုင်ရာကာလတလျှောက် အညီအမျှခွဲဝေ စာရင်းထည့် သွင်းခြင်း ဖြစ်ပါသည်။ Effective interest rate ဆိုသည်မှာ ငွေရေးကြေးရေးစာချုပ်စာတမ်းများ၏ ခန့်မှန်းသက်တမ်း သို့မဟုတ် ပိုနည်းသော ကာလတလျှောက် ခန့်မှန်းအနာဂတ်ငွေပေးချေမှု သို့မဟုတ် ငွေလက်ခံမှုများကို ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ အသားတင်သယ်ဆောင်သည့်တန်ဖိုးသို့ တိကျတူညီစွာ လျှော့ချသည့် အတိုးနှုန်းထား ဖြစ်ပါသည်။ တွက်ချက်မှုများတွင် ငွေရေးကြေးရေး စာချုပ်စာတမ်းများ၏ စာချုပ်စာတမ်းပါ အချက်အလက်များအားလုံးကို ထည့်သွင်း စဉ်းစား ထားပါသည်။ သို့သော် အနာဂတ်ချေးငွေဆုံးရှုံးမှုများကို ထည့်သွင်း စဉ်းစားခြင်း မရှိပါ။ Effective interest rate နှင့် သက်ဆိုင်နေသော မြင်သာသည့် ဝန်ဆောင်မှုအခကြေးငွေ၊ လုပ်ဆောင်မှုစရိတ်များ နှင့်အတူ ပရီမီယံကြေးများ၊ လျှော့ငွေများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ တန်ဖိုးကျဆင်းမှုကြောင့်ဆုံးရှုံးမှုအတွက် ပယ်ဖျက်ခဲ့သည့် တန်ဖိုးလျှော့ချပြီးသော ဘဏ္ဍာရေးရပိုင်ခွင့်များအပေါ် အတိုးဝင်ငွေများကို တန်ဖိုးကျဆင်းမှုကြောင့်ဆုံးရှုံးမှုများကို တိုင်းတာသည့်အနေဖြင့် အနာဂတ် ငွေသားစီးဆင်းမှုကို လျှော့ချရန် အသုံးပြုခဲ့သော အတိုးနှုန်းကို သုံးစွဲဖော်ပြပါသည်။

၃-၄။ ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများ

ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများကို ယေဘုယျအားဖြင့် ဝန်ဆောင်မှု ရရှိသည့်အချိန်၌ စာရင်းထည့်သွင်းပါသည်။

၃-၅။ အမြတ်ဝေစုရငွေ (Dividend income)

အမြတ်ဝေစုရငွေကို ပေးချေမှုများ ရပိုင်ခွင့်ရှိသည်ဟု အကျိုးအကြောင်း ခိုင်မာသည့်အချိန်၌ စာရင်းထည့်သွင်းပါသည်။

၃-၆။ အခြားရငွေ (Other operating income)

အခြားရငွေတွင် နိုင်ငံခြားငွေလဲလှယ်မှုများမှ ရရှိလာသော အရှုံးအမြတ်များ၊ အာမခံမှ ရရှိသော ကော်မရှင်ခများ၊ ပစ္စည်းအဟောင်းများ ရောင်းချခြင်းမှ ရရှိသော ဝင်ငွေများ နှင့် ပုံသေပိုင်ပစ္စည်းများထုခွဲရောင်းချခြင်းမှ အမြတ်တို့ ပါဝင်ပါသည်။



မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၇။ ဝန်ထမ်းအကျိုးခံစားခွင့်များ

<u>အပိုဆုကြေး</u>

ဘဏ်သည် ဘဏ်၏ အစုရှယ်ယာဝင်များသို့ ခွဲဝေပေးသော အမြတ်များနှင့် အချို့စာရင်းညှိနှိုင်းချက်များ လုပ်ဆောင်ပြီးနောက် ဘဏ်၏ စီမံအုပ်ချုပ်သူများမှ အတည်ပြုသည့် တွက်နည်းကိုအခြေခံ၍ အပိုဆုကြေးကို တွက်ချက်ပြီး ပေးရန်တာဝန်နှင့် အသုံးစရိတ် စာရင်းများသို့ ထည့်သွင်းတင်ပြပါသည်။ ဘဏ်သည် စာချုပ်စာတမ်းအရ ပေးရန်တာဝန်ရှိသောအခါ သို့မဟုတ် ယခင် အလေ့အထများကြောင့် သဘောတရားအရ ပေးရန်တာဝန်ရှိသောအခါ လျာထားချက်များ ပြုလုပ်ပါသည်။

၃-၈။ ဝင်ငွေခွန်

<u>လက်ငင်းအခွန်စရိတ်</u>

လက်ငင်းအခွန်သည် နှစ်အတွင်းရရှိသည့် ဝင်ငွေခွန်ကျသင့်သည့်အမြတ်အပေါ် အစီရင်ခံသည့်နေ့တွင် (သိသာစွာ) ပြဋ္ဌာန်းထားသည့် အခွန် နှုန်းထားဖြင့် တွက်ချက်ပါသည်။

<u>လက်ငင်းအခွန်ရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များ</u>

လက်ရှိနှစ်နှင့်ယခင်နှစ်များအတွက် လက်ငင်းအခွန်စရိတ်ကို ပေးချေမှုမပြုသေးသည့်ပမာဏအထိ ပေးရန်တာဝန်အဖြစ် တင်ပြပြီး ထိုကာလများအတွက် ကျသင့်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခဲ့သည့်ပမာဏကို လက်ငင်းအခွန်ရပိုင်ခွင့် အဖြစ် တင်ပြပါသည်။ ယခင်နှစ်တခုခုတွင် ပေါ်ပေါက်ခဲ့သော အရှုံးဆက်လက်သယ်ဆောင် ခုနှိမ်ခွင့်ကြောင့် ရရှိသည့်အခွင့်အရေးကိုလည်း လက်ငင်းအခွန်ရပိုင်ခွင့်တွင် တင်ပြထားပါသည်။ လက်ငင်းအခွန်ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အခွန်အာဏာပိုင် များထံမှ ပြန်လည်ရရှိမည် သို့မဟုတ် ၎င်းတို့ထံသို့ ပေးရမည်ဟု မျှော်မှန်းသော ပမာဏဖြင့် တွက်ချက်ထားပါသည်။

<u>ရွှေ့ဆိုင်းအခွန်</u>

ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ကနဦးစာရင်းထည့်သွင်းချိန်တွင်ဖြစ်ပေါ်သည့် ကွာခြားမှုမှတပါး ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို အခွန်အခြေခံဖြင့် တွက်ချက်ရရှိထားသည်များနှင့် ဘဏ္ဍာရေးရှင်းတမ်းပါ သယ်ယူပမာဏများ အကြား ယာယီကွာခြားမှုများရှိသည့်အခါ ရွှေ့ဆိုင်းအခွန်အဖြစ် စာရင်းထည့်သွင်းပါသည်။ ဘဏ္ဍာရေးကာလ ကုန်ဆုံးသော အစီရင်ခံသည့်နေ့ သို့မဟုတ် ၎င်းနောက်ပိုင်း ပြဋ္ဌာန်းသည့်အခွန်နှုန်းများဖြင့် တွက်ချက်ပါသည်။

အစုရှင်များ၏ရင်းနှီးငွေသို့ တိုက်ရိုက်ရေးသွင်းသည်များမှလွဲ၍ လက်ငင်းနှင့်ရွှေ့ဆိုင်းအခွန်များကို အရှုံးအမြတ်စာရင်းတွင် စာရင်းထည့်သွင်းဖော်ပြပါသည်။

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ

(က)ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု

ဘဏ္ဍာရေးစာချုပ်စာတမ်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားပါသည်။

(၁) အရှုံးအမြတ်စာရင်းမှတဆင့် သင့်တင့်သောတန်ဖိုးဖြင့် ဖော်ပြသည့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ

ကာလတိုအတွင်း ရောင်းရန် သို့မဟုတ် ပြန်ဝယ်ရန်အတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ ပါဝင်ပါသည်။ အဆိုပါစာချုပ်စာတမ်းများအား ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းပြီး ရောင်းဝယ်ခြင်းကုန်ကျစရိတ်များကို အရှုံးအမြတ်စာရင်းတွင် တိုက်ရိုက်ကျခံပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

(က)ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု (အဆက်)

(၁) အရှုံးအမြတ်စာရင်းမှတဆင့် သင့်တင့်သောတန်ဖိုးဖြင့် ဖော်ပြသည့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ (အဆက်)

သင့်တင့်သောတန်ဖိုးပြောင်းလဲမှုများနှင့် အမြတ်ဝေစုရငွေများအား အရှုံးအမြတ်စာရင်းတွင် “ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများပေါ် အသားတင်အမြတ်/အရှုံး”ခေါင်းစဉ်ဖြင့် စာရင်းထည့်သွင်းပါသည်။ ၎င်းတို့နှင့် ပတ်သက်၍ အတိုးဝင်ငွေများရရှိလျှင် အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းပါသည်။ ပုံမှန်ရောင်းချခြင်း၊ ဝယ်ယူခြင်းအား အရောင်းအဝယ် ပြုလုပ်သောနေ့တွင် စာရင်းထည့်သွင်းပါသည်။

(၂) ချေးငွေများနှင့်ရရန်ရှိများ

ချေးငွေများနှင့်ရရန်ရှိများ ဆိုသည်မှာ ရောင်းချနိုင်သော ဈေးကွက်မရှိသည့် ပုံသေ သို့မဟုတ် ဆုံးဖြတ်ထားသော တန်ဖိုးပါဝင်သော Non-derivative financial assets များကို ဆိုလိုသည်။ ဤခေါင်းစဉ်အောက်တွင် ဘဏ်များရှိ ငွေများ၊ ငွေလက်ကျန်များ၊ ချေးငွေများနှင့် ကြိုတင်ပေးငွေများ ပါဝင်သည်။ (၁၂) လကျော် နောက်ပိုင်း ပြန်လည်ရရှိမည့်ရပိုင်ခွင့်များမှအပ ၎င်းတို့အား လက်ငင်းရပိုင်ခွင့်များအဖြစ် သတ်မှတ်ဖော်ပြပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သော စရိတ်များအပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းတွင် Effective Interest Method ဖြင့် တန်ဖိုးလျှော့ပြီး စာရင်းထည့်သွင်း ဖော်ပြပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသောအတိုးဝင်ငွေများကို "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့် အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ တန်ဖိုးလျှော့ကျမှုများရှိပါကလည်း အရှုံးအမြတ်စာရင်းတွင် "တန်ဖိုးလျှော့ကျမှုစရိတ်" ခေါင်းစဉ်ဖြင့် ဖော်ပြပါသည်။

(၃) Held to maturity

အကျိုးဖြစ်ထွန်းမည်ဟု ယူဆထားပြီး သတ်မှတ်ဖော်ပြထားသော သက်တမ်းစေ့ရောက်သည့်အချိန်ထိ ကိုင်ဆောင် ထားမည် ဟု စီမံခန့်ခွဲသူများမှ ရည်ရွယ်ထားသော ပုံသေ သို့မဟုတ် ဆုံးဖြတ်ထားသောတန်ဖိုးဖြင့် ကိုင်ဆောင် ထားသော ရပိုင်ခွင့်များကို ဆိုလိုပါသည်။ အရေးမပါသောပမာဏမှလွဲ၍ ပြန်လည်ရောင်းချမည်ဟု ဆုံးဖြတ်သော အချိန်မှစတင်ကာ Available for sale အဖြစ် ပြောင်းလဲသတ်မှတ်ပါသည်။ (၁၂)လ အတွင်း သက်တမ်းစေ့ရောက်ပါက လက်ငင်းရပိုင်ခွင့်များ အဖြစ်သတ်မှတ်ပြီး (၁၂)လအထက်ဖြစ်ပါက လက်ငင်း မဟုတ်သည့် ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သောစရိတ်များ အပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းတွင် Effective interest method ဖြင့် စာရင်း ရေးသွင်းပါသည်။ အတိုးဝင်ငွေများနှင့်ပတ်သက်၍ "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း တန်ဖိုကျဆင်းမှုများ ရှိလာပါက "တန်ဖိုးကျဆင်းမှု စရိတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

(၄) Available for sale

အထက်ဖော်ပြပါအမျိုးအစား (၃) မျိုးနှင့် မသက်ဆိုင်သောရပိုင်ခွင့်များကို Available for sale အဖြစ် သတ်မှတ်ပါသည်။





၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

(က)ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု (အဆက်)

(၄) Available for sale (အဆက်)

ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းရေးသွင်းပါသည်။ အဆိုပါ သင့်တင့်သောတန်ဖိုး ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောအရှုံးအမြတ်များအား အခြားအလုံးစုံဝင်ငွေအောက်တွင် ဖော်ပြပါသည်။ သို့ရာတွင် တန်ဖိုး ကျဆင်းမှုများ၊ ငွေရေးကြေးရေးစာချုပ်စာတမ်းများနှင့်သက်ဆိုင်သော နိုင်ငံခြားငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရှုံးအမြတ်များနှင့် effective interest method ဖြင့်တွက်ချက်ထားသော အတိုးစရိတ်များကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

၎င်းတို့အား စာရင်းမှ ထုတ်ပယ်သောအခါ မူလက အခြားအလုံးစုံဝင်ငွေအောက်တွင် ရေးသွင်းခဲ့သော စုစုပေါင်းအရှုံးအမြတ်အား အစုရှင်များ၏ ပိုင်ဆိုင်မှုမှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်းထည့်သွင်းပါသည်။ Effective interest method ဖြင့် တွက်ချက်၍ ရရှိလာသော အတိုးများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသော အမြတ်ဝေစုများကိုမူ အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

စာရင်းကာလပြီးဆုံးပြီး (၁၂)လအတွင်း ပြန်လည်ရရှိမည်ဟု မမျှော်မှန်းပါက အဆိုပါ Available for sale ဘဏ္ဍာရေးရပိုင်ခွင့်များအား လက်ငင်းမဟုတ်သော ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။

Available for sale အဖြစ်သတ်မှတ်ထားသော ဘဏ္ဍာရေးရပိုင်ခွင့်များတွင် unquoted share များ ပါဝင်ပါသည်။ သင့်တင့်သောတန်ဖိုး သေချာစွာတိုင်းတာရန်ခက်ခဲသော အဆိုပါ unquoted share များကို တန်ဖိုးကျဆင်းမှုများ နုတ်ပယ်ပြီး ကျန်ရှိသည့် မူရင်းဝယ်ဈေးဖြင့် ဖော်ပြပါသည်။

(၅) Other Non-derivative Financial Liabilities

Other Non-derivative Financial Liabilities တို့အား ကနဦးတွင် တိုက်ရိုက်ပတ်သက်နေသော ကုန်ကျစရိတ်များ နုတ်ပယ်၍ သင့်တင့်သောတန်ဖိုး အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။ နောက်ပိုင်းကာလများတွင် Amortized cost method ဖြင့် တိုင်းတာ ဖော်ပြပါသည်။ ဘဏ်တွင် သင့်တင့်သောတန်ဖိုးကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည့် ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ မရှိပါ။ Amortized cost ဖြင့် သတ်မှတ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များတွင် အများပြည်သူများ၏ အပ်နှံငွေများနှင့် ဘဏ်များမှ အပ်နှံငွေများနှင့် အခြားချေးယူငွေများ ပါဝင်ပါသည်။

(ခ) စာရင်းရေးသွင်းခြင်းနှင့် စာရင်းမှ ထုတ်ပယ်ခြင်း

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ၎င်းတို့အား စတင်ဖြစ်ပေါ်ချိန်၌ရှိသော သင့်တင့်သော တန်ဖိုးဖြင့် တိုင်းတာ၍ စာရင်းရေးသွင်းပါသည်။ ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပတ်သက်၍ ၎င်းရပိုင်ခွင့် ကုန်ဆုံးသောအချိန်သို့မဟုတ် ၎င်းရပိုင်ခွင့်အား အခြားသူများထံသို့ အလုံးစုံလွှဲပြောင်းသောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များကိုမူ ပျက်ပြယ်သောအခါ သို့မဟုတ် သက်တမ်းကျော်လွန်သောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

(ဂ) ဘဏ္ဍာရေးရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ခုနှိမ်ဖော်ပြခြင်း

ဥပဒေအရ ခုနှိမ်ခွင့်ရှိခဲ့လျှင်သော်လည်းကောင်း အသားတင်ကိုသာ စာရင်းရှင်းရန် ရည်ရွယ်ချက် သို့မဟုတ် ရပိုင်ခွင့်များထုတ်ယူချိန်နှင့် ပေးရန်တာဝန်များပေးချေရမည့်အချိန် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုခုနှိမ်ပြီး အသားတင်ပမာဏကိုသာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြပါသည်။ Master netting agreement နှင့် ပတ်သက်နေသော ဘဏ္ဍာရေး စာချုပ်စာတမ်းများကိုမူ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စုစုပေါင်းအခြေခံဖြင့် ဖော်ပြပါသည်။

(ဃ) သင့်တင့်သောတန်ဖိုးကို ဆုံးဖြတ်ခြင်း

ဘဏ္ဍာရေးစာချုပ်စာတမ်းများအားလုံးကို ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းပါသည်။ ကနဦးရှိ သင့်တင့်သောတန်ဖိုးဆိုသည်မှာ ယေဘုယျအားဖြင့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ အရောင်းအဝယ်ဖြစ်သော အချိန်တွင် ပေးလိုက်ရသော သို့မဟုတ် ရရှိလိုက်သောအဖိုးစားနားဖြစ်သည်။ နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံတွင် လက်ခံကျင့်သုံးနေသော တန်ဖိုးသင့်သည့်နည်းလမ်းများအတိုင်း သင့်တင့်သောတန်ဖိုးကို သတ်မှတ်ပါသည်။

သင့်တင့်သောတန်ဖိုးမသတ်မှတ်နိုင်သော unquoted equity များကိုမူ ၎င်းတို့၏ မူရင်းတန်ဖိုးနှင့် အစီရင်ခံသော နေ့ရှိ တန်ဖိုးလျော့ကျမှုတို့အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု

(က) ချေးငွေနှင့် ကြိုတင်ပေးငွေများ

ဘဏ်၏ ချေးငွေနှင့် ကြိုတင်ပေးငွေများကို အောက်ပါစံချိန်စံညွှန်းများတစ်ခုခုနှင့် ကိုက်ညီသောအခါ တန်ဖိုးလျော့ကျမှုအဖြစ် သတ်မှတ်ပါသည်။

<u>တစ်ခုစီအကဲဖြတ်ခြင်း</u>

(၁) ချေးငွေ သို့မဟုတ် အတိုး သို့မဟုတ် နှစ်ခုစလုံးအား ပေးချေရန်စေ့ရောက်ပြီး ရက်ပေါင်း (၉၀) နှင့်အထက် ပျက်ကွက်ခြင်း

(၂) စာရင်းပိုထုတ်ချေးငွေ ပုံစံဖြင့် ငွေချေးထားပြီးရရန်ရှိသောပမာဏသည် ခွင့်ပြုထားသောပမာဏထက် ရက်ပေါင်း (၉၀) နှင့် အထက်ကျော်လွန်ခြင်း

(၃) ရရန်ရှိသောပမာဏသည် ခွင့်ပြုထားသောပမာဏထက် ရက်ပေါင်း (၉၀) မကျော်လွန်သော်လည်း သိသာထင်ရှားသော Credit Weakness များဖြစ်ပေါ်နေခြင်း ချေးငွေကို တန်ဖိုးလျော့ကျမှုဖြစ်မဖြစ် ဆုံးဖြတ်ရန် အတွက် ဘဏ်သည် ဘဏ္ဍာရေးအစီရင်ခံသောနေ့၌ တန်ဖိုးလျော့ကျနိုင်ကြောင်း အထောက်အထားများ ရှိမရှိ သုံးသပ်ပါသည်။ ထိုသို့သော -

အထောက်အထားများရှိပါက ချေးငွေအား တန်ဖိုးလျော့ကျနေသည့်ချေးငွေအဖြစ် သတ်မှတ်ပြီး အဆိုပါ တန်ဖိုးလျော့ကျမှုပမာဏ အား စာရင်းသွင်းပါသည်။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

(က) ချေးငွေနှင့် ကြိုတင်ပေးငွေများ (အဆက်)

<u>တစ်ခုစီအကဲဖြတ်ခြင်း</u> (အဆက်)

ချေးငွေများ တန်ဖိုးလျော့ကျနေသည်ဟု ဖော်ပြနေသော အထောက်အထားများတွင် အောက်ပါတို့ ပါဝင်ပါသည်။

(၁) ငွေချေးယူသူသည် သိသာစွာ ဘဏ္ဍာရေး အခြေအနေ အခက်အခဲ ဖြစ်ပေါ်နေခြင်း

(၂) စာချုပ်ပါ သဘောတူညီချက်များအား ချိုးဖောက်ခြင်း၊ လိုက်နာရန် ပျက်ကွက်နေခြင်း

(၃) ငွေချေးယူသူသည် လူမွဲစာရင်းခံယူရန် အလားအလာ ရှိနေခြင်း

(၄) ငွေချေးယူသူ၏ စီးပွားရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်သည့် အခြေအနေ မရှိခြင်းနှင့်

(၅) ငွေချေးယူသူများ၏ ပြန်လည်ပေးသွင်းနိုင်မည့် အခြေအနေများကို ထိခိုက်စေနိုင်သည့် သတင်းများ သို့မဟုတ် စီးပွားရေး အခြေအနေများ ပြည်တွင်းတွင် ဖြစ်ပေါ်လာခြင်း

ဘဏ်သည် ချေးငွေအားလုံးအတွက် တန်ဖိုးလျော့ကျမှု ဖြစ်စေနိုင်သည့် အထောက်အထားများ ရှိမရှိ သိနိုင်ရန် ချေးငွေတစ်ခုချင်းစီအား ပထမဦးစွာ သုံးသပ်ပါသည်။ တန်ဖိုးလျော့ကျမှု ဖြစ်စေနိုင်သည့် အထောက်အထားများ ရှိပါက အနာဂါတ် ငွေစီးဆင်းမှု၏ လက်ရှိတန်ဖိုးနှင့် ချေးငွေ၏သယ်ယူလာသည့်ပမာဏတို့၏ ခြားနားချက်ကို တန်ဖိုးလျော့ကျမှုအရှုံး အဖြစ် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

ချေးငွေအား ပြန်လည်ကောက်ခံရန် မဖြစ်နိုင်တော့ပါက ချေးငွေတန်ဖိုးလျော့ကျမှုခွင့်ပြုငွေစာရင်းမှ ပယ်ဖျက်ပါသည်။ အဆိုပါချေးငွေများအား လိုအပ်သောနည်းလမ်းများဖြင့် ဆုံးရှုံးမှုများအား သတ်မှတ်ပြီးပါက ပယ်ဖျက်မှု ပြုလုပ်ပါသည်။ ယခင်စာရင်းမှ ပယ်ဖျက်ထားသောချေးငွေများ ပြန်လည်ရရှိခဲ့ပါက အရှုံးအမြတ်စာရင်းတွင် ဝင်ငွေအဖြစ် ဖော်ပြပါသည်။

<u>စုပေါင်းအကဲဖြတ်ခြင်း</u>

ဘဏ်၏ လက်ရှိ စုပေါင်းအကဲဖြတ်မှုကို စုစုပေါင်း ထုတ်ချေးထားသည့် (၂) ရာခိုင်နှုန်း၏ ချေးငွေလက်ကျန် အားလုံး အရင်းနှင့် အတိုး နှစ်ရပ်လုံး အပေါ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များ၊ လမ်းညွှန်မှုများနှင့် မူဝါဒများနှင့်အညီ ဆောင်ရွက်ပါသည်။

<u>သီးသန့်လျာထားချက်</u>

ဘဏ်သည် ချေးငွေများအပေါ် သီးသန့်လျာထားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ ရပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ပြုလုပ်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

**၃-၁၀။** ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

**(က)** ချေးငွေနှင့် ကြိုတင်ပေးငွေများ (အဆက်)

သီးသန့်လျာထားချက် (အဆက်)

| ချေးငွေအမျိုးအစား | ပျက်ကွက်သည့်ရက် | အာမခံတန်ဖိုးလျော့နည်းမှုအပေါ်တွင် လျာထားခြင်း |
|---|---|---|
| စံပြည့်သောချေးငွေများ | ရက် ၃၀ အထိ | ၀ % |
| စောင့်ကြည့်ရန်လိုသောချေးငွေ | ၃၁ ရက် မှ ရက် ၆၀ အထိ | ၅ % |
| စံမပြည့်သော ချေးငွေ | ၆၁ ရက် မှ ရက် ၉၀ အထိ | ၂၅% |
| ရရန်မသေချာသော ချေးငွေ | ၉၁ ရက်မှ ရက် ၁၈၀ အထိ | ၅၀% |
| ရလမ်းမရှိသော ချေးငွေ | ရက်ပေါင်း ၁၈၀ နောက်ပိုင်း | ၁၀၀% |

**(ခ)**ချေးငွေများအား ပြန်လည်ပြင်ဆင်ခြင်း

ချေးငွေ၏ပြန်လည်ပေးဆပ်ရေး အားနည်းချက်များဖြစ်ပေါ်နေသောအချိန်၌ ဘဏ်သည်အပေါင်ပစ္စည်းအား သိမ်းယူခြင်းထက် ငွေချေးသူနှင့် ချေးငွေအား ပြန်လည်သုံးသပ်ညှိနှိုင်းမှုများ ပြုလုပ်ပါသည်။ ထိုသို့ ပြန်လည်ညှိနှိုင်းခြင်းတွင် ချေးငွေပြန်လည်ပေးဆပ်မှု သက်တမ်းပြင်ဆင်ပေးခြင်း၊ ချေးငွေသက်တမ်း နှင့်စည်းမျဉ်းစည်းကမ်းများအား ပြန်လည်သုံးသပ်၍ ပြင်ဆင်သတ်မှတ်ခြင်း တို့ပါဝင်ပါသည်။ ထိုသို့ ချေးငွေအား ပြန်လည်ပြင်ဆင်သတ်မှတ်ရာတွင် မိမိဘဏ်မှ ထပ်မံ၍ ချေးငွေအသစ်အနေဖြင့်ချထားပေးခြင်း မဖြစ်အောင် သေချာစွာ အထူးဂရုပြုဆောင်ရွက်လျက်ရှိပါသည်။

**(ဂ)** Held to Maturity

Held to Meturity အဖြစ် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများအား အစီရင်ခံသောနေ့၌ ငွေသားစီးဆင်းမှုကို ထိခိုက်စေနိုင်သည့် တန်ဖိုးလျော့ကျမှုဖြစ်စေသော အထောက်အထားများ ရှိမရှိကို စိစစ်သုံးသပ်ပါသည်။အဆိုပါ အထောက်အထားများရှိပါက ဝယ်ယူခဲ့စဉ်၌ ကုန်ကျခဲ့သောကုန်ကျစရိတ်နှင့် ယခင်ကျခံထားသော တန်ဖိုးလျော့ကျမှုအရှုံးအား နှုတ်ပယ်၍ရရှိသည့် အနာဂတ်ငွေသားစီးဆင်းမှု၏လက်ရှိတန်ဖိုးတို့၏ ခြားနားချက်ကို တန်ဖိုးလျော့ကျမှုအရှုံးအဖြစ် စာရင်းရေးသွင်းပါသည်။ အကယ်၍ နောက်ဆက်တွဲကာလတွင် တန်ဖိုးလျော့ကျမှုအရှုံးသည် လျော့ကျသွား၍ ၎င်းလျော့ကျသွားခြင်းသည် တန်ဖိုးလျော့ကျမှုအရှုံးကျခံပြီးမှ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါက ၎င်းလျော့ကျမှုအား အရှုံးအမြတ်စာရင်းတွင် ပြန်လည်စာရင်းညှိနှိုင်း ထည့်သွင်းပါသည်။

**(ဃ)**Available for Sale (AFS)

AFS အဖြစ်သတ်မှတ်ထားသော Equity Investment များအတွက် တန်ဖိုးလျော့ကျမှု ဖြစ်သော အထောက်အထားများတွင် အဆိုပါ Investment ၏ သင့်တင့်သောတန်ဖိုးသည် ၎င်းအား ဝယ်ယူကုန်ကျစရိတ်ထက် သိသာစွာကျဆင်းနေခြင်း၊ Active Market ပျောက်ကွယ်ခြင်း၊ Issuer (or) Obligor များသည် ဘဏ္ဍာရေး အခက်အခဲများ သိသာစွာဖြစ်ပေါ်နေခြင်းများ ပါဝင်ပါသည်။ AFS တစ်ခု တန်ဖိုးလျော့ကျမှု ဖြစ်ပေါ်သောအခါ အဆိုပါ AFS ၏ သင့်တင့်သောတန်ဖိုးမှ တန်ဖိုးလျော့ကျမှုအရှုံးအား နုတ်ပယ်ပြီး မူလဝယ်ယူကုန်ကျစရိတ်နှင့် ခြားနားသောပမာဏအား Equity Investment ရပိုင်ခွင့်မှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲ၍ စရိတ်အဖြစ် ကျခံပါသည်။



မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

**၃-၁၀။** ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

**(ဃ)**Available for Sale (AFS)

Equity Investment AFS များ၏ နောက်ဆက်တွဲ ကာလတွင် သင့်တင့်သောတန်ဖိုး တိုးတက်လာသောအခါ အခြားအလုံးစုံဝင်ငွေရှင်းတမ်းတွင် စာရင်းသွင်းဖော်ပြပြီး ယခင်က အရှုံးအမြတ်စာရင်းတွင် ရေးသွင်းခဲ့သည့် တန်ဖိုးလျော့ကျမှုအရှုံးများကို ပြန်လည်စာရင်းညှိနှိုင်းမှု ပြုလုပ်ခြင်းမရှိပါ။ သို့ရာတွင် Debt Investment များဖြစ်ခဲ့ပါက ပြန်လည်စာရင်းညှိနှိုင်းမှု ပြုလုပ်ပါသည်။

**၃-၁၁။** ငွေနှင့် ဘဏ်လက်ကျန်

ငွေနှင့် ဘဏ်လက်ကျန်များတွင် ဘဏ်များတွင်ထားရှိထားသော စာရင်းရှင်အပ်ငွေ၊ လက်ဝယ်ကိုင်ဆောင်ထားသောငွေ၊ အပ်ငွေများ၊ ကာလတိုနှင့် Highly liquid investment များပါဝင်ပါသည်။ အဆိုပါ Highly liquid investment များသည် ငွေသားအဖြစ် ပြောင်းလဲရန် အလွန်လွယ်ကူပြီး တန်ဖိုးပြောင်းလဲမှုသည် သိသာထင်ရှားသည့် စွန့်စားမှုအန္တရာယ် မရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆိုလိုပါသည်။

**၃-၁၂။** ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့

ပုံသေပိုင်ပစ္စည်းအမျိုးအစားအားလုံးကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် ရေးသွင်းပါသည်။ ထိုပစ္စည်းသည် အနာဂါတ်ကာလတွင် စီးပွားရေးအကျိုးအမြတ်များ ဘဏ်သို့စီးဝင်နိုင်ခြေရှိပြီး ၎င်း၏တန်ဖိုးကို ယုံကြည်စိတ်ချစွာ တိုင်းတာနိုင်လျှင် ထိုပစ္စည်း၏ မူရင်းတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မှတ်တမ်းတင်ပါသည်။ အစားထိုးလိုက်သည့် အစိတ်အပိုင်းများအတွက် ကုန်ကျတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မသတ်မှတ်ပါ။ အခြားသော ပြုပြင်ထိန်းသိမ်း ပြင်ဆင်စရိတ်များအား အရှုံးအမြတ်စာရင်းတွင် ကျခံပါသည်။

ပုံသေပိုင်ပစ္စည်းများနှင့် စက်ကိရိယာအမျိုးအစားတစ်ခု၏ အရေးပါသော အစိတ်အပိုင်းများ၏ အသုံးဝင်သက်တမ်း မတူညီသည့် အခါ ၎င်းတို့အား သီးခြားစီ စာရင်းမှတ်တမ်းတင်ပါသည်။

ဘိုးဘွားပိုင်မြေမှလွဲ၍ အခြားပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့ (Depreciation) နှင့် တန်ဖိုးလျော့ကျမှုအရှုံး (Impairment Loss) (ရှိပါက) နုတ်၍ ဖော်ပြပါသည်။

ဘိုးဘွားပိုင်မြေ၏သက်တမ်းမှာ အကန့်အသတ်မရှိသည့်အတွက် ၎င်းအားတန်ဖိုးလျော့ တွက်ချက်နုတ်ပယ်ခြင်း မပြုလုပ်ပါ။

ပုံသေပိုင်ပစ္စည်းများအား ကြွင်းကျန်တန်ဖိုးနုတ်ပြီး ကျန်ရှိသည့် တန်ဖိုးအပေါ်တွင် မျဉ်းဖြောင့်နည်း (Straight Line basis) ဖြင့် အောက်ဖော်ပြပါ အသုံးဝင်သက်တမ်းများအတိုင်း တန်ဖိုးလျော့တွက်ချက်ပါသည်။

| | အသုံးဝင်သက်တမ်း |
|---|---|
| အဆောက်အဦး | ၄၀-၈၀ |
| ငှားရမ်းအဆောက်အဦးပြင်ဆင်မှု | ၅-၁၀ |
| မော်တော်ယာဉ် | ၈ |
| ပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာ | ၅-၂၀ |
| စက်နှင့် စက်ကိရိယာ | ၁၆ |

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၂။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့ (အဆက်)

ပုံသေပိုင်ပစ္စည်းများအား ၎င်းတို့၏ သယ်ယူလာသည့်တန်ဖိုးသည် ပြန်လည်ရရှိနိုင်သည့်တန်ဖိုးထက် နည်းနေသည်ဟု ယူဆရသော အခြေအနေများရှိလာပါက ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ စာရင်းမှတ်စု (၃-၁၅) တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်ပါသည်။

ကြွင်းကျန်တန်ဖိုးများကို အသုံးဝင် သက်တမ်း နှင့် တန်ဖိုးလျော့နည်းကို ဘဏ္ဍာရေးနှစ်ကုန်တွင် ဆက်စပ်၍ ညှိနှိုင်းသည်။

ကြွင်းကျန်တန်ဖိုးများအား ရောင်းချလျှင်သော်လည်းကောင်း သို့မဟုတ် ၎င်းကို အသုံးပြုခြင်းမှ အနာဂတ်စီးပွားရေး အကျိုးအမြတ် များ မရရှိနိုင်လျှင်သော်လည်းကောင်း ၎င်းတို့ကိုစာရင်းမှ ပယ်ဖျက်ပါသည်။ ထိုသို့ ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်ခြင်းမှ ရရှိလာသော အမြတ် သို့မဟုတ် အရှုံးကို ပုံသေပိုင်ပစ္စည်း ပယ်ဖျက်သောနှစ်ရှိ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

၃-၁၃။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း

ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများနှင့်ပတ်သက်၍ ကနဦးတွင် ၎င်းတို့ကို မူရင်းတန်ဖိုးဖြင့် စာရင်းထည့်သွင်းတင်ပြပါသည်။ နောက်ပိုင်းကာလများတွင် မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးလျော့ကျမှုအရှုံး (ရှိခဲ့ပါက) နုတ်၍ ဖော်ပြပါသည်။ အသုံးဝင်သက်တမ်း သတ်မှတ်နိုင်သော ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများကို မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပြီး စာရင်းလျော့ကျမှု (တန်ဖိုးလျော့ကျမှုအရှုံး) အခြေအနေရှိပါက တန်ဖိုးလျော့ကျမှု ညှိနှိုင်းဖော်ပြပါသည်။ တန်ဖိုးလျော့ကျမှုကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းကျခံပါသည်။ အသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းလမ်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ပါသည်။ Software လိုင်စင်နှင့် သုံးစွဲခွင့်များ၏ ခန့်မှန်းအသုံးဝင် သက်တမ်း အား (၁၀)နှစ် အဖြစ် သတ်မှတ်ပြီး အဆိုပါ အချိန်ကာလအတွင်း တန်ဖိုးလျော့ပါသည်။

၃-၁၄ ။Foreclosed Properties

Foreclosed Properties များမှာ အကြွေးရယူလိုမှုကြောင့် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ သိမ်းယူထားသော ပစ္စည်းများဖြစ်ပြီး သင့်တင့်သောဈေးနှုန်းနှင့် မူရင်းတန်ဖိုးအနက် နည်းရာတန်ဖိုးဖြင့် ဖော်ပြပါသည်။

၃-၁၅ ။ Non-financial Asset များတန်ဖိုးလျော့ကျခြင်း

ပုံသေပိုင်ပစ္စည်း၊ Investment properties နှင့် Foreclosed Properties ကဲ့သို့သော ဘဏ္ဍာရေးမဟုတ်သော ရပိုင်ခွင့်များအား နှစ်စဉ်သော်လည်းကောင်း၊ သယ်ယူလာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထက် များနေသော အခြေအနေရှိလျှင်သော်လည်းကောင်း တန်ဖိုးလျော့ကျမှု ရှိမရှိ ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါ အခြေအနေတည်ရှိပါက သယ်ယူလာသည့်ပမာဏမှ ပြန်ရနိုင်မည့်တန်ဖိုး ရောက်သည်အထိ လျော့ချမှု ပြုလုပ်ပါသည်။ ပြန်လည်ရရှိနိုင်မည့်တန်ဖိုးဆိုသည်မှာ အသုံးဝင်တန်ဖိုး (value-in-use) နှင့်စရိတ်များ နှုတ်ဖယ်ထားသည့် သင့်တင့်သော တန်ဖိုးတို့အနက် များသောပမာဏဖြစ်သည်။ သယ်ယူလာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထက် များနေပါက တန်ဖိုးလျော့ကျမှုအဖြစ် စာရင်းသွင်းပါသည်။

၃-၁၆။ အစုရှယ်ယာရင်းနှီးငွေနှင့် အစုရှယ်ယာထုတ်ဝေမှုကုန်ကျစရိတ်များ

မတည်ရင်းနှီးငွေဟုဆိုရာတွင် ပေးရန်တာဝန်များနှုတ်ဖယ်ပြီး ကျန်ရှိသောဘဏ်၏ ရပိုင်ခွင့်ပမာဏကို ဆိုလိုပါသည်။ သာမန် အစုရှယ်ယာများအားလုံးကို မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်ပါသည်။ သာမန်အစုရှယ်ယာများတန်ဖိုးအား ၎င်းရှယ်ယာများ ထုတ်ဝေခဲ့စဉ်က တိုက်ရိုက်ကုန်ကျခဲ့သောစရိတ်များကို နှုတ်ဖယ်၍ အသားတင်ရရှိသော ပမာဏကို



မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၆။ အစုရှယ်ယာရင်းနှီးငွေနှင့် အစုရှယ်ယာထုတ်ဝေမှုကုန်ကျစရိတ်များ (အဆက်)

စာရင်းရေးသွင်းဖော်ပြသည်။ သာမန်အစုရှယ်ယာများအပေါ် အမြတ်ဝေစုများကိုလည်း ထုတ်ဝေကြေငြာသည့်ကာလတွင် အစုဝင်များ၏ ပိုင်ဆိုင်မှုအဖြစ် ဖော်ပြပါသည်။

၃-၁၇။ အခြားပေးရန်တာဝန်များ

အခြားပေးရန်တာဝန်များတွင် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဘဏ်မှရယူခဲ့သောဝန်ဆောင်မှုများအပေါ် ပေးချေမှုမပြုရသေးသော ပေးရန်တာဝန်များပါဝင်ပါသည်။ (၁) နှစ် နှင့် (၁) နှစ် အောက် ကာလအတွင်း ပေးချေရမည့် ပေးရန်တာဝန်များ၊ ပုံမှန်လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်သောပေးရန်တာဝန်များကို ကာလတိုပေးရန်တာဝန်များအဖြစ် သတ်မှတ်ပါသည်။

သို့မဟုတ်ပါက ကာလရှည် ပေးရန်တာဝန်အဖြစ် သတ်မှတ်ပါသည်။ အခြားပေးရန်တာဝန်များကို ကနဦးတွင် ကာလတန်ဖိုး (သင့်တင့်သောတန်ဖိုး) နှင့် သတ်မှတ်ပြီး နောက်ပိုင်းတွင် ကုန်ကျစရိတ်ဖြင့် တွက်ချက်ပါသည်။

၃-၁၈။ ချေးယူငွေများ

(၁၂)လ အတွင်း ပေးချေရန်တာဝန်ရှိသော ချေးယူငွေများကို ကာလတိုချေးယူငွေများအဖြစ် သတ်မှတ်ပြီး (၁၂)လ ကျော်မှ ပေးရန်ရှိသောချေးယူငွေများကို ကာလရှည်ချေးယူငွေအဖြစ် ဖော်ပြပါသည်။ ချေးယူငွေများအား ကနဦးတွင် ကာလပေါက်ဈေး (သင့်တင့်သောတန်ဖိုး)ဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းကာလများတွင် Amortized cost ဖြင့် တွက်ချက်ပါသည်။ ချေးငွေရယူချိန်၌ ရရှိသောပမာဏနှင့် ပြန်လည်ပေးဆပ်ချိန်၌ ပေးချေရမည့်ပမာဏတို့ ကွာခြားမှုရှိပါက Effective Interest Method ကို အသုံးပြု၍ ချေးယူငွေကာလတစ်လျှောက် အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

၃-၁၉။ လျာထားချက်များ

ဘဏ်အနေဖြင့် အတိတ်ကာလဖြစ်စဉ်နှင့်ပတ်သတ်၍ ဥပဒေအရ၊ လူမှုရေးအရ သို့မဟုတ် လုပ်ငန်းမှသတ်မှတ်ထားသော စည်းမျဉ်းများအရ လက်ရှိကာလတွင် ပေးရန်တာဝန်များရှိခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်များအား ပေးချေရန် အတွက် လုပ်ငန်း၏အင်အားစုများ စီးထွက်ခြင်း (Outflow of resources) ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်ရှိသော ငွေပမာဏအား ယုံကြည်စိတ်ချစွာတွက်ချက်နိုင်သည့် အခြေအနေတွင်သော်လည်းကောင်း လျာထားစရိတ် (Provision) အဖြစ်သတ်မှတ်ပါသည်။ လျာထားချက်များကို လက်ရှိ အကောင်းဆုံးခန့်မှန်းမှုအား ထင်ဟပ်စေရန်အတွက် နှစ်စဉ်သုံးသပ်၍ စာရင်းညှိနှိုင်းမှုများ ပြုလုပ်ပါသည်။ ၎င်းလျာထားချက်အား ပေးချေရန် မလိုအပ်တော့ပါက ယခင်စာရင်းရေးသွင်းချက်အား ပြောင်းပြန်ပြန်သွင်းပါသည်။ အချိန်အခါအရ ငွေကြေးဈေးနှုန်း ပြောင်းလဲမှုမြင့်မားပါက ၎င်းလျာထားချက်အား Pre-tax rate ဖြင့်တန်ဘိုးလျှော့မှု ပြုလုပ်ပါသည်။ ထို့သို့တွက်ချက်မှုဖြင့် ဖြစ်ပေါ်လာသောအရှုံးအား Finance cost အဖြစ်ကျခံ စာရင်းသွင်းပါသည်။

၃-၂၀။ Contingent Liabilities

ဘဏ်၏အကျိုးစီးပွား တစ်စုံတစ်ရာစီးထွက်နိုင်သည့် အနေအထားရှိရန် မသေချာခြင်း၊ ပေးချေရမည့်ပမာဏအား သေချာစွာမသိရှိနိုင်ခြင်း၊ Obligation မရှိခြင်း စသည်တို့ ဖြစ်ပေါ်ပါက ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စာရင်းမထည့်သွင်းဘဲ ပေးကောင်းပေးရနိုင်သော ပေးရန်တာဝန် (Contingent Liabilities) အဖြစ် စာရင်းမှတ်စုတွင် ဖော်ပြပါသည်။ Contingent Liabilities နှင့် Assets များအား ယခင်နှစ်သာမက ယခုနှစ်၏ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းများတွင် စာရင်းရေးသွင်းဖော်ပြခြင်း မရှိပါ။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၂၁။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ၊ တစ်ဦးတစ်ယောက်မှ ထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း (ဤတွင် မိခင်ကုမ္ပဏီများ၊ လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စက်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း(သို့မဟုတ်) မိခင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသော မိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ (ဃ) သို့မဟုတ် (င)တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရ မဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်သော ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့် အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

၃-၂၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း (သင့်တင့်သောဈေးနှုန်းသတ်မှတ်ခြင်း)

သင့်တင့်သောတန်ဖိုးဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင်ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခုအား ရောင်းချရာတွင် ရရှိမည့် သို့မဟုတ် ပေးရန်တာဝန်တစ်ခု လွှဲပြောင်းရာတွင် ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။

သင့်တင့်သောတန်ဖိုး သတ်မှတ်ခြင်း ပြုလုပ်ရာ၌ ရပိုင်ခွင့်များ ရောင်းချခြင်း နှင့် ပေးရန်တာဝန် လွှဲပြောင်းခြင်းတို့သည် အဓိကဈေးကွက် သို့မဟုတ် အားသာသည့်ဈေးကွက်တို့တွင် ဖြစ်ပေါ်သည်ဟု ယူဆချက်အပေါ်အခြေခံ၍ တွက်ချက်ပါသည်။ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အား သင့်တင့်သောဈေးနှုန်း သတ်မှတ်ရာတွင် ဈေးကွက်၌ ပါဝင်သူများသည် အဆိုပါ ရပိုင်ခွင့်၊ ပေးရန်တာဝန်တို့နှင့် ပတ်သက်၍ ၎င်းတို့၏ အကျိုးစီးပွား အကောင်းဆုံးရရှိရန်အတွက် သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်ဟူသောယူဆချက်ဖြင့် တိုင်းတာဖော်ပြပါသည်။ သင့်တင့်သောတန်ဖိုး သတ်မှတ်ရာတွင် အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သော၊ လုံလောက်သော အချက်အလက် ရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုပါသည်။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၂၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း (သင့်တင့်သောဈေးနှုန်းသတ်မှတ်ခြင်း) (အဆက်)

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ သင့်တင့်သောတန်ဖိုးကို ၎င်းတို့အား တန်ဖိုးသတ်မှတ်ဖော်ပြရာတွင် သိသာထင်ရှားပြီး အနည်းဆုံးအချက်အလက်အပေါ်အခြေခံ၍ အမျိုးအစားနှင့် အဆင့်ကို ဖော်ပြပါသည်။ အစဉ်ဖြစ်ပေါ်နေသည့် အခြေခံဖြင့် စာရင်း ထည့်သွင်းသော ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအတွက် နှစ်ကုန်ဆုံးချိန်၌ အမျိုးအစားခွဲခြားမှုအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် အဆင့်များ ပြောင်းလဲမှု ရှိမရှိ သုံးသပ်ပါသည်။

၄။ Significant Accounting judgements, estimates and assumptions

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ဝင်ငွေ၊စရိတ်၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၊ Contingent Liabilities များအား ထုတ်ဖော်ချက်များနှင့် ပတ်သက်၍ စီမံအုပ်ချုပ်သူများမှ ဆုံးဖြတ်ချင့်ချိန်မှုများနှင့် ယူဆချက်များ ပြုလုပ်ကြပါသည်။ ထိုယူဆချက်များနှင့် ခန့်မှန်းမှုများတွင် မသေချာမှုများရှိခြင်းကြောင့် အနာဂတ်ကာလတွင် သယ်ယူလာသည့် ရပိုင်ခွင့် သို့မဟုတ် ပေးရန်တာဝန်များမှ အရေးပါသောညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။ စာရင်းမူဝါဒများအား လိုက်နာကျင့်သုံးရာ၌ အောက်ဖော်ပြပါ ချင့်ချိန်မှုများကို ပြုလုပ်ပါသည်။

၄-၁။ Credit Exposures တန်ဖိုးလျော့ကျမှု

ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ သိသာထင်ရှားသော ချေးငွေများအား ပြန်လည်ဆန်းစစ်မှု ပြုလုပ်ပါသည်။ တန်ဖိုးလျော့ကျမှုများ ရှိမရှိ ချင့်ချိန်ပြုလုပ်ပါသည်။ အဖွဲ့လိုက်ဖြစ်စေ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ ငွေချေးသူများမှ ပြန်လည်ပေးဆပ်နိုင်မှုများ မပြုလုပ်နိုင်သည့် အခြေအနေများ ရှိမရှိ သုံးသပ်ပါသည်။ ရုံးတွင်းချမှတ်ထားသော မူဝါဒများနှင့်အညီ တန်ဖိုးလျှော့ချမှုများ ပြုလုပ်ပါသည်။

Credit Exposures တန်ဖိုးလျော့ကျမှုအား သတ်မှတ်ရာတွင် အနာဂတ် ငွေသားစီးဆင်းမှု၏ အချိန်နှင့် ပမာဏများအပေါ် စီမံခန့်ခွဲသူများမှ ခန့်မှန်းရာ၌ ချင့်ချိန်မှုများ ပြုလုပ်ရန် လိုအပ်သည်။ ဤငွေသားစီးဆင်းမှုများအား ခန့်မှန်းရာ၌ ဘဏ်သည် ငွေချေးယူသူများ၏ ဘဏ္ဍာရေးအခြေအနေနှင့် အာမခံအစုစည်းများ၏ ပြန်ရောင်းရမည့် အသားတင်တန်ဖိုးတို့အား ချင့်ချိန်ပါသည်။ ကိန်းဂဏန်း အချက်အလက်များအပေါ်တွင် ယူဆထားခြင်းဖြစ်ပြီး အမှန်တကယ်ဖြစ်ပေါ်လာမည့် အခြေအနေနှင့် ကွာခြားနိုင်သလို တန်ဖိုးလျော့ကျမှုများလည်း ပြောင်းလဲနိုင်ပါသည်။

၄-၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း

သင့်တင့်သောတန်ဖိုး ဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင် ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခုအား ရောင်းချရာတွင် ရရှိမည့် သို့မဟုတ် ပေးရန်တာဝန်တစ်ခုကို လွှဲပြောင်းရာတွင်ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် ဘဏ်သည် ရောင်းဝယ်နေသည့် ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများကို ရည်ညွှန်း၍ သုံးသပ်ပါသည်။ Credit risk များကိုလည်း သင့်လျော်သလိုထည့်သွင်းစဉ်းစားပါသည်။ ရောင်းဝယ်နေသောဈေးကွက် မရှိပါက ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင်ရှိသော ဈေးကွက်အခြေအနေပေါ် မူတည်၍ လက်တကမ်းတွင် အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်း၊ discounted cash flow analysis နှင့် အခြားတန်ဖိုးသင့်နည်းလမ်းတို့ကို အသုံးပြုပါသည်။ ဤသို့အားဖြင့် အကောင်းမွန်ဆုံးဖြစ်သည့် သင့်တင့်သောတန်ဖိုးအား သတ်မှတ်ဆုံးဖြတ်ပါသည်။

## ၄။ Significant Accounting judgements, estimates and assumptions (အဆက်)

### ၄-၃။ ပုံသေပိုင်ပစ္စည်းများအား တန်ဖိုးလျော့ခြင်း

ပုံသေပိုင်ပစ္စည်း၏ အသုံးဝင်သက်တမ်းပေါ်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပါသည်။ ပုံသေပိုင်ပစ္စည်းများ၏ သက်တမ်းကို (၅) နှစ် မှ နှစ် (၈၀) အတွင်း ခန့်မှန်းသတ်မှတ်ထားပါသည်။ နည်းပညာ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများကြောင့် အသုံးဝင်သက်တမ်းနှင့် လက်ကျန်တန်ဖိုးများ ပြောင်းလဲနိုင်သလို အနာဂတ် တန်ဖိုးလျော့ပမာဏများလည်း ပြောင်းလဲနိုင်ပါသည်။

### ၄-၄။ ရွှေ့ဆိုင်းနှင့်လက်ငင်းဝင်ငွေခွန်

ဝင်ငွေခွန်ကျသင့်မှုများသည် ကနဦး ခန့်မှန်းချက်များနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။ ဘဏ်သည် တည်ဆဲ အခွန်ဥပဒေများအပေါ် နားလည်သည့်အတိုင်းနှင့် သာမန်လုပ်ငန်းလုပ်ဆောင်မှုများအရ အခွန်ကျသင့်နိုင်သည်များကို ခန့်မှန်းမှုများအရ ဝင်ငွေခွန် ပေးရန်တာဝန်များကို စာရင်းထည့်သွင်းပါသည်။ ထိုသို့ မူလခန့်မှန်းထားသည်များနှင့် နောက်ဆုံးစည်းကြပ်ထွက်ရှိလာသည့် ကျသင့်သောအခွန်တို့အကြား ကွာခြားမှုရှိသောအခါ လက်ငင်းဝင်ငွေခွန်နှင့် ရွှေ့ဆိုင်းဝင်ငွေခွန်များကို နှစ်အတွင်းလျာထားမှုကို ထိခိုက်နိုင်ပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်များကို ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အခွန်ဥပဒေများအရ အခြေခံသည့်ပမာဏများနှင့် ကွဲလွဲသည့်အပေါ် ပေးရန်တာဝန်တွက်ချက်သည့်နည်းလမ်းဖြင့် အပြည့်လျာထားပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်ရပိုင်ခွင့်များကို ယာယီကွဲလွဲမှုများ သို့မဟုတ် အသုံးမပြုရသေးသည့် အခွန်ဥပဒေအရ အရှုံးများကို အသုံးပြုပြီး အနာဂတ်အခွန်ကျသင့်သည့် အမြတ်မှနုတ်ပယ်ရန် လုံလောက်သည့် ပမာဏအထိ ထည့်သွင်းတင်ပြပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို စာရင်းချေမှု ပြုလုပ်ရာတွင် ဥပဒေအရစာရင်းချေခွင့်ရှိပြီး အဆိုပါရွှေ့ဆိုင်းဝင်ငွေခွန်များ တူညီသောအခွန်အာဏာပိုင်နှင့် သက်ဆိုင်မှသာ ပြုလုပ်ပါသည်။

### ၄-၅။ ဘဏ္ဍာရေးမဟုတ်သောရပိုင်ခွင့်များ၏တန်ဘိုးလျော့ကျမှု

ရပိုင်ခွင့်တစ်ခု၏ ပြန်လည်ရရှိနိုင်သောပမာဏကို အဆိုပါရပိုင်ခွင့်အား ခွဲဝေသတ်မှတ်ထားသော ငွေကြေးလုပ်ဆောင်သည့်ယူနစ်၏ အသုံးဝင်တန်ဖိုးပေါ်တွင်အခြေခံ၍သတ်မှတ်ရာတွင် စီမံခန့်ခွဲသူများသည် ငွေကြေးလုပ်ဆောင်သည့်ယူနစ်၏ မျှော်မှန်းအနာဂတ်ငွေကြေးစီးဆင်းမှုကို ခန့်မှန်းမှုပြုလုပ်နိုင်ရန်နှင့် အဆိုပါ ငွေကြေးစီးဆင်းမှု၏ လက်ရှိတန်ဖိုးကို သတ်မှတ်ရန်အတွက် သင့်လျော်သောလျော့နှုန်းကို သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း

ဘဏ်၏ စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေးစာချုပ်စာတမ်းများကို အသုံးပြုလုပ်ဆောင်မှုများ ပါဝင်သည်။ အဆိုပါလုပ်ဆောင်မှုများသည် ကြွေးမြီဆုံးရှုံးနိုင်ခြေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအန္တရာယ်၊ အတိုးနှုန်းအန္တရာယ်နှင့် ငွေဖြစ်လွယ်မှုအန္တရာယ်ကဲ့သို့သော အမျိုးမျိုးသောဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေတို့ကို ဖြစ်ပေါ်စေပါသည်။

စီမံအုပ်ချုပ်မှုကော်မတီများသည် ဒါရိုက်တာအဖွဲ့မှ လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာဘောင်အတွင်းမှ ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါစီမံအုပ်ချုပ်မှုကော်မတီများသည် တွက်ချက်သတ်မှတ်ခြင်း၊ စီစစ်ခြင်းနှင့် မူဝါဒများချမှတ်ခြင်းများကို လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့၏ သက်ဆိုင်ရာကြီးကြပ်မှုများအောက်တွင် အဆိုပါဆုံးရှုံးနိုင်ခြေတို့ကို စောင့်ကြည့်ခြင်းနှင့် စီမံခန့်ခွဲခြင်းများကို လုပ်ဆောင်ပါသည်။ အဆိုပါကော်မတီများမှချမှတ်ထားသော အဓိကကျသည့်မူဝါဒအဆိုပြုချက်များနှင့် ဆုံးဖြတ်ချက်များအား ဒါရိုက်တာအဖွဲ့မှ စီစစ်သုံးသပ်ပါသည်။ ဘဏ်အနေဖြင့် မြင်သာထင်သာရှိပြီး စီမံခန့်ခွဲနေသော အဓိကကျသည့် ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေတို့ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။





## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### ၅-၁။ အတိုးနှုန်းအန္တရာယ်

အတိုးနှုန်းအန္တရာယ်ဆိုသည်မှာ ဈေးကွက်အတွင်း အတိုးနှုန်းပြောင်းလဲမှုကြောင့် အနာဂတ်တွင် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်း များ၏ ငွေကြေးစီးဆင်းမှု အတက်အကျဖြစ်ခြင်းကို ဆိုလိုပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ်မှထိတွေ့နေသည့် အတိုးနှုန်းအန္တရာယ်များကို အောက်ပါ ဇယားဖြင့် အကျဉ်းချုပ် တင်ပြပါသည်။ ဇယားတွင် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ၏ အစီရင်ခံသည့်ရက်နေ့နှင့် ဈေးနှုန်းပြန်လည်သတ်မှတ်သောအချိန် သို့မဟုတ် စေ့ရောက်သောအချိန်တို့အနက် စောရာကာလရှိ အကျိုးသက်ရောက်သောအတိုးနှုန်းများအရ ဖော်ညွှန်းထားပါသည်။

| | ၁လ အတွင်း | ၁လ မှ ၃လ အတွင်း | ၃လ မှ ၁၂လ အတွင်း | ၁နှစ် အထက် | စုစုပေါင်းအတိုး ထိခိုက်နိုင်မှု | အတိုးနှုန်း မထိခိုက်နိုင်သော ပမာဏ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) | (ကျပ်သန်း ပေါင်း) |
| **၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်** | | | | | | | |
| **ရပိုင်ခွင့်များ** | | | | | | | |
| ငွေလက်ကျန် | - | | | | | ၁၃၇,၅၄၆.၉၉ | ၁၃၇,၅၄၆.၉၉ |
| ဘဏ်အချင်းချင်းကြားထားရှိသောငွေလက်ကျန်များ | ၂၈,၃၁၅.၂၈ | ၁၀,၀၀၀.၀၀ | ၁,၂၀၀.၀၀ | - | ၃၉,၅၁၅.၂၈ | ၂၈,၄၀၄.၃၄ | ၆၇,၉၁၉.၆၂ |
| အစိုးရငွေတိုက်လက်မှတ်များနှင့် ငွေကြေးဆိုင်ရာစာချုပ်များ | - | ၁၈,၀၈၄.၉၅ | ၁၁,၉၆၄.၂၆ | ၄၃.၄၂၃.၄၅ | ၇၃,၄၇၂.၆၅ | - | ၇၃,၄၇၂.၆၅ |
| ချေးငွေလက်ကျန် | | | | | | | |
| - တန်ဖိုးမကျခြင်း | ၆၇,၅၉၉.၂၉ | ၈၃,၅၄၆.၇၄ | ၂၅၉,၇၉၈.၀၆ | ၃၃၃,၀၁၉.၇၁ | ၇၄၃,၉၆၃.၈၀ | ၁၄,၄၆၄.၃၅ | ၇၅၈,၄၂၈.၁၅ |
| - တန်ဖိုးကျခြင်း * | ၃,၁၁၉.၉၃ | - | - | - | ၃,၁၁၉.၉၃ | ၃၂၆.၁၃ | ၃,၄၄၆.၀၆ |
| ရင်းနှီးမြှုပ်နှံမှုများ | - | - | - | - | - | ၃၃၁.၀၀ | ၃၃၁.၀၀ |
| ပုံသေပိုင်ပစ္စည်းများ | - | - | - | - | - | ၂၀,၅၄၁.၅၈ | ၂၀,၅၄၁.၅၈ |
| ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ | - | - | - | - | - | ၃,၇၀၉.၅၁ | ၃,၇၀၉.၅၁ |
| အခြားရပိုင်ခွင့်များ | - | - | - | - | - | ၆၅,၈၁၇.၈၉ | ၆၅,၈၁၇.၈၉ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ၉၉,၀၃၄.၅၀ | ၁၁၁,၆၃၁.၆၉ | ၂၇၂,၉၆၂.၃၂ | ၃၇၆,၄၄၃.၁၆ | ၈၆၀,၀၇၁.၆၆ | ၂၇၂,၁၄၁.၇၉ | ၁,၁၃၂,၂၁၃.၄၅ |
| **ပေးရန်တာဝန်များ** | | | | | | | |
| ချေးယူငွေများ | ၁၀,၀၀၀.၀၀ | - | - | - | ၁၀,၀၀၀.၀၀ | ၂၂,၃၃၃.၈၆ | ၃၂,၃၃၃.၈၆ |
| အပ်ငွေစာရင်း | ၆၁၅,၃၉၀.၂၇ | ၁၅၇,၀၈၉.၇၇ | ၁၂၂,၈၂၉.၅၄ | - | ၈၉၅,၃၀၉.၅၈ | ၄၆,၉၁၀.၀၂ | ၉၄၂,၂၁၉.၆၀ |
| အခြားပေးရန်တာဝန်များ | - | - | - | - | - | ၇၇,၈၈၃.၃၁ | ၇၇,၈၈၃.၃၁ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ၆၂၅,၃၉၀.၂၇ | ၁၅၇,၀၈၉.၇၇ | ၁၂၂,၈၂၉.၅၄ | - | ၉၀၅,၃၀၉.၅၈ | ၁၄၇,၁၂၈.၁၉ | ၁,၀၅၂,၄၃၇.၇၇ |
| **Total interest sensitivity gap** | (၅၂၆,၃၅၅.၇၇) | (၄၅,၄၅၈.၀၈) | ၁၅၀,၁၃၂.၇၈ | ၃၇၆,၄၄၃.၁၆ | (၄၅,၂၃၇.၉၂) | ၁၂၅,၀၀၃.၆၀ | ၇၉,၇၆၅.၆၈ |

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### ၅-၁။ အတိုးနှုန်းအန္တရာယ် (အဆက်)

| | ၁လ အတွင်း (ကျပ်သန်းပေါင်း) | ၁လ မှ ၃လ အတွင်း (ကျပ်သန်းပေါင်း) | ၃လ မှ ၁၂လ အတွင်း (ကျပ်သန်းပေါင်း) | ၁နှစ် အထက် (ကျပ်သန်းပေါင်း) | စုစုပေါင်းအတိုး ထိခိုက်နိုင်မှု (ကျပ်သန်းပေါင်း) | အတိုးနှုန်း မထိခိုက်နိုင်သော ပမာဏ (ကျပ်သန်းပေါင်း) | စုစုပေါင်း (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|---|---|
| **၂၀၂၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်** | | | | | | | |
| ရပိုင်ခွင့်များ | | | | | | | |
| ငွေလက်ကျန် | - | - | - | - | - | ၁၅၉,၂၂၄.၆၈ | ၁၅၉,၂၂၄.၆၈ |
| ဘဏ်အချင်းချင်းကြားထားရှိသောငွေလက်ကျန်များ | ၁၈,၀၀၀.၀၀ | - | - | - | ၁၈,၀၀၀.၀၀ | ၂၈,၉၃၁.၉၉ | ၄၆,၉၃၁.၉၉ |
| အစိုးရငွေတိုက်လက်မှတ်များ နှင့် ငွေကြေးဆိုင်ရာ စာချုပ်များ | ၂,၀၀၀.၀၀ | ၄,၄၇၇.၂၅ | ၆,၂၄၆.၅၅ | ၆၈,၉၆၉.၂၁ | ၈၁,၆၉၂.၀၁ | - | ၈၁,၆၉၂.၀၁ |
| **ချေးငွေလက်ကျန်** | | | | | | | |
| - တန်ဖိုးမကျခြင်း | ၅၂,၀၃၄.၃၇ | ၅၆,၁၂၄.၁၆ | ၂၄၆,၁၂၃.၈၄ | ၂၅၇,၁၁၆.၇၆ | ၆၁၁,၃၉၉.၁၃ | ၉,၂၀၀.၈၁ | ၆၂၀,၅၉၉.၉၄ |
| - တန်ဖိုးကျခြင်း * | ၄,၁၈၂.၁၄ | - | ၄၁.၁၃ | ၃၂.၉၀ | ၄,၂၅၆.၁၇ | ၈၇.၄၆ | ၄,၃၄၃.၆၄ |
| ရင်းနှီးမြှုပ်နှံမှုများ | - | - | - | - | - | ၃၃၁.၀၀ | ၃၃၁.၀၀ |
| ပုံသေပိုင်ပစ္စည်းများ | | | | | | ၁၈,၆၃၆.၅၄ | ၁၈,၆၃၆.၅၄ |
| ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ | | | | | | ၃,၅၂၆.၉၂ | ၃,၅၂၆.၉၂ |
| အခြားရပိုင်ခွင့်များ | - | - | - | - | - | ၅၀,၃၃၂.၂၅ | ၅၀,၃၃၂.၂၅ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ၇၆,၂၁၆.၅၁ | ၆၀,၆၀၁.၄၁ | ၂၅၂,၄၁၀.၅၂ | ၃၂၆,၁၁၈.၈၇ | ၇၁၅,၃၄၇.၃၁ | ၂၇၀,၂၇၁.၆၅ | ၉၈၅,၆၁၈.၉၆ |
| **ပေးရန်တာဝန်များ** | | | | | | | |
| ချေးယူငွေများ | ၁,၀၀၀.၀၀ | ၄၁,၀၀၀.၀၀ | - | - | ၄၂,၀၀၀.၀၀ | ၂၃,၃၈၅.၃၆ | ၆၅,၃၈၅.၃၆ |
| အပ်ငွေစာရင်း | ၄၅၃,၉၇၅.၉၆ | ၁၆၉,၁၂၀.၁၀ | ၁၁၇,၃၈၆.၇၅ | ၀.၇၀ | ၇၄၀,၄၈၃.၅၁ | ၃၁,၇၆၆.၅၂ | ၇၇၂,၂၅၀.၀၃ |
| အခြားပေးရန်တာဝန်များ | - | - | - | - | - | ၇၀,၆၁၂.၄၁ | ၇၀,၆၁၂.၄၁ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ၄၅၄,၉၇၅.၉၆ | ၂၁၀,၁၂၀.၁၀ | ၁၁၇,၃၈၆.၇၅ | ၀.၇၀ | ၇၈၂,၄၈၃.၅၁ | ၁၂၅,၇၆၄.၂၉ | ၉၀၈,၂၄၇.၈၀ |
| **Total interest sensitivity gap** | (၃၇၈,၇၅၉.၄၅) | (၁၄၉,၅၁၈.၆၉) | ၁၃၅,၀၂၃.၇၇ | ၃၂၆,၁၁၈.၁၇ | (၆၇,၁၃၆.၂၀) | ၁၄၄,၅၀၇.၃၆ | ၇၇,၃၇၁.၁၆ |

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### ၅-၁။ အတိုးနှုန်းအန္တရာယ် (အဆက်)

Sensitivity analysis of interest rate risk

ဘဏ်၏ အခွန်လျာထားပြီး အမြတ်အပေါ် အတိုးနှုန်း ၁% အတက်အကျ ဖြစ်ပေါ်ခဲ့ပါက အကျိုးသက်ရောက်မှုကို အောက်ပါ ဇယားတွင် ဖော်ပြထား ပါသည်။

| | အခွန်နှုန်း | +၁% (ကျပ်သန်းပေါင်း) | -၁% (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် | | | |
| အခွန်မနုတ်မီ အမြတ်အပေါ် သက်ရောက်မှု | | (၄၅၂.၃၈) | ၄၅၂.၃၈ |
| အခွန်နုတ်ပြီး အမြတ်အပေါ် သက်ရောက်မှု | ၁၇% | (၃၇၅.၄၇) | ၃၇၅.၄၇ |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် | | | |
| အခွန်မနုတ်မီ အမြတ်အပေါ် သက်ရောက်မှု | | (၆၇၁.၃၆) | ၆၇၁.၃၆ |
| အခွန်နုတ်ပြီး အမြတ်အပေါ် သက်ရောက်မှု | ၁၇% | (၅၅၇.၂၃) | ၅၅၇.၂၃ |

### ၅-၂။ ကြွေးမြီအန္တရာယ် (Credit Risk)

ကြွေးမြီအန္တရာယ်ဆိုသည်မှာ ဘဏ်၏ဖောက်သည် သို့မဟုတ် အခြားအလားတူအဖွဲ့အစည်းများမှ စာချုပ်အရ ပေးရန်တာဝန်များကို ပြန်လည်ပေးဆောင်ရန်ပျက်ကွက်ခြင်းကြောင့် ဘဏ်မှရရှိလာမည့်အန္တရာယ်ကို ဆိုလိုပါသည်။ ဘဏ်သည် အဆိုပါကြွေးမြီ အန္တရာယ်များအား တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် လုပ်ငန်းများအပေါ်တွင် လက်ခံနိုင်လောက်သော ကြွေးမြီအန္တရာယ်ကန့်သတ်မှုများ ချမှတ်ခြင်း၊ အဆိုပါကန့်သတ်မှုများအား စောင့်ကြည့်ကြီးကြပ်ခြင်းများပြုလုပ်၍ စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းများ ပြုလုပ်ပါသည်။

ယခုနှစ်များအတွင်း ဘဏ်သည် ချေးငွေစံနှုန်း၊ ချေးငွေအန္တရာယ်၊ ချေးငွေအန္တရာယ် သတ်မှတ်မှုလျှော့ချမှုနှင့် ကြီးကြပ်မှုတို့ ပါဝင်သော ကြွေးမြီမူဝါဒအား ပြင်ဆင်ခဲ့ပါသည်။ အပေါင်ခံပစ္စည်းများ ပြန်လည်သတ်မှတ်ခြင်းများ အပါအဝင်ဖြစ်သော ကြွေးမြီနှင့် သင့်လျော်သည်ဟုသတ်မှတ်ထားသော သတ်မှတ်ချက်များ၏ပြောင်းလဲနိုင်ခြေတို့ကို စောလျင်စွာသိရှိနိုင်သော စိစစ်ခြင်းလုပ်ငန်းစဉ်သည် ကြွေးမြီအန္တရာယ်မှ ဖြစ်ပေါ်လာနိုင်သောဆုံးရှုံးမှုများကို ဘဏ်မှ အကဲဖြတ်နိုင်စေရန်နှင့် မှန်ကန်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်ပါသည်။

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့် အမျိုးအစားတစ်ခုချင်းစီ၏ အမြင့်ဆုံးဖော်ပြထားသော ကြွေးမြီအန္တရာယ်များကို အပေါင်ပစ္စည်းများ၏ အမှန်တန်ဖိုးများကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ အစီရင်ခံသည့် ရက်နေ့တွင်တည်ရှိသော သယ်ဆောင်တန်ဖိုးများအထိ သတ်မှတ်ထားပါသည်။

ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များ၏ အမြင့်ဆုံးသတ်မှတ်ထားသော ကြွေးမြီအန္တရာယ်သည် အဆိုပါ ရပိုင်ခွင့်များကို သယ်ယူလာသည့် တန်ဖိုးများနှင့် ညီမျှပါသည်။ ဘဏ်မှကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များအပေါ် ကြွေးမြီအန္တရာယ်ကို အောက်ပါဇယားတွင် တင်ပြပါသည်။

